


www.burmeseclassic.com
www.burmeseclassic.com

www.burmeseclassic.com

# မင်းသွေးသစ္စာ

## ကြိုးနဝင်း

သရဖီလှိုင်စာပေ
အမှတ် (၇)၊ အသောကလမ်း၊ ကျောက်မြောင်း။

www.burmeseclassic.com

www.burmeseclassic.com

BURMESE CLASSIC .com

ဒုတိယကမ္ဘာစစ်မတိုင်မီက ကြည့်မြင်တိုင်ကမ်းနားတွင် အလုပ်ကြမ်းသမား ကူလီများ၊ လူဆိုးလူမိုက်များ၏ အပန်းဖြေရာ အရက်ပုန်းဆိုင်ကလေးတစ်ဆိုင် ရှိခဲ့ဖူးလေ၏။

ထိုသူများသည် အရက်ပုန်းဆိုင်ကလေးတွင် ဆန်နှင့်ချက်သော ဦးရည်စစ်စစ်ကိုသာ သောက်သုံးရသောကြောင့် လွန်စွာသဘောကျလေ၏။

ဖွယ်ဖွယ်ရာရာနှင့် စျေးနှုန်းချိုသာသော အမြည်းများကိုလည်း လွန်စွာကြိုက်နှစ်သက်လေ၏။

တစ်ခါတစ်ရံ ငွေကြေးမပြေလည်ပါက အကြွေးသောက်သုံးခွင့်ရကြ၏။ ထို့အပြင် အခါကြီး ရက်ကြီးများ၌ ဆိုင်ရှင်ကိုယ်တိုင် ကမကထပြုပြီး လူကြမ်း၊ လူရမ်း (၅) ယောက်ကို ဗုလ္လဘာမဲဖောက်၍ သာသနာ့ဘောင်သို့ သွတ်သွင်းပေး၏။



www.burmeseclassic.com

www.burmeseclassic.com



အရက်ပုန်းဆိုင်ကလေး ဖွင့်လှစ်ခဲ့သည် သက်တမ်းတစ်လျှောက် မည်သည့်အခါမျှ ပြဿနာတစ်စုံတစ်ရာ ပေါ်ပေါက်ခြင်းမရှိသည်ကလည်း ထူးခြားမှုဖြစ်၏။

ထိုထက်ပို၍ လူကြမ်း၊ လူရမ်းကြီးများသည် ဆိုင်ရှင်၏ မျက်နှာကို စေ့စေ့မကြည့်ရဲအောင်ပင် ကြောက်ရွံ့ကြကုန်၏။

ဆိုင်ရှင်၏ အသံထွက်ပေါ်လာလျှင်ပင် လိပ်ပြာလွင့်မတတ် ထိတ်လန့်သွားကြ၏။ ဆိုင်တွင်းတစ်နေရာတွင်လည်း သွပ်ပြားဟောင်းပေါ်၌ မြေဖြူခဲနှင့် ရေးသားထားသော ဆိုင်းဘုတ်တစ်ခုကို အများမြင်သာအောင် ထောင်၍ထား၏။

"အရက်မကောင်းရင် ငါ့အပြစ်
နင်တို့မကောင်းရင် နင်တို့အပြစ်"
ဒေါ်မိုး

ဆိုင်ရှင်သည် ယောကျ်ားရင့်မာကြီးမဟုတ်ဘဲ အသက် (၄၀) ကျော်ခန့် ဒေါ်မိုးဟူသော မိန်းမကြီးတစ်ယောက်သာလျှင် ဖြစ်၏။

သို့သော် ဒေါ်မိုးသည် ယောကျ်ားကြီးတစ်ယောက်ကဲ့သို့ ရှည်လျားသောအရပ်နှင့် လိုက်ဖက်စွာ တုတ်ခိုင်သော ကိုယ်ခန္ဓာ ရှိ၏။ အသားကညို၏။

တော်ရုံယောကျ်ားတစ်ယောက်ကို ကုတ်မှဆွဲ၍ လွှင့်ပစ်





နိုင်လောက်အောင် အင်အားကြော်ရှိပြဿနာလောက် စွပ်၍ ဝတ်ဆင်ရသည့် ချည်ကြမ်းအကျီပွကြီးနှင့် အပြာရောင်၊ နှမ်းနှံစပ် ချည်ကြမ်းလုံချည်ကိုသာ အစဉ်ဝတ်ဆင်တတ်၏။

လုံချည်မြဲစေရန် သားရေခါးပတ်ပြားကြီးကိုလည်း ပတ်၍ထား၏။ ဒေါ်မိုး၏ ပါးစောင်တွင်မူ ကွမ်းတစ်ယာက အမြဲလိုရှိနေတတ်၏။

ကွမ်းကို ပလုပ်ပလောင်းစား၍ ပေါ်လာသော စကားသံသြသြကြီးကို ကြားရသူတိုင်း မည်သည့်အကြောင်းမှန်းမသိ ကြက်သီးထသွားတတ်သည်ချည်း ဖြစ်၏။

သို့သော် ဒေါ်မိုး၏မျက်နှာမှာ ခက်ထန်တင်းမာခြင်းမရှိဘဲ အစဉ်ပြုံးချိုနေတတ်၏။ သူမ၏ လှုပ်ရှားမှုက လူငယ်တစ်ယောက်လို သွက်လတ်ဖျတ်လတ်၏။

ဒေါ်မိုးသည် ညနေစောင်းမှပင် ဆိုင်ဖွင့်၏။ ဆိုင်ဖွင့်သည်ဆိုသည်နှင့် အရက်သမားများ အလျှို အလျှို ရောက်လာကြ၏။

မကြာမီ တစ်ဆိုင်လုံးတွင် နေရာလွတ်မရှိအောင် လူများပြည့်သွားတော့၏။ ထိုအခါ ဒေါ်မိုးက အားလုံးကြားအောင် ထုံးစံအတိုင်းပင်

"ငါ့လူတို့. . . ကိုယ့်ရေချိန် ကိုယ်သိပါ၊



www.burmeseclassic.com

www.burmeseclassic.com



အရက်ပုန်းဆိုင်ကလေး ချက်ပဲသောက်တယ်၊ ဒါကြောင့် လေမပေါ်နဲ့၊ လေပေါ်ချင်ရင် ကုလားကာကာဆိုင်ကိုသွား၊ ရန်ဖြစ်ချင်ရင် ကမ်းနားဆိပ်ကိုဆင်း၊ ဆိုင်ထဲမှာ ပြဿနာ ရှာချင်တယ်ဆိုရင်တော့ ငါ့ဆီကိုသာ လာပေတော့"

ဟု ဆော်ဩလေတော့၏။

ဒေါ်မိုး၏ယောကျ်ား ဦးတောင်ကျော်မှာမူ ညနေစောင်း၍ အရက်ကို မုံမှန်သောက်နေရလျှင် ကျေနပ်နေတတ်သူဖြစ်၏။

သူသည် ဒေါ်မိုး၏စကားကိုမူ မြေဝယ်မကျနားထောင်ကာ ဒေါ်မိုးကိုလည်း လွန်စွာကြောက်ရွံ့သူသာဖြစ်၏။ တစ်ခါတစ်ရံတွင် ဦးတောင်ကျော်က

"မမိုးရယ် . . ဆိုင်မှာ အရက်သောက်တဲ့လူတွေက ဘုရင်ခံအိမ်ရောက်နေသလားမှတ်ရတယ်၊ စည်းကမ်းတွေက တင်းကြပ်လိုက်တာ၊ အရက်သမားဆိုတာ အရက်သောက်ပြီးရင် လောကလေး ခဏလေးလည်းပေါ်မှ နေသာထိုင်သာရှိတာ၊ အရက်ဆိုတာကလည်း အရှင်တတ်တာမျိုးမဟုတ်လား၊ တစ်ခါတစ်ခါလည်း





သွေးကြွတတ်တာပေါ့၊ တော်ရုံပြဿနာလောက်က မသိချင်ယောင်ဆောင်နေလိုက်လို့ ရပါတယ်ကွာ"

ဟု ပြောတတ်၏။ ထိုအခါ ဒေါ်မိုးက ခေါင်းရမ်းပြီး

"ဒီကိုလာသမျှ လူတွေအကုန်လုံး လူကြမ်းတွေချည်းပဲ၊ ဒီပုံစံနဲ့မှ စည်းကမ်းသတ်မှတ်မထားရင် ကျုပ်တို့လင်မယား ဆိုင်ပြုတ်ပြီး သမွန်ခတ်စားနေရတာ ကြာပြီ"

ဟု ပြန်၍ပြောတတ်၏။ မည်သို့ဆိုစေ ဒေါ်မိုး၏ အရက်ပုန်းဆိုင်တွင် အချိန်တန်လျှင် လူပြည့်နေမြဲဖြစ်၏။

ထိုသူများမှာ မည်သည့်ပြဿနာမျှ မဖြစ်ပေါ်ဘဲ ဆိတ်ငြိမ်စွာနှင့် ရှိနေကြမြဲဖြစ်၏။ သူတို့သည် ဒေါ်မိုးက လွန်ခဲ့သော စေတနာကောင်းသလို လက်သံပြောင်လှသည်ကိုလည်း သဘောပေါက်ထားကြ၏။

တစ်ခါက တစ်နယ်တစ်ကျေးမှ လာရောက်၍ ဒေါ်မိုး၏ ဆိုင်သို့ မျက်စိလည်ကာ လာရောက်သောက်သုံးရင်း ရမ်းကားမိသော လူထွားကြီးတစ်ယောက်ကို ဒေါ်မိုးသည် ကောင်းကောင်းကြီး ပညာပေးခဲ့၏။

ထိုသူမှာ ပါးကိုလည်း တဖြန်းဖြန်း အရိုက်နှက်ခံရသည့်



www.burmeseclassic.com

www.burmeseclassic.com



ဆိုင်ပြင်သို့ ဖနှောင့်စာကျွေး၍ ကန်ထုတ်ခြင်းကိုလည်း ခံခဲ့ရ၏။

တစ်ခါကမူ ဆန်ကုန်သည်တစ်စုသည် ဒေါ်မိုး၏ဆိုင်တွင် အရက်သောက်ရင်း မူးယစ်လာသောအခါ အချင်းချင်း အော်ဟစ်ဆဲဆိုကြ၏။

အခြားသူများကိုလည်း မထီမဲ့မြင်ဟန်နှင့် ရန်စကြ၏။ ထိုအခါ ကမ်းနားလူမိုက် ဖိုးထိန်က ဒေါ်မိုးကို

"ဒီကောင်တွေလွန်နေပြီ၊ ကျုပ်တို့ဝိုင်းဘက်ကို အရက်နဲ့ပက်တာ ဒေါ်မိုးကြီးမြင်တယ်နော်၊ ဒေါ်မိုးကြီးရဲ့စည်းကမ်းကို လိုက်နာပြီး ဆိုင့်ထဲမှာတော့ ဒီကောင်တွေကို ခွင့်လွှတ်လိုက်မယ်၊ ဆိုင်ပြင်ရောက်ရင်တော့ မှတ်လောက်အောင် ဆုံးမရဦးမှာပေါ့"

ဟု ကြိမ်းဝါးလေ၏။ ဒေါ်မိုးက

"ဒီတစ်ခါတော့ သည်းခံလိုက်ပါ ဖိုးထိန်၊ သူတို့ကို ငါ တာဝန်ယူပါတယ်"

ဟု နှစ်သိမ့်ပြီး ထိုသူများထံ ရောက်ရှိလာကာ

"ကဲ... ငါ့လူတို့၊ ဒီလောက်သောင်းကျန်းပြီးရင် တော်လောက်ရောပေါ့၊ အရက်မကောင်းရင် ငါ့အပြစ်၊ မင်းတို့မကောင်း





ရင် မင်းတို့အပြစ်ပဲ"

ဟု ပြောလိုက်၏။ ထိုအခါ ဆန်ကုန်သည်ထဲမှ ဗလကောင်းကောင်းနှင့်လူက ပုလင်းကို ဆောင့်ချပြီး

"ဒီမိန်းမကြီး ဘာတွေလာပြောနေတာလဲ၊ ခင်ဗျား အရက်ပုန်း ရောင်းမစားချင်တော့ဘူး ထင်တယ်"

ဟု ပြောလေရာ နောက်တစ်ယောက်က လှောင်ပြောင်ဟန်နှင့် ရယ်မောကာ

"ဟား ဟား ဟား... ဒီမိန်းမကြီးက စည်းကမ်းချက်တွေကို ဆိုင်းဘုတ်နဲ့ထောင်ပြီး အကျအန ရေးထားတာကွ၊ ဒီအတိုင်းဆိုရင် ငါတို့မှာ အပြစ်ရှိနေပြီ၊ အပြစ်ရှိတော့ သူ ဘာလုပ်မလဲဆိုတာ ကြည့်ရသေးတာပေါ့"

ဟု ဆိုကာ လက်တွင်းမှဖန်ခွက်ဖြင့် သွပ်ပြားဆိုင်းဘုတ်ကို ပစ်ပေါက်လိုက်၏။ ဒေါ်မိုးက မတုန်မလှုပ်ရှိနေရင်းမှ ပြုံး၍

"မင်းတို့အပြစ်က ပိုကြီးသွားပြီ"

ဟု ရေရွတ်လေ၏။

ထိုအခါ ဗလတောင့်တောင့်လူက ဝုန်းခနဲထ၍ လက်သီးကို ဒေါ်မိုး၏မျက်နှာအနီး၌ ဝှေ့ယမ်းရင်း



www.burmeseclassic.com

www.burmeseclassic.com



"အပြစ်ကြီးတော့ ခင်ဗျား ဘာလုပ်ချင်သလဲ၊ မိန်းမတစ်ယောက်ဖြစ်နေလို့ ကျုပ်လက်သီးနဲ့မတွေ့တာ ကံကောင်းတယ်မှတ်ပါ"

ဟု ပြောလေ၏။ ဒေါ်မိုးက ထိုသူ၏လက်ကို ဆတ်ခနဲ ဖမ်းဆုပ်ပြီး

"မင်းဆီက နောက်ထပ် စကားသံထွက်လာရင် ဟောဒီလက်ကို တစ်သက်လုံး အသုံးပြုလို့မရအောင် လုပ်ပစ်လိုက်မယ်"

ဟု ဆိုလိုက်၏။

ထိုသူမှ ဒေါ်မိုး၏ ချုပ်ကိုင်မှုမှ ဆတ်ခနဲအားစိုက်၍ ရုန်းလေ၏။ သို့သော် သူ၏လက်မှာ ပြွတ်တူနှင့် အညှပ်ခံထားရသလို နာကျင်လွန်းလှ၏။

ထို့ကြောင့်ပင် အမူးရှိန်ပျောက်ကာ မျက်နှာကြီးနီရဲ၍ ချွေးများပြန်လာပြီး

"ခင်ဗျား... ကျုပ်လက်ကိုလွှတ်စမ်း"

ဟု အော်ဟစ်လေ၏။ ဒေါ်မိုးက

"အခုထိ မလေ...ကာမလျှော့သေးဘဲကိုး"

ဟု ပြောကာ အားစိုက်၍ ဆုပ်ကိုင်လိုက်ပြန်၏။

ဆန်ကုန်သည်လူနုသည် လှုပ်လှုပ်ရှားရှားဖြစ်သွားကြ



သော် လည်း မည်သို့ပြုလုပ်ရမှန်းမသိဘဲ ကြောင်ငေးနေကြစဉ် ဒေါ်မိုးက

"မင်းတို့ရဲ့ ကျသင့်ငွေကိုရှင်းပြီး မြန်မြန်သွားကြပေတော့၊ ဒါမှမဟုတ်ရင် တစ်ယောက်ချင်း ကုတ်ဆွဲပြီး ဆိုင်ပြင်ရောက်အောင် ဖနှောင့်စာကျွေးရလိမ့်မယ်"

ဟု လေသံအေးအေးဖြင့် ပြောဆိုလိုက်၏။

ဒေါ်မိုး၏လက်တွင်းမှ ဗလတောင့်တောင့်လူ၏မျက်နှာမှာ ဇီးရွက်လောက်သာရှိတော့၏။

ဆန်ကုန်သည်များမှာ မျက်နှာငယ်ကလေးနှင့်ရှိနေသော သူတို့လူ၏အဖြစ်ကို မြင်တွေ့ကာ ဒေါ်မိုးအား ယပ်မမနှောင့်ယှက်ရဲတော့ချေ။

ထိုသူများထွက်ခွာသွားလျှင် ဆိုင်ထောင့်တွင် ပက်လက်ကုလားထိုင်နှင့်ရှိနေသော ဦးတောင်ကျော်က ခေါင်းယမ်းပြီး

"အင်း... ငါ့မိန်းမကတော့ မာရက် ရှောင်းမစားဘဲ လမ်းမတော်ဖိုးတုတ်တို့နဲ့အပြိုင် လူမိုက်လုပ်စားရင်တောင် ရလောက်တယ်"

ဟု ရေရွတ်လေတော့၏။

www.burmeseclassic.com

www.burmeseclassic.com



တစ်နေ့တွင် ဒေါ်မိုး၏ အရက်ပုန်းဆိုင်တွင်ရှိနေသော ကမ်းနားလှူမိုက်ဖိုးထိန်ထံ လူတစ်ယောက် ရေးကြီးသုတ်ပျာ ရောက်လာကာ

"ကိုဖိုးထိန်၊ ဟိုတစ်နေ့ကကိစ္စကို မကျေနပ်လို့ဆိုပြီး ဈေးအက်ကကောင်တွေ နတ်ကွန်းရှိတဲ့ ညောင်ပင်ကြီးအောက်မှာ စောင့်နေတယ်၊ (၁၀)ယောက်လောက်ရှိလိမ့်မယ်၊ ဒီကိစ္စကို ကိုဖိုးထိန် ရှင်းမှဖြစ်လိမ့်မယ်"

ဟု သတင်းပေးလေ၏။





ဖိုးထိန်က ထိုလူ၏စကားဆုံးလျှင် မျက်နှာကြီးနီရဲကာ ဂွပ်ခနဲမော့ပြီး

"တွေ့ကြသေးတာပေါ့ကွာ၊ ငါတို့ လူအင်အားနည်းနေတယ်၊ ကိစ္စမရှိဘူး၊ ဒီကောင်တွေကို မှတ်လောက်အောင်တော့ လုပ်ပေးမှဖြစ်မယ်၊ ရာရာစစ ငါနယ်ထဲ ကျူးကျော်လာကြတယ်"

ဟု ပြောလေ၏။ ဦးဖိုးထိန်တို့လူစု ဆိုင်အတွင်းမှ ထွက်ခွာသွားသောအခါ အကင်းပါးသော ဒေါ်မိုးက

"အင်း. . . ဒီကောင်တွေ ထုံးစံအတိုင်း ရိုက်ကြနှက်ကြဦးမယ် ထင်တယ်"

ဟု ရေရွတ်ပြီး အရက်ပုလင်းနှင့် ဇရက်မင်းစည်းစိမ်ခံစားနေသော ဦးတောင်ကျော်ကို

"ကိုတောင်ကျော်. . . ဒက်ကြေလိမ်းဆေးတွေ၊ သွေးဆေးတွေ၊ ပတ်တီးတွေ အသင့်ပြင်ထားပေတော့"

ဟု ခိုင်းစေလိုက်၏။

ဦးတောင်ကျော်ကလည်း ထိုမျှဆိုလျှင် သဘောပေါက်[illegible] ဖြစ်၏။ သူသည် လိုအပ်သော ဆေးဝါးများကို အသင့်ပြင်ကာ



www.burmeseclassic.com

www.burmeseclassic.com



ဆိုင်နံဘေးရှိ ဝါးကွပ်ပျစ်တွင် ဖျာကြမ်းတစ်ချပ်ကိုပင် ခင်းထားလိုက်၏။

ဖိုးထိန်တို့လူစုသည် နတ်ကွန်းရှိရာ ညောင်ပင်ကြီးသို့ ရောက်လာကြ၏။ လမ်းနဘေးရှိ ခါတ်မီးတိုင်များမှ မီးအလင်းရောင်က ထိုနေရာအထိ မကျရောက်ဘဲရှိ၏။

ဖိုးထိန်က မြေကွက်လပ်တွင် ခါးထောက်၍ရပ်ကာ

"ဟေ့ကောင်တွေ. . . ငါရောက်လာပြီ၊ သွေးကြောင်လို့ ပုန်းလျှိုးကွယ်လျှိုး လုပ်နေကြတာလား"

ဟု အော်ဟစ်လိုက်၏။

ဖိုးထိန်၏စကားမဆုံးမီပင် ညောင်ပင်နောက်ကွယ်မှ လူတစ်စု ထွက်ပေါ်လာကြ၏။ သူတို့သည် လက်နက်ကိုယ်စီကိုလည်း ကိုင်ဆောင်ထား၏။

ထိုအထဲမှ မုတ်ဆိတ်ကျင်စွယ်နှင့်လူက တိုးထွက်လာပြီး လက်တွင်းမှ ဝါးကျစ်တုတ်အား ဖိုးထိန်ထံညွှန်ရင်း

"သွေးကြောင် မကြောင် မကြာခင်သိရမှာပါ ဖိုးထိန်၊ ဟိုတစ်နေ့က ငါ့ညီတစ်ယောက်ကို မင်းအကောင်တွေ ရိုက်နှက်လွှတ်လိုက်တာ မကျေနပ်ဘူး"





ဟု ပြောလေရာ ဖိုးထိန်က မျက်နှာကိုမဲ့၍

"မင်းညီက ငါ့လူရဲ့ညီမကို အခေါ်စားမိန်းမမှတ်ပြီး သွားပြော မယားပြော လိုက်ပြောတာကိုးကွ၊ အဲဒီအချိန်က ငါမရှိတာ ကံကောင်းသွားတယ်မှတ်ပါ၊ ငါမှမတုတ်ရင် မင်းညီကို လှိုင်မြစ်ထဲမှာ ငါးစာကျွေးပစ်တယ်"

ဟု ဆိုလိုက်၏။

မုတ်ဆိတ်ကျင်စွယ်နှင့်လူက ဒေါသတကြီးနှင့် ဖိုးထိန်ကို ပျစ်ပျစ်နှစ်နှစ် ဆဲဆိုကာ သူ့လူများအား မျက်ရိပ်ပြလိုက်တော့၏။

ဖိုးထိန်သည်လည်း ကုတ်အင်္ကျီအောက် ခါးကြားတွင်ထိုးထားသော ရာဘာတုတ်ကိုဆွဲ၍ ထုတ်ယူပြီးဖြစ်၏။

မကြာမီ ညာသံပေး၍ မျက်နှာချင်းဆိုင်ပြေးလွှားလာကြသော လူအုပ်စုနှစ်စုသည် ရောထွေးသွားကြလေ၏။

ပြီးလျှင် တစ်ဖက်နှင့်တစ်ဖက် ဆူညံစွာ ရိုက်နှက်၊ ထိုးကြိတ်ကြရင်း ရန်ပွဲကြီးဖြစ်သွားလေတော့၏။

ဖိုးထိန်သည် လက်ယာဉ်နေသော လူမိုက်ပီပီ လက်သွက်လှ၏။ တစ်ဖက်မှ မုတ်ဆိတ်ကျင်စွယ်နှင့်လူကလည်း ညီအစ်ကိုအငြိုးအတေးနှင့် တုံ့ပြန်တိုက်ခိုက်နေ၏။



www.burmeseclassic.com

www.burmeseclassic.com



ထို့နောက် ဖိုးထိန်နှင့် ထိုသူတို့ ထိပ်တိုက်တွေ့ကြ၏။ မုတ်ဆိတ်ကျင်စွယ်နှင့်လူက ဦးစွာ တုတ်ကို ဝှေ့ယမ်းရင်း ဖိုးထိန်ထံ တိုးဝင်လာ၏။

ဖိုးထိန်ကလည်း ရာဘာတုတ်ကို ကျစ်ကျစ်ပါအောင် ဆုပ်ကာ ခြေနှစ်ဖက်ခွဲ၍ စောင့်ဆိုင်းနေ၏။ ပြီးလျှင် ဖိုးထိန်သည် ထိုသူ၏ ရိုက်ချက်များကို ရှောင်တိမ်းရင်း အခွင့်ရသည်နှင့် ပြန်လည်တိုက်ခိုက်လေ၏။

မုတ်ဆိတ်ကျင်စွယ်နှင့် လူကမူ မရှောင်တိမ်းဘဲ ဒေါသတကြီး တိုက်ခိုက်၏။ သို့သော် ဖိုးထိန်၏ တရစပ်တိုက်ခိုက်မှုကြောင့် ထိုသူမှာ မြေပေါ်သို့ လဲပြိုသွားတော့၏။

တစ်ဖက်အဖွဲ့သည် ခေါင်းဆောင်မှုကင်းမဲ့သွားလေရာ ဆက်လက်တိုက်ခိုက်ရန် မဝံ့မရဲဖြစ်သွားကြ၏။

ထိုစဉ် အဝေးမှ ပတ္တရောင်ပုလိပ်များ၏ ခရာသံတရှီရှီကို ကြားလိုက်ရ၏။ ပုလိပ်များ ရန်ပွဲဖြစ်ပွားရာသို့ ရောက်ရှိလာသောအခါ မည်သူ့ကိုမျှ မတွေ့ရဘဲ ကြက်ပျောက်၊ ငှက်ပျောက် ပျောက်ကုန်ကြချေပြီ။

ထိုအချိန်၌ ဖိုးထိန်တို့လူစုသည် အသင့်ပြင်ဆင်ထားသည့် မြင်းလှည်းနှစ်စီးပေါ်သို့ရောက်ရှိကာ အပြန်ခရီးနှင်နေပြီဖြစ်၏။

သူတို့အဖွဲ့သားများအားလုံး ဒဏ်ရာအနာတရ ကိုယ်စီ





နှင့် ဖြစ်၏။ အချို့မှာ သတိလစ်မေ့မြောရင်း လိုက်ပါလာကြ၏။

ထိုအခါ ဖိုးထိန်ရှိရာ မြင်းလှည်းထက်တွင် လိုက်ပါလာသူတစ်ယောက်က အလန့်တကြားနှင့်

"ကိုဖိုးထိန်၊ ကျုပ်ပေါင်ပေါ်မှာ သတိလစ်ပြီး လိုက်လာတာ ကျုပ်တို့လူမဟုတ်ဘူးဗျ"

ဟု ပြောဆိုလိုက်၏။ ဖိုးထိန်က လမ်းမထက်ရှိ မီးခွက်မီးရောင် နှင့် ထိုသူကိုကြည့်လိုက်ပြီး

"ဒါ ဘယ်ကကောင်လဲ၊ မင်းတို့လုပ်လိုက်ရင် သောက်တလွဲချည်းပဲ၊ ဟိုဘက်အုပ်စုက လဲကျနေကောင်ကို မင်းတို့ ကိုယ့်လူမှတ်ပြီး ခေါ်လာမိပြီ"

ဟု မာန်မဲလိုက်၏။

လမ်းမထက်တွင် မြင်းလှည်းနှစ်စီးက တခွပ်ခွပ်နှင့် ပြေးလွှားနေဆဲဖြစ်၏။ သူတို့သည် မဝေးလှသော အရက်ပုန်းဆိုင်ကလေးသို့ ရောက်ရှိခါနီးပေပြီ။

ဖိုးထိန်၏ တပည့်တစ်ယောက်ကမူ

"ဒီကောင့်ကို မြင်းလှည်းပေါ် အလေးခံပြီး သယ်မနေဘဲ ဒီမှာတင် ကန်ချခဲ့တာပဲ အေးတယ်"



www.burmeseclassic.com

www.burmeseclassic.com



ဟု အကြံပေးလေ၏။ ဖိုးထိန်က မေးစေ့ကို လက်ဖြင့်ပွတ်ပြီး အကြံအစည်တစ်ခုရကာ

"ကန့်မချွန့်ကွ၊ ဟိုဘက်ကကောင်တွေ ပိုပြီးမှတ်သွားအောင် ဒီကောင့်ကို ဒေါ်မိုးကြီးဆိုင်ရောက်မှ ခေါင်းကို လေးကွက်ကျားရိတ်ပြီး ပြန်လွှတ်လိုက်မယ်"

ဟု ဆုံးဖြတ်လေ၏။

ထို့နောက် သူတို့လူစုသည် ဒေါ်မိုး၏ အရက်ပုန်းဆိုင်သို့ ရောက်ရှိလာကြ၏။

ပြီးလျှင် သတိကင်းလွတ်နေသော တစ်ဖက်လူအား ကွပ်ပျစ်ထက်တွင် ပစ်ချပြီး ဖိုးထိန်က အသင့်စောင့်နေသော ဒေါ်မိုးကို မျက်နှာချိုသွေးကာ

"ကျုပ်တို့ကို ကယ်ပါဦးဗျာ၊ အားလုံး ဒဏ်ရာအနာတရတွေ ရလာကြတယ်၊ သတိလစ်တဲ့ကောင်တွေလည်း လစ်နေကြတယ်"

ဟု တောင်းပန်လိုက်၏။ ဒေါ်မိုးက လက်ဆွဲမီးအိမ်ကိုချ၍

"တိတ်စမ်း. . . ငါက နင်တို့ဒဏ်ရာတွေကုပေးပြီး လူမိုက်အားပေးလုပ်နေရသလို ဖြစ်နေပြီ၊ နောက်တစ်ခါဆိုရင် ငါကိုယ်တိုင် နင်တို့





ကို ပုလိပ်လက်ထဲအပ်မယ်"

ဟု ခါန့်မဲလေ၏။

ထို့နောက် ဒေါ်မိုး၏အကြည့်က ဖိုးထိန်တို့ မှား၍ သယ်လာသည့် တစ်ဖက်လူထံရောက်ရှိသွားပြီး

"ဒီကောင်က နင်တို့အုပ်စုက မဟုတ်ပါဘူး"

ဟု ရေရွတ်လေရာ ဖိုးထိန်က အသင့်ရှိသည့် ကြွပ်ထုပ်ကိုယူပြီး သူ၏နဖူးကို ဖိကပ်ရင်း ပြုံးဖြီးဖြီးနှင့်

"ဟဲ ဟဲ. . . ကျုပ်တို့ လူမှားပြီးခေါ်လာမိတာ၊ တစ်ဖက်က အဖွဲ့ကောင်ပဲ၊ ဒီကောင့်ကို ခေါင်းလေးကွက်ကျားရိတ်ပြီးမှ ပြန်လွှတ်ရမယ်"

ဟု အဖြေပေးလေ၏။ ဒေါ်မိုးက သတိလစ်နေသူကို စူးစိုက်ကြည့်ကာ

"ဒီကောင်က လူသာထွားနေတာ၊ အသက်က (၂၀)ဝန်းကျင်လောက်ပဲ ရှိဦးမယ်၊ ပြီးတော့ သူ့ကို တစ်ခါမှလည်း မမြင်ဖူးဘူး၊ သူ့ပုံက နင်တို့လို ရန်လိုနေတဲ့ လူမိုက်ရုပ်လည်း မဟုတ်ဘူး"

ဟု ရေရွတ်လေ၏။



www.burmeseclassic.com

www.burmeseclassic.com



ထိုအချိန်၌ ထိုသူသည် မျက်လုံးပွင့်လာကာ

"ဟုတ်ပါတယ်ဗျာ၊ ကျုပ် လူမိုက်မဟုတ်ပါဘူး၊ တစ်ဖက်အဖွဲ့ကလည်း မဟုတ်ပါဘူး"

ဟု ပြောဆိုလေတော့၏။ ဖိုးထိန်က မျက်လုံးပြူးကျယ်ကာ ထိုလူငယ်ကို

"ဟောကောင်. . . မင်းက သတိမေ့ချင်ယောင်ဆောင်နေတာပေါ့လေ"

ဟု မေးမြန်းလေ၏။ လူငယ်က မျက်နှာငယ်ကလေးနှင့်

"ကျုပ် မြင်းလှည်းပေါ် ရောက်ကတည်းက သတိပြန်ရလာတာပါ၊ ခင်ဗျားတို့ကိုကြောက်လို့ အသာမှိန်းပြီး လိုက်လာတာပါ၊ ကျုပ်က တွံ့တေး၊ ကွမ်းခြံကုန်းဘက်က ပင်လယ်ကမ်းခြေမှာရှိတဲ့ တံငါရွာကလေးတစ်ရွာမှာ နေတာပါ၊ ကျုပ်နာမည် 'ချစ်မွေး' လို့ ခေါ်တယ်၊ ကျုပ်ကို ချမ်းသာပေးပါဗျာ"

ဟု တောင်းပန်လေ၏။ ဖိုးထိန်က ခေါင်းခါယမ်းပြီး ချစ်မွေး ခေါ် လူငယ်ကို

"ဒါမျိုးတွေ ရိုးနေပြီ၊ မင်း လိမ်ညာမယ် မကြံနဲ့"





ဟု ဟိန်းဟောက်လေရာ ဒေါ်မိုးက ဝင်၍

"ဖိုးထိန်၊ သူသာ ခရီးသွားဧည့်သည် တစ်ယောက်သာမှန်ခဲ့ရင် အခုလိုဖြစ်တဲ့အတွက် နင်တို့မှာ တာဝန်ရှိတယ်၊ အပြစ်မဲ့တဲ့ လူတွေ ရန်ပြုခံရတာ ငါ လက်ပိုက်ကြည့်မနေနိုင်ဘူး"

ဟု ပြောဆိုလေ၏၊ ဖိုးထိန်က မျက်နှာကိုမဲ့ကာ

"ဒေါ်မိုးကြီးရယ်. . . ဒီကောင် လိမ်ညာနေတာပါ၊ ဒီလိုမှ မဟုတ်ရင် ဘာကြောင့် ကျုပ်တို့ရဲ့ရန်ပွဲထဲကို ဒီကောင်ရောက်နေသလဲ ဆိုတာ မေးမြန်းကြည့်ပါဦး"

ဟု ပြောလိုက်၏။ ထိုအခါ ဒေါ်မိုးက ချစ်မွေးကို စေ့စေ့ကြည့်၍

"ဖိုးထိန်ပြောတာ လက်တွေ့ကျတယ်၊ မင်းဘာကြောင့် ရန်ပွဲထဲရောက်နေတာလဲ"

ဟု မေးမြန်းလိုက်တော့၏။



www.burmeseclassic.com

www.burmeseclassic.com



ချစ်မွှေးသည် ဒေါ်မိုး၏ မေးမြန်းမှုကြောင့် စိတ်က တစ်နေရာဆီကို ဖျတ်ခနဲ ရောက်ရှိသွား၏။ ထိုနေရာသည် ဖိုးထိန်တို့လူစု ရန်ပွဲဖြစ်ပွားရာ ညောင်ပင်ကြီးနှင့် များစွာ မလှမ်းမဝေးလှသော နေရာဖြစ်ကာ မြစ်ပြင်ကိုလည်း ကောင်းစွာ မြင်တွေ့နိုင်သော ထိုင်ခုံကလေးဖြစ်၏။

နေဝင်ဆည်းဆာအလှက မြစ်ပြင်တွင် ကြည်နူးဖွယ် ဖြစ်ပေါ် နေ၏။ ချစ်မွှေးမှာမူ ထိုအလှအပများကို မခံစားနိုင်ဘဲ သစ်သားခုံကလေးတွင် ထိုင်ကာ မှိုင်တွေလျက်ရှိ၏။

ထို့အပြင် သက်ပြင်းကိုလည်း အကြိမ်ကြိမ်ချ၍ နေလေ ၏။



ထိုစဉ် ချစ်မွှေး၏ နောက်ကျောဘက်မှ လူကြီး တစ်ယောက်က

"သက်ပြင်းခဏခဏချရင် အသက်တို တတ်တယ်လို့ ရှေးလူကြီးသူမတွေ ပြောခဲ့ဖူး တယ်ကွ"

ဟု ပြောဆိုသံ ထွက်ပေါ်လာ၏။

ချစ်မွှေးသည် နောက်သို့ ဖြည်းညင်းစွာ လှည့်ကြည့်မိ၏။ အသက် (၅၀)ကျော်ခန့်ရှိမည့် လူကြီးတစ်ယောက်သည် ချစ်မွှေးကိုကျော်၍ မြစ်ပြင်ကို ငေးမောနေ၏။

ထိုလူကြီးသည် အရောင်လွင့်ပျယ်နေသော ပင်နီတိုက်ပုံ နှင့် နုစ်နံ့စပ်ချည်ကမ်းလုံချည်ဝတ်ဆင်ကာ ခေါင်းတွင်လည်း ချည်တဘက်ကိုပေါင်း၍ထား၏။

၎င်းသည် နှမ်းပါးဟန်ပေါက်နေသော်လည်း မုတ်ဆိတ် ပါးမြိုင်းမွေးများ ထိုးထိုးထောင်ထောင်ထွက်နေသော မျက်နှာ ကမူ အရာအားလုံးကို ကျေနပ်နေဟန်နှင့် ကြည်လင်နေ၏။

ချစ်မွှေးက ထိုလူကြီးကို

"ကျုပ်ရင်ထဲမှာ မွန်းကြပ်နေတဲ့အရာ တွေ သက်သာဖို့ သက်ပြင်း မကြာခဏချနေရ တာပါ၊ ဒါပေမဲ့ ဘယ်လိုပဲ သက်ပြင်းချချ

www.burmeseclassic.com

www.burmeseclassic.com



ရင်ထဲမျှာ ပေါ့ပါးမသွားပါဘူး၊ အဲဒီဟာတွေက ကျုပ်ရင်ထဲမှာ လှိုင်းလုံးတွေလို တစ်ခုပြီးတစ်ခု ဖြစ်ပေါ်နေတာပါ"

ဟု ပြောလိုက်၏။

လူကြီးက ဘာမျှမပြောဘဲ သစ်သားခုံတွင် ဝင်၍ထိုင်၏။ ထို့နောက် ၎င်းက ပြောင်းဖူးဖက်ဆေးလိပ်ကြီးကို ကြေးမီးခြစ်နှင့် မီးညှိဖွာရှိုက်ကာ

"ငွေကြေး ကြွယ်ဝချမ်းသာသူပဲဖြစ်ဖြစ်၊ ဆင်းရဲမွဲတေတဲ့သူပဲဖြစ်ဖြစ် ဘဝတစ်ခုကို ပိုင်ဆိုင်ရပြီဆိုကတည်းက ဘဝနဲ့ပတ်သက်တဲ့ ဘဝအမောတွေဆိုတာဟာလည်း အတူတွဲပြီး ကပ်ပါလာတော့တာပဲကွ"

ဟု ပြောလေရာ ချစ်မွေးက စိတ်ပျက်ဟန်နှင့်

"ဒါဆိုရင် ဒီဘဝဆိုတာကြီးက ဘယ်လို လုပ် နေပျော်တော့မှာလဲ"

ဟု ရေရွတ်လေ၏။ လူကြီးက ပြောင်းဖူးဖက်ဆေးလိပ်ကြီးကို မီးခိုးတထောင်းထောင်းထအောင်ဖွာပြီး

"ဘဝတစ်ခုကို လက်ခံသည်ဖြစ်စေ၊ လက်မခံသည်ဖြစ်စေ၊ ရှင်သန်နေမှာပဲပါ၊ ဒါပေမဲ့





အဲဒီဘဝဆိုတာကြီးကို မကျမောတွယ်တာ မနေသင့်သလို စိုးရိမ်ထိတ်လန့်မှုတွေလည်း မရှိသင့်ဘူးကွ၊ နေတတ်ရင် ကျေနပ်စရာတွေ ချည်းပါပဲကွာ"

ဟု ပြောပြန်၏။ ထိုအခါ ချစ်မွေးက ခေါင်းယမ်းပြီး

"ကျုပ်ဘဝကတော့ ဘယ်လိုမှ ကျေနပ်စရာ မကောင်းပါဘူး၊ အလုပ်အကိုင်ရှာဖွေရအောင် ရန်ကုန်မြို့ကြီးကို အထင်ကြီးပြီး ဒီနေ့ပဲ ရောက်လာတယ်၊ မကြာခင်မှာပဲ ရှိစုမဲ့စု ငွေကလေးတွေ အလစ်သမားနောက်ကို ပါသွားပြီး စားစရာတောင်မရှိတဲ့ အခြေအနေ ဖြစ်သွားတယ်၊ အသိအကျွမ်းကလည်းမရှိတော့ ဒီည ဘယ်မှာကျောချရမှန်းတောင် မသိတော့ဘူး၊ ကျုပ်မှာ သံယောဇဉ်တွယ်စရာ ညီမလေး တစ်ယောက်ရှိသေးလို့ပေါ့ဗျာ၊ ဒါမှမဟုတ်ရင် ယောဒီက မြစ်ထဲဆင်းပြီး ကိုယ့်ကိုယ်ကို အဆုံးစီရင်ပစ်လိုက်တယ်"

ဟု ညည်းညူလေ၏။ လူကြီးက ချစ်မွေးကို တွေ[illegible]ကြီး စိုက်ကြည့်ကာ ခေါင်းကိုခါယမ်းပြီး



www.burmeseclassic.com

www.burmeseclassic.com



"လူညံ့ပဲ၊ ပျင်းတဲ့သူအတွက် ကံနဲ့ဉာဏ်က အထောက်အပံ့ ပေးနိုင်သေးတယ်၊ ဖျင်းတဲ့လူအတွက်လည်း ကံနဲ့ ဃုံ့လ၊ ဝီရိယက အထောက်အပံ့ပေးနိုင်သေးတယ်၊ ညံ့တဲ့လူအတွက်ကတော့ ကံ၊ ဉာဏ်၊ ဝီရိယ ဘယ်လိုဟာမျိုးကမှ အထောက်အပံ့ပေးနိုင်မှာ မဟုတ်ဘူး၊ ပြီးတော့ အခက်အခဲကို လွယ်လွယ်နဲ့ အရှုံးပေးတတ်တဲ့ သူအတွက် ကြီးပွားချမ်းသာမှုက အလှမ်းဝေးတယ်ကွ၊ ဝမ်းတိုက်က ဆာလောင်မှုနဲ့အိပ်စက်ဖို့ အခက်အခဲတွေ့ရုံလောက်နဲ့ သောချင်စိတ်ပေါက်လာတယ်ဆိုရင်တော့ မင်းဟာ ကမ္ဘာပေါ်က အညံ့ဆုံးလူတွေတန်းစီလိုက်ရင်တောင် နောက်ဆုံးရောက်နေမဲ့သူပဲ၊ အညံ့တကာထက် အညံ့ဆုံးလူပဲ"

ဟု ပြောပြန်လေ၏။ လူကြီး၏စကားကြောင့် ချစ်မွှေးသည် ဆတ်ခနဲတုန်ရင်ပြီး မျက်လုံးနီရဲကာ

"ဒါဟာ ကျုပ်ကိုစော်ကားလိုက်တာပဲ၊ ကျုပ်က ပင်လယ်အကြောင်း နေ့ကျအောင်သိတဲ့ တံငါသည်လည်း လုပ်ဖူးတယ်ဗျ၊ တောထဲက သစ်ခုတ်၊ ဝါးခုတ်အလုပ်တွေလည်း လူတကာထက်၊ အခကြေးငွေပိုရအောင် ကျွမ်းကျွမ်းကျင်ကျင် လုပ်နိုင်တယ်ဗျ၊ ဒါပေမဲ့ ဘယ်လိုပဲလုပ်လုပ် ကြီးပွားဖို့ လမ်းစမမြင်တာနဲ့ အရဲစွန့်ပြီး ရန်ကုန်ကိုရောက်လာခဲ့တာပဲ၊ ရွာမှာကျန်ခဲ့တဲ့ညီမလေးဟာ ငါးဒိုင်တစ်ခုမှာ ငါးရွေးတဲ့အလုပ်ကို ပင်ပင်ပန်းပန်းလုပ်ကိုင်ပြီး ကျုပ်ပြန်အလာကို မျှော်နေမှာပါ၊ ဒီပုံအတိုင်း ကျုပ် ရွာပြန်သွားလို့လည်း မဖြစ်ဘူး၊ ဒီမှာလည်း ဘယ်လိုလုပ်ရပ်တည်ရမှန်းလည်း မသိဘူး၊ ကျုပ်ခေါင်းထဲမှာ သပွတ်အူလို ရှုပ်ထွေးနေတာပဲ သိတယ်"

ဟု ပြောဆိုလေ၏။

ထိုအခါ လူကြီးက ထိုင်ခုံမှ ဖြည်းညင်းစွာထ၍ ချစ်မွှေးရှေ့တွင် ခေါက်တုံ့ခေါက်ပြန် လျှောက်လှမ်းရင်း

"ခေါင်းထဲမှာ သပွတ်အူလို ရှုပ်ထွေးနေတဲ့ သူအတွက်လည်း အမှန်တရားနဲ့ ဝေးကွာဦးမှာပဲကွ၊ အတွေးအခေါ် အကြံအစည်ကောင်းဆိုတာ ခေါင်းထဲမှာ ရှင်းလင်းကြည်လင်နေတာ






www.burmeseclassic.com

www.burmeseclassic.com



ဝင်ရောက်လာလို့ ရမှာပေါ့၊ ဒါကြောင့်လည်း မင်းရဲ့စဉ်းစားဆင်ခြင်ဉာဏ်တွေကို ပိတ်ဆို့ထားတဲ့ အမှိုက်တွေကို အရင်ရှင်းထုတ်ရမယ်ကွ"

ဟု ပြောလေရာ ချစ်မွေးက မျက်မှောင်ကြုတ်၍

"အမှိုက်တွေကို တံမြက်စည်းနဲ့ လှည်းထုတ်သလို ခေါင်းထဲက အရှုပ်အထွေးတွေကို ရှင်းထုတ်လို့ရတယ်ဆိုတာ ကျုပ် အခုမှ ကြားဖူးတယ်"

ဟု ဆိုလိုက်၏။ လူကြီးက လက်ကိုနောက်ပွစ်၍ ချစ်မွေးရှေ့တွင် ရပ်တန့်ကာ

"မကြားဘူးရင်လည်း မှတ်ထားပေါ့ကွာ၊ အဲဒီလို ရှင်းလင်းပစ်ဖို့ကလည်း နည်းလမ်းရှိတာပေါ့၊ နည်းလမ်းတွေကတော့ အများကြီးပဲ၊ မင်းစိတ်ဝင်စားမယ်ဆိုရင် လက်တွေ့စမ်းသပ်ကြည့်လို့ရတယ်၊ မင်းအတွက် အကျိုးမယုတ်လောက်ပါဘူး"

ဟု ပြောလေရာ ချစ်မွေးက ခေါင်းညိတ်ပြီး

"အကျိုးမယုတ်ဘူးဆိုရင် လုပ်မယ်ဗျာ"

ဟု သဘောတူလေ၏။ ထိုအခါ လူကြီးက





"ဟုတ်ပြီလေ. . . ဒါဆိုရင် အရင်ဆုံး မင်း ဟောဒီခုံကလေးပေါ်မှာ တင်ပလ္လင်ခွေပြီး ထိုင်လိုက်ပါ၊ ပြီးရင် တင်ပလ္လင်ခွေပေါ်မှာ လက်ဖဝါးနှစ်ဖက်ကိုလည်း အလိုက်သင့်ထပ်ထားပါ၊ မျက်လုံးကိုလည်း မှိတ်ထားရမယ်ကွ"

ဟု နိုင်းစေလေရာ ချစ်မွေးက ချက်ချင်းပင်

"ခင်ဗျားနည်းက တရားရှုမှတ်ပွားများတဲ့ နည်းပဲမဟုတ်လား"

ဟု မေးမြန်းလိုက်၏။ လူကြီး

"အဲဒီလိုပဲ ထားပါတော့ကွာ၊ အခုနည်းက မြတ်စွာဘုရားနဲ့ တရားဂုဏ်တော်တွေကို ပွားများစရာတော့ မလိုဘူးကွ၊ အသက်ရှူလေကျင့်ခန်းတစ်ခုလိုပါပဲကွာ၊ မင်းဟာ ပထမဆုံးလေကို အားပါးတရ ရှူသွင်းရမယ်ကွ၊ အဲဒီလေတွေ ရှူသွင်းနေတဲ့အချိန်မှာ စိတ်ထဲက မှတ်ထားရမှာက သဘာဝတရားကြီးရဲ့ အကောင်းဆုံး၊ အမြတ်ဆုံးဆိုတာတွေဟာ ငါ့ရဲ့နှာခေါင်းပေါက်ကတစ်ဆင့် ဝလဟော တိုးဝင်လာပြီလို့ ယုံကြည်ထားရမယ်"



www.burmeseclassic.com

www.burmeseclassic.com



ဟု ပြောလေ၏။ ချစ်မွေးက ဟက်ခနဲရယ်ပြီး

"ခင်ဗျားနည်းက အဆန်းပါလား"

ဟု ရေရွတ်လိုက်ရာ လူကြီးက ပြောင်းဖူးဖက်ဆေးလိပ်ကို ဖွာ၍

"အဲဒီလိုဝင်လာတဲ့လေကို မင်းရဲ့အဆုတ် တစ်ခုလုံး ပြည့်ဖောင်းအောင် ရှူရှိုက်ပြီး တစ်ကိုယ်လုံးကို ပျံ့နှံ့သွားတာနဲ့အတူ သဘာဝ တရားကြီးရဲ့ အကောင်းဆုံး၊ အမြတ်ဆုံးဆိုတာ တွေဟာ ငါ့ရဲ့တစ်ကိုယ်လုံးကို လွှမ်းခြုံပျံ့နှံ့နေပြီ လို့ ယုံကြည်ထားရမယ်"

ဟု ပြောပြန်၏။ ချစ်မွေးက လူကြီး၏စကားဆုံးလျှင်

"ဒါဆိုရင် ရှူပြီးတဲ့လေတွေကို ပြန်ထုတ် တဲ့အခါမှာလည်း အဲဒီကောင်းတာမြတ်တာတွေ ပြန်ထွက်သွားတယ်လို့ ယုံကြည်ထားရဦးမှာ ပေါ့"

ဟု ဆိုလိုက်ရာ လူကြီးက ခေါင်းယမ်းပြီး

"မဟုတ်ဘူးကွ၊ ငါ့တစ်ကိုယ်လုံးမှာ လွှမ်းခြုံထားတဲ့ မကောင်းတဲ့အညစ်အကြေးတွေ၊ စိတ်ပျက်အားငယ်မှုတွေ၊ အညံ့တွေအားလုံး





နှာခေါင်းပေါက်ကတစ်ဆင့် ဒလစပ်ဟာ ပြန် ထွက်သွားတယ်လို့ ယုံကြည်ထားရမယ်"

ဟု အဖြေပေးလေ၏။ ချစ်မွေးက

"ကောင်းပြီလေ. . . အဲဒီနည်းကို ကျုပ် အခုပဲစမ်းသပ်မယ်၊ ဘယ်လောက်ကြာကြာ လုပ်ရမှာလဲ"

ဟု မေးမြန်းလိုက်ရာ လူကြီးက အိတ်တွင်းမှ အိတ်ဆောင် နာရီကို ကြည့်ရှုပြီး

"(၁၅)မိနစ်လောက်ဆိုရင် ရပါပြီ၊ အသက်ရှူထုတ်တာကိုတော့ ခပ်ပြင်းပြင်းသာ လုပ်ပါကွာ၊ တစ်နည်းအားဖြင့် မင်းရဲ့အဆုတ် က အလုပ်ကောင်းကောင်း လုပ်လိုက်ရတဲ့ အတွက် အဲဒီတစ်ခုတည်းတင်ပဲ မင်းရဲ့စိတ်ဟာ ကြည်လင်လာဖို့ အကြောင်းခိုင်လုံနေပါပြီကွာ"

ဟု ပြောလေ၏။

ထို့နောက် ချစ်မွေးသည် တရှုးရှုး တရှဲရှဲနှင့် လူကြီး၏ လေ့ကျင့်ခန်းကို လက်တွေ့အကောင်အထည်ဖော်လေ၏။

သူသည် အသက်ရှူခြင်း၊ ထုတ်ခြင်းကို ပြင်းထန်စွာ ပြုလုပ်လေရာ တစ်ကိုယ်လုံး ယိမ်းထိုးလျက်သာရှိ၏။



www.burmeseclassic.com

www.burmeseclassic.com



ဤသို့ဖြင့် ချစ်မွေးသည် အချိန်မည်မျှကြာသွားသည်မသိ။ လူကြီးက

"တော်လောက်ပါပြီ၊ (၁၅) မိနစ်တောင်

ကျော်သွားတယ်"

ဟု ပြောကာ ရပ်တန့်ခိုင်းလေ၏။

ထိုအခါ ချစ်မွေးသည် မျက်လုံးကိုဖွင့်၍ သူ၏တစ်ကိုယ်လုံးမှာ ချွေးတို့ဖြင့် ရွှဲနစ်နေ၏။ အချိန်က မှောင်ရီပျိုးစပြုပြီ ဖြစ်၏။

ထိုအခါ လူကြီးက

"လောလောဆယ် ဝမ်းဗိုက်ဖြည့်လိုက်ဦး၊

မင်း လေ့ကျင့်ခန်းလုပ်နေတုန်း ဝယ်ထားတာ"

ဟု ဆိုကာ သကြားပလာတာနှင့် နို့ဆီဘူးခွံဖြင့်ထည့်လာသော လက်ဖက်ရည်ကို တိုက်၏။

ချစ်မွေးလည်း ဝမ်းသာအားရနှင့် အစားအသောက်များကို စားသောက်ပြီး လူကြီးကို

"ကျေးဇူးတင်ပါတယ်ဗျာ"

ဟု ပြောလေရာ လူကြီးက

"ကျေးဇူးတင်တာ မစောနဲ့ဦးကွ၊ မကြာ

ခင် မင်း ငါ့ကို မုန်းရင် မုန်းသွားနိုင်တယ်၊ ဘာမှ





မတည်မြဲတဲ့လောကကြီးမှာ အရာ အားလုံး

ကလည်း အနေနဲ့အမြန် ပြောင်းလဲနေကြတာပဲ

မဟုတ်လား"

ဟု ဆိုလိုက်၏။ ချစ်မွေးက ခေါင်းယမ်းပြီး

"ကျေးဇူးမတင်လို့မရဘူးဗျ၊ ဘာကယ်ကို

ခင်ဗျားလုပ်ခိုင်းတဲ့ လေ့ကျင့်ခန်းက ကျုပ်

တစ်ကိုယ်လုံး ပေါ့ပါးလန်းဆန်းသွားတယ်၊

ဒါပေမဲ့ ကျုပ် မကြာခင် ပြန်ပြီး စိတ်ညစ်ညူးရ

ဦးမှာပဲ၊ ကျုပ်အတွက် ကျောချစရာနေရာရဖို့

ခင်ဗျားရဲ့လေ့ကျင့်ခန်းက တတ်နိုင်တော့မယ်

မထင်ဘူး"

ဟု ညည်းညူလေရာ လူကြီးက မေးစေ့ကို လက်နှင့်ပွတ်သပ်ကာ

"အဲဒီအတွက်လည်း ငါ့အကြံတစ်ခုတော့

ပေးနိုင်တယ်ကွ၊ ငါ့အကြံကို မင်းယုံကြည်ရင်

တော့လုပ်ပေါ့"

ဟု ဆိုလေ၏။ ချစ်မွေးက စိတ်အားတက်ကြွဟန်နှင့်

"ခင်ဗျားကို ယုံပါတယ်ဗျာ၊ ဘာလုပ်ရ

မလဲဆိုတာသာ မြန်မြန်ပြောပါ"



www.burmeseclassic.com

www.burmeseclassic.com



ဟု တိုက်တွန်း၏။ လူကြီးက မလှမ်းမကမ်းရှိ ညောင်ပင်ကြီးကို လက်ညှိုးညွှန်ကာ

"အဲဒီညောင်ပင်ကြီးရဲ့ အမှောင်ရိပ်ထဲမှာ လူတစ်စုရောက်နေတယ်ကွ၊ ငါ ခန့်မှန်းတဲ့အတိုင်းသာ မှန်မယ်ဆိုရင် သူတို့ဟာ မကြာခင် အခြားလူတစ်စုနဲ့ ခိုက်ရန်ဖြစ်ပွားကြလိမ့်မယ်"

ဟု ပြောလေ၏။ ချစ်မွှေးက အူကြောင်ကြောင်နှင့်

"အဲဒီရန်ပွဲဖြစ်တော့ ကျုပ်က ဘာလုပ်ရမှာလဲ"

ဟု ပြန်၍ မေးမြန်းလေရာ လူကြီးက

"မင်းက အဲဒီလူစုဆီကိုသွားပြီး ရန်ပွဲမဖြစ်ပွားအောင် ဖြောင်းဖျတားဆီးနိုင်မယ်ဆိုရင် မင်းအတွက် နေရေးစားရေး မပူရတော့ဘူးပေါ့ကွာ"

ဟု အဖြေပေးလေ၏။





ချစ်မွှေး၏စကားကို ဒေါ်မိုးအပါအဝင် ဖိုးထိန်တို့လူစုက စိတ်ဝင်တစား နားစွင့်နေကြ၏။ ဒေါ်မိုးက ဒဏ်ရာရသူများကို ကုသပေးလျက်ရှိ၏။

ဖိုးထိန်သည် ချစ်မွှေး၏စကားဆုံးလျှင် မျက်နှာကြီးရှုံ့မဲ့ပြီး

"လုံးဝ မဖြစ်နိုင်ဘူး၊ ဒါဟာ လိမ်ညာတာပဲ၊ လူကြီးတစ်ယောက်က ရန်ပွဲထဲကို ဝင်ခိုင်းတာနဲ့ပဲ မင်းက ဝင်ပါတာပဲလား၊ တော်တော်အူကြောင်ကြောင်နိုင်တဲ့ကောင်ပဲ၊ လိမ်ညာမယ်ဆိုရင်လည်း ပိပိရိရိ လိမ်ညာစမ်းပါကွာ"

ဟု ပြောလေ၏။



www.burmeseclassic.com

www.burmeseclassic.com



ချစ်မွေးသည် သူ၏နောက်စေ့မှ အာလူသီးထွက်နေသောဘုကို စမ်းသပ်ပြီး

"ဟုတ်ပါတယ်ဗျာ၊ အဲဒီလူကြီးရဲ့စကားကို ကျုပ်ယုံကြည်ပြီး နေစရာ၊ စားစရာရမယ်မှတ်လို့ ရန်ပွဲထဲကို ဖျန်ဖြေရအောင် ဝင်ခဲ့မိတာပါ၊ အဲဒီမှာ လူတစ်ယောက်က တုတ်နဲ့ရိုက်နှက်တာကိုခံရပြီး တစ်ခါတည်း သတိလစ်သွားတော့တာပဲ"

ဟု ရှင်းပြလေရာ ဒေါ်မိုးကဝင်၍ ချစ်မွေးကို

"အဲဒီလူကြီးအကြောင်း သိသလောက်ပြောစမ်း"

ဟု မေးမြန်းလေ၏။ ချစ်မွေးက ခေါင်းကိုကုတ်ပြီး

"ကျုပ် အဲဒီလူကြီးနဲ့ လမ်းမခွဲခင်မှာ သူ့အကြောင်းမေးမြန်းမိတယ်၊ သူက မင်းနိဗ္ဗာန်ဆော်ဆိုတာ ကြားဖူးတယ်မဟုတ်လားလို့ ကျုပ်ကိုပြန်မေးမယ်၊ ပြီးတော့ နိဗ္ဗာန်ဆော်ဆိုတာ လူတွေ တရားဘာဝနာပွားများရအောင် အလှူအတမ်းပြုရအောင် လိုက်လံနှိုးဆော်တဲ့လူပဲတဲ့၊ သူဟာလည်း သူ့ရဲ့ရင်ထဲမှာ အတွေး





တွေ ပြည့်ကြပ်လာတဲ့အခါ လူတွေကြားအောင်ဖွင့်ထုတ်တတ်တယ်တဲ့၊ လူတွေရဲ့ရင်ထဲမှာ အစိုင်ခဲလေးနက်တဲ့ အတွေးတွေ၊ တွေးမိအောင် ကြုံကြိုက်သလို နှိုးဆော်တတ်တယ်တဲ့၊ ဒါကြောင့် သူ့ကို နိဗ္ဗာန်ဆော်ကြီးအဖြစ် မှတ်ထားလိုက်ပါလို့ ပြောတယ်၊ တကယ်တော့ အဲဒီလူကြီးရဲ့စကားကိုယုံပြီး လုပ်ခဲ့တဲ့အတွက် ကျုပ် ကံကောင်းလို့ ဒုက္ခမရောက်တာပေါ့ကွာ၊ ဒီလူကြီးဟာ ကျုပ်ကို သက်သက်မဲ့ ချောက်တွန်းသွားတာပါပဲ"

ဟု ပြောလေ၏။

ချစ်မွေး၏စကားကြောင့် ဒေါ်မိုး၏မျက်နှာမှာ အရောင်တစ်မျိုး ပြောင်းသွား၏။

ဒေါ်မိုးသည် နှုတ်ဖျားမှ နိဗ္ဗာန်ဆော်ကြီးဟူသော စကားကို သုံးလေးကြိမ်မျှ တီးတိုးရေရွတ်နေစဉ် ဖိုးထိန်က ချစ်မွေးကို စားတော့ ဝါးတော့မတတ်ကြည့်၍

"မင်းရဲ့စကားကို ငါမယုံဘူး၊ မင်းကို ခေါင်းလေးကွက်ကျားရိတ်ပြီး ပြန်လွှတ်ရမယ်"

ဟု ကြိမ်းဝါးလေ၏။ ထိုအခါ ဒေါ်မိုးက လက်ကာ၍



www.burmeseclassic.com

www.burmeseclassic.com



"ငါတော့ယုံတယ်ဟေ့၊ ချစ်မွှေးကိုကြည့်လိုက်တာနဲ့ သူ အမှန်တွေပြောနေတယ်ဆိုတာ ငါ သဘောပေါက်တယ်၊ အဲဒီတော့ နင်တို့ သူ့ကို လက်ဖျားနဲ့တောင်မတို့ဘဲ ပြန်ကြပေတော့"

ဟု ပြောလေရာ ဖိုးထိန်က ပါးစပ်အဟောင်းသားနှင့်

"ဒီကောင့်ကို ဘယ်လိုလုပ်ရမလဲ၊ ဒီကောင်က တစ်ဖက်ကလူဗျ"

ဟု ဆိုလိုက်ရာ ဒေါ်မိုးက ပြုံး၍

"ဘာမှလုပ်စရာမလိုဘူး၊ သူ့ကို ငါ့ဆိုင်မှာ အလုပ်ကူလုပ်ဖို့ ငါ လက်ခံလိုက်ပြီ"

ဟု အဖြေပေးလေ၏။ ချစ်မွှေးသည် ထခုန်မိမတတ် ဝမ်းသာသွားပြီး

"ကျုပ်ကို အလုပ်ပေးမယ်ဆိုတော့ ကျုပ်အတွက် နေစရာ၊ စားစရာ မပူရတော့ဘူးပေါ့၊ ဒါဆိုရင် ဟိုလူကြီးပြောတာ မှန်နေပြီပေါ့"

ဟု ဆိုလိုက်ရာ ဒေါ်မိုးက မည်သို့မျှ ပြောဆိုခြင်းမရှိဘဲ ပြုံးပြုံးကြီးသာ ရှိနေလေတော့၏။

ထိုအချိန်မှစ၍ ဒေါ်မိုး၏ အရက်ပုန်းဆိုင်တွင် တောက်တိုမယ်ရ လုပ်ကိုင်ရန် လူငယ်တစ်ဦး ရောက်ရှိလာ၏။



ဒေါ်မိုးက ချစ်မွှေးကို

"ကောင်လေး... ငါ့ဆိုင်မှာ ထွေထွေထူးထူးတော့ ဘာမှလုပ်စရာမရှိဘူး၊ နေဖို့ စားဖို့တော့ ငါ တာဝန်ယူတယ်၊ နင့်အတွက် လခကတော့ နင့်ရဲ့ လုပ်ရည်ကိုင်ရည်ပေါ် မူတည်ပြီးမှ သတ်မှတ်ပေးမယ်"

ဟု ပြောလေ၏။ ချစ်မွှေးကလည်း အားတက်သရောပင်

"ကျုပ် တာဝန်ကျေတာထက်ပိုပြီး ကိုယ့်ရဲ့မိသားစုအလုပ်လို ကြိုးစားပြီး လုပ်ပါ့မယ်ဗျာ"

ဟု ကတိပေးလေ၏။

ဆိုင်သို့ ချစ်မွှေးရောက်ရှိလာသောအခါ ဒေါ်မိုး၏ ယောက်ျား ဦးတောင်ကျော်မှာ ပို၍ ဇရက်မင်းစည်းစိမ်ကို ခံစားနိုင်ပြီဖြစ်၏။

သူသည် မူလက စားပွဲထိုးအလုပ်ကိုလုပ်ကိုင်လေရာ ချစ်မွှေးကြောင့် အလုပ်အားလပ်သွားကာ ပက်လက်ကုလားထိုင်တွင် အချိန်ပြည့်ထိုင်ကာ အော်ဟစ်ရင်း ချစ်မွှေးကို ခိုင်းစေနေလေ၏။

သို့သော် တစ်ပတ်ခန့်ကြာလျှင် ဦးတောင်ကျော်သည်

www.burmeseclassic.com

www.burmeseclassic.com



ဒေါ်မိုး၏ အမိန့်နှင့် စားပွဲထိုးအလုပ်ကို ပြန်လည်လုပ်ကိုင်နေရ၏။

ဒေါ်မိုးက ချစ်မွေးကို

"ကောင်လေး. . . မနက်မိုးလင်းတာနဲ့ ဈေးကိုလိုက်ခဲ့၊ ဆိုင်မှာလိုအပ်တဲ့ အမြည်းတွေအတွက် ဝယ်ချခြမ်းရမယ်၊ ပြီးရင် မီးဖိုချောင်ထဲဝင်ပြီး ချက်ပြုတ်ပေတော့၊ နင့်လက်ရာတွေ ငါစားကြည့်ပြီးပြီ၊ မဆိုးဘူး၊ စားသောက်တဲ့လူတွေကလည်း ချီးမွမ်းကြတယ်"

ဟု ပြောလေ၏။

ယခင်ရက်များက ချစ်မွေးသည် မီးဖိုဆောင်သို့ဝင်၍ လက်စွမ်းပြခဲ့၏။ ထို့ကြောင့် ဒေါ်မိုးကြီးက သဘောကျ၍ ထိုအလုပ်ကို ခိုင်းစေခဲ့ခြင်းဖြစ်၏။

သူတို့ဆိုင်တွင်ရောင်းချရန် ချက်အရက်များကို ကြည့်မြင်တိုင် တစ်ဖက်ကမ်းရှိ ရွာကလေးမှ လာရောက်ပို့လေ၏။

ဦးတောင်ကျော်မှာမူ ရောက်ရှိလာသောအရက်များကို စမ်းသပ်ရာ၌ များစွာအသုံးဝင်၏။ သူသည် အရက်ကို အနည်းငယ်မျှ လျှာဖျားပေါ်တင်ပြီးလျှင် အရက်လာပို့သူအား

"ဒီတစ်ခါ မင်းတို့အရက် နည်းနည်းပေါ့





တယ်၊ တို့ဆိုင်က နာမည်နဲ့လုပ်စားတာကွ၊ နောင်တစ်ခါ ဒါမျိုးမဖြစ်စေနဲ့"

ဟု ဟိန်းဟောက်၍ လွှတ်တတ်၏။

ချစ်မွေးသည် ဒေါ်မိုးက အရက်ဆိုင်တွင် လာရောက်သောက်သုံးသူ လူဆိုးလူမိုက်များအပေါ်တွင် ဩဇာညောင်းသည်ကို တွေ့၍ လွန်စွာအံ့ဩနေလေ၏။

သူ၏စိတ်တွင်း၌မူ

"အင်း. . . ဒေါ်မိုးဟာ ရဲရင့်ပြီး သတ္တိရှိတယ်၊ လူတစ်ဖက် သားအပေါ်မှာလည်း စာနာတတ်တော့ လူဆိုးလူမိုက်တွေက လေးစားကြတာ ဖြစ်မယ်၊ ငါလည်း ဒေါ်မိုးကို အားကျယူရမယ်၊ သတ္တိရှိရင် လူတကာက ကြောက်ရွံ့လေးစားရတာပဲ"

ဟု တွေးမိကာ ဖိုးထိန်နှင့်ဆုံတွေ့လျှင် ချည်းကပ်၍

"ကိုဖိုးထိန်၊ ကျုပ် ၁၂ ဘွဲ့ရှိပြီး ရဲရင့်တဲ့လူ တစ်ယောက်ဖြစ်ချင်တယ်ဗျာ၊ ဘယ်လိုလုပ်ရမလဲ"

ဟု မေးမြန်းလေ၏။

ဖိုးထိန်က ရင်ကိုကော့ပြီး



www.burmeseclassic.com

www.burmeseclassic.com



"အဲဒီအတွက် ဘာမှမပူနဲ့၊ ငါနဲ့သာ လိုက်ခဲ့ပေတော့၊ ညရောက်လို့ ဆိုင်ပိတ်ရင် အသာလစ်ထွက်ခဲ့ပါ၊ ဆိုင်ပြင်မှာ ငါတို့ရှိနေမယ်"

ဟု ပြောလေ၏။

ချစ်မွေးမှာ ဖိုးထိန်က ရဲစွမ်းသတ္တိရှိအောင် မည်သို့ပြုလုပ်ပေးမည်ဟု မသိရသော်လည်း စိတ်ဓါတ်တက်ကြွလျက်သာရှိ၏။

သရက်ကျွန်းစာပေ
အမှတ် (၇)၊ [illegible] ကျောက်မြောင်း၊
ရန်ကုန်မြို့။



ချစ်မွေးသည် ဆိုင်တွင်း၌ပင် ခုံများကိုစီ၍ အိပ်စက်ရ၏။ ဒေါ်မိုးတို့လင်မယားကမူ ဆိုင်နောက်တွင် ကာရံထားသော အခန်းတွင် အိပ်စက်၏။

ထို့ကြောင့်ပင် ချစ်မွေးသည် ဆိုင်ပိတ်၍ ဒေါ်မိုးတို့ အိပ်စက်နေချိန်၌ ဆိုင်ပြင်သို့ထွက်လာခဲ့၏။ လမ်းမထက်တွင် ဖိုးထိန်နှင့် လူနှစ်ယောက်ကို တွေ့ရှိနေ၏။

ဖိုးထိန်က ချစ်မွေးကိုတွေ့လျှင်

"ကဲဟော့. . . အချိန်မရှိဘူး၊ သွားကြစို့"

ဟု သူ့လူနှစ်ယောက်ကို နှိုးဆော်လိုက်၏။

www.burmeseclassic.com

www.burmeseclassic.com



ထိုအခါ ချစ်မွေးက

"ကိုဖိုးထိန်. . . ကျုပ်တို့ ဘယ်ကိုသွား ကြမှာလဲ"

ဟု မေးမြန်းလေရာ ဖိုးထိန်က သွားလာရင်းမှပင်

"အမေးအမြန်းမထူနဲ့ကွာ၊ အချိန်တန်ရင် သိလိမ့်မယ်"

ဟု ဟိန်းဟောက်လေ၏။

ချစ်မွေးလည်း အသာငြိမ်၍ လိုက်ခဲ့ရ၏။ ထို့နောက် ဖိုးထိန်၏ ခြေလှမ်းက ကမ်းနားဘက်သို့ မျက်နှာမူ၍ ဖွင့်လှစ်ထားသော စားသောက်ဆိုင်တစ်ဆိုင် ရှေ့သို့ရောက်လျှင် ရပ်တန့်သွား၏။

ထိုအခါမှပင် ချစ်မွေး၏လက်တွင်းသို့ တစ်စုံတစ်ရာကို ထည့်၍

"ငါ့ရဲ့အရိပ်အကဲကိုကြည့်ပြီး လုပ်ရှားပါ၊ ငါ အချက်ပြလိုက်တာနဲ့ နောက်မတွန့်နဲ့"

ဟု မှာလေ၏။

ချစ်မွေးသည် လက်တွင်းသို့ရောက်ရှိလာသော အရာကို ကြည့်၍ မျက်လုံးပြူးကျယ်သွား၏။

သူ၏လက်တွင်း၌ နှစ်ဖက်သွား ဓါးမြှောင်တစ်ချောင်း





ရောက်ရှိနေ၏။ ဖိုးထိန်ကလည်း နောက်မတွန့်ရန် မှာကြားလေရာ ချစ်မွေးသည် အခြေအနေကို တွက်ဆမိကာ တုန်ရင်ပြီး

"ကျုပ်က ခင်ဗျားတို့နဲ့အတူ တိုက်ရခိုက်ရဦးမှာလား"

ဟု မေးမြန်းလေ၏။ ဖိုးထိန်က ခေါင်းညိတ်ပြီး

"လိုအပ်ရင်လုပ်ရမယ်၊ အခြေအနေက အေးအေးဆေးဆေးပဲ ပြီးသွားရင်လည်း ကောင်းတာပေါ့ကွာ"

ဟု အဖြေပေးလေ၏။ ထိုအခိုက် ဖိုးထိန်၏နောက်လိုက်တစ်ယောက်က

"ကိုဖိုးထိန်. . . ဆိုင်ထဲမှာ လူရှင်းနေတယ်၊ အချိန်ကောင်းပဲ"

ဟု ပြောလေရာ ဖိုးထိန်က ချစ်မွေးကို

"မင်း ဘာအူကြောင်ကြောင်လုပ်နေတာလဲ၊ မင်းမျက်နှာကို တင်းထားစမ်း၊ မင်းရဲ့ ကြောက်ရွံ့နေတဲ့မျက်နှာကို လူတွေမြင်ရင် ငါ့ကို အထင်သေးလိမ့်မယ်"

ဟု ဟိန်းဟောက်ပြန်၏။

ထိုအခါမှပင် ချစ်မွေးမှာ ပို၍ မျက်နှာငယ်လေးနှင့်



www.burmeseclassic.com

www.burmeseclassic.com



ဖြစ်၍ သွားလေ၏။ ဖိုးထိန်တို့လူစု စားသောက်ဆိုင်တွင်းဝင်၍ မကောင်းမှုတစ်ခုခု ကျူးလွန်ကြပေလိမ့်မည်။

လောလောဆယ် နီးရာဓါးကို ကြောက်ရွံ့ရလေရာ ချစ်မွှေးသည် ဖိုးထိန်တို့နောက်မှ ခပ်ကုတ်ကုတ် လိုက်ပါလာလေ၏။

စားသောက်ဆိုင်တွင်း၌ စားသောက်သူ အနည်းငယ်သာ ရှိ၏။ ထိုလူများမှာ အချို့သည် ဆိုင်တွင်းသို့ မျက်နှာထားတင်းမာစွာ ဝင်ရောက်လာသော ဖိုးထိန်တို့ကို မြင်တွေ့လျှင် ငွေရှင်း၍ အလျှင်အမြန် ထွက်ခွာရန် ပြင်ကြ၏။

ဖိုးထိန်တို့ကမူ ဆိုင်ကောင်တာတွင် ငိုက်မြည်းနေသော တရုတ်ကြီးထံသို့ ရောက်လာကြ၏။

တရုတ်ကြီးသည် သူတို့ကို မြင်တွေ့လျှင်ပင် မျောက်မီးခဲကိုင်မိသလိုဖြစ်ကာ မျက်နှာကိုလည်း အတတ်နိုင်ဆုံး ပြုံးချို၍ ထားလေ၏။

ဖိုးထိန်က ဆိုင်ကောင်တာပေါ်သို့ မခန့်လေးစားဟန်နှင့် လက်ထောက်ပြီး

"ဘယ်လိုလဲ အဝမ်၊ ကျုပ်ကို ခင်ဗျား မေ့လျော့နေတာတော့ မဟုတ်ပါဘူးနော်"

ဟု မေးမြန်းလိုက်၏။





အဝမ်ဟူသော တရုတ်ကြီး၏မျက်နှာမှာ စက္ကူတစ်ချပ်လို ဖြူရော်သွားပြီး ဖိုးထိန်အနီးသို့ရောက်လာကာ

"ဆရာကြီးကို အချိန်ရှိတိုင်း သတိရပါတယ်၊ ဒါပေမဲ့ ဝဆိုင်က ဒီရက်ပိုင်း အရောင်းအဝယ်မကောင်းလို့ပါ၊ ဒီအတိုင်းဆိုရင် မကြာခင် ဆိုင်ပိတ်ပြီး ပေါက်စီရောင်းစားရတော့မယ် ထင်ပါတယ်"

ဟု ညည်းညူလေ၏။ ဖိုးထိန်က ခေါင်းယမ်းပြီး

"ကျုပ်က ခင်ဗျား ငိုချင်းချနေတာကို နားထောင်ဖို့ ရောက်လာတာ မဟုတ်ဘူးဗျ၊ ခင်ဗျား နောက်ဆိုရင် ကျုပ်ကို အမြဲသတိရနေအောင် လုပ်ပေးဖို့ရောက်လာတာ"

ဟု ဆိုကာ ချစ်မွှေးနှင့် လူမိုက်နှစ်ယောက်ဘက်သို့လှည့်၍

"ကဲ. . . ကိုယ့်လူတို့၊ တစ်ဆိုင်လုံးမှာရှိ သမျှ ပစ္စည်းတွေကို အကုန်ဖျက်ဆီးပစ်ကြစမ်း"

ဟု အမိန့်ပေးလေ၏။

ဖိုးထိန်၏နောက်လိုက်နှစ်ယောက်သည် ထိုအချိန်ကို မျှော်လင့်တကြီး စောင့်နေကြဟန်ရှိ၏။

၎င်းတို့သည် ချက်ချင်းပင် တစ်ယောက်က သူ သော



www.burmeseclassic.com

www.burmeseclassic.com



ထိုင်ခုံတစ်လုံးကိုမ၍ ဆိုင်နံရံနှင့်ကပ်၍ ပြုလုပ်ထားသော မှန်ပုံကြီးတစ်ခုထဲ လွှဲရမ်း၍ ပစ်လိုက်၏။ မှန်ပုံးထဲတွင် နိုင်ငံခြားဖြစ် တန်ဖိုးကြီးသောအရက် ပုလင်းမျိုးစုံတို့ ရှိနေ၏။

ထို့ကြောင့်ပင် ဝုန်းခနဲ၊ ခွမ်းခနဲဟူသော အသံများပေါ်ထွက်လာသည်နှင့်အတူ တရုတ်ကြီးအဝမ်း၏ မျက်နှာက ဇီးရွက်ခန့်သာရှိတော့၏။ တရုတ်ကြီးက ဖိုးထိန်ကို

"ဝဆိုင်ကိုတော့ မဖျက်ဆီးပါနဲ့၊ နောက်ဆိုရင် ဆရာကြီးကို ဘယ်တော့မှ မမေ့တော့ပါဘူး"

ဟု တောင်းပန်လေ၏။ ထိုအခိုက် ဖိုးထိန်၏နောက်လိုက်တစ်ယောက်က ဆိုင်တွင်းရှိ စားပွဲခုံများကို စိတ်ရှိလက်ရှိ တဖျောင်းဖျောင်း ချိုးဖွဲ့ ဖျက်ဆီးပြန်၏။

တရုတ်ကြီးဆိုင်မှ အလုပ်သမားများမှာမူ ဖိုးထိန်တို့ရောက်ရှိပြီး မကြာခင်မှာပင် အလျှိုအလျှို ပျောက်ကွယ်သွားကြ၏။

တရုတ်ကြီးမှာလည်း အားကိုးရာမဲ့နေလေ၏။ ဖိုးထိန်ကလည်း အလှပြကြွေပန်းအိုးကြီးတစ်လုံးကို ခြေထောက်နှင့် ကန်လိုက်ရာ ခွမ်းခနဲ ကွဲကြေသွားပြီးနောက် ချစ်မွေးကို

"ဟေ့ကောင် ဘာလုပ်နေတာလဲ၊ ဆိုင်ထဲ



မှာ ရှိသမျှပစ္စည်းတွေ အကုန်ဖျက်ဆီးပစ်စမ်း"

ဟု ခိုင်းစေလေ၏။ ချစ်မွေးသည် ထိုအခါမှပင် အသက်ဝင်လာသူလို

"ကျုပ်. . . ကျုပ် မလုပ်ချင်ဘူး"

ဟု ပြောကာ ထိုနေရာမှ ချာခနဲလှည့်ကာ ပြေးထွက်ခဲ့၏။

သူ၏မျက်လုံးထဲတွင် တရုတ်ကြီး၏ သနားစဖွယ်ပုံရိပ်က စွဲထင်နေ၏။ ဖိုးထိန်ကမူ ချစ်မွေး၏အဖြစ်ကြောင့် တဟားဟားရယ်မောပြီး

"ဟား ဟား ဟား. . . ချစ်မွေး၊ မင်းဟာတော်တော်သတ္တိကြောင်တဲ့ ကောင်ပဲကွ၊ ဒီအတိုင်းဆိုရင် မင်း ဘယ်တော့မှ ရဲရင့်လာမှာမဟုတ်ဘူး"

ဟု ပြောလေ၏။

ချစ်မွေးသည် ထိုအသံကိုကြားသော်လည်း နောက်ကြောင်းသို့ ပြန်လှည့်မကြည့်တော့ဘဲ ဒေါ်မိုး၏ဆိုင်အရောက် …တ်ချောတင်လေ၏။

သူသည် ဆိုင်ရှေ့သို့ရောက်လျှင် မောပန်းမှုကြောင့် ရင်…တ်က နိမ့်ချည်မြင့်ချည် ဖြစ်နေ၏။ သူ၏လက်ထဲတွင်လည်း …ထိန်ပေးသည့် နှစ်ဖက်သွား ဓါးမြှောင်ကို ဆုပ်ကိုင်ထားခဲ့သော

www.burmeseclassic.com

www.burmeseclassic.com



ရှိ၏။ ထိုအခိုက် ဆိုင်ပေါက်ဝ အမှောင်ရိပ်ထဲမှ ဒေါ်မိုးက လှမ်းထွက်လာကာ

"ဘယ်လိုလဲ ကောင်လေး၊ သူရသတ္တိရှိဖို့ ဖိုးထိန်နဲ့ သွားပေါင်းတာ ဘယ်လိုဖြစ်ပြီး ထိတ်လန့်တကြား ပြန်ပြေးလာတာလဲ"

ဟု မေးမြန်း၏။

ချစ်မွေးသည် ပါးစပ်အဟောင်းသား ဖြစ်သွား၏။ သူသည် စိတ်ပျက်လက်ပျက်နှင့် လက်တွင်းမှ ဓါးမြှောင်ကို ပစ်ချကာ

"ကျုပ် ကိုဖိုးထိန်တို့နဲ့လိုက်သွားတာ အားလုံးကို အဒေါ်က သိနေတာကိုး"

ဟု ရေရွတ်လေရာ ဒေါ်မိုးက ကွမ်းတံတွေးကို ပစ်ခနဲ ထွေး၍

"မင်း ညဦးပိုင်းကတည်းက ဖိုးထိန်တို့ ဝိုင်းမှာ ကပ်နေကတည်းက ငါ သတိထားမိတယ်၊ ဘာကြောင့်ကပ်နေသလဲဆိုတာ ငါ့အနေနဲ့ သိဖို့သိပ်မခက်ပါဘူး"

ဟု ပြောလေ၏။ ချစ်မွေးက ခေါင်းငုံ့ပြီး

"ကိုဖိုးထိန်တို့က အပြစ်မဲ့တဲ့လူတွေကို



နှောင့်ယှက်ဖျက်ဆီးနေတဲ့ သူတွေပဲဗျာ၊ မိုက်ကြေးခွဲကြပုံရတယ်"

ဟု ဆိုလိုက်ရာ ဒေါ်မိုးက

"မင်းမှာ ကောင်းမှု၊ မကောင်းမှုဆိုတာကို သေသေချာချာ သဘောပေါက်ထားတယ်ဆိုရင် ဘာပဲလုပ်လုပ် စဉ်းစားဆင်ခြင် ဉာဏ်ကလေးနဲ့ လုပ်ရမယ်၊ လူမိုက်တွေနဲ့ သွားပေါင်းရင် အနိုင်ကျင့်ဗိုလ်ကျတာတွေပဲ တွေ့ရမယ်၊ လူတွေကို နှိပ်စက်၊ အနိုင်ကျင့်တာဟာ သူရသတ္တိရှိတာ မဟုတ်ဘူး၊ အောက်တန်းကျတဲ့စိတ်ပဲ၊ လူအများရဲ့ ကောင်းကျိုးကို ကိုယ်ကျိုးစွန့် အနစ်နာခံပြီး ကာကွယ်စောင့်ရှောက်ခြင်းသာ သူရသတ္တိရှိမှု အစစ်အမှန်ဖြစ်တယ်ဆိုတာ မင်း သဘောပေါက်ထားပေတော့"

ဟု ပြောကာ ဆိုင်တွင်းသို့လှည့်၍ ဝင်သွားလေ၏။

ချစ်မွေးမှာ ထိုနေရာတွင်ပင် တွေတွေကြီး ရပ်တန့်၍ ကျန်ရစ်ခဲ့တော့၏။

www.burmeseclassic.com

www.burmeseclassic.com



ဖိုးထိန်တို့လူစုက ချစ်မွှေးကို လူကြောက်တစ်ယောက်ဟု သတ်မှတ်ထားကြ၏။

ချစ်မွှေးကလည်း သူရသတ္တိရှိရန် ဖိုးထိန်ထံ၌ မည်သည့်အခါမျှ အကြံညာဏ်မတောင်းတော့ဟု ဆုံးဖြတ်ပြီးဖြစ်၏။

ချစ်မွှေးသည် အရက်ပုန်းဆိုင်၏ အလုပ်များကို လုပ်ကိုင်လေရာ နေ့လယ်ဘက်တွင် တစ်ချိန်လုံးအားလပ်နေ၏။

တစ်လပြည့်သောအခါ ဒေါ်မိုးက ချစ်မွှေးကို

"ကောင်လေး. . . မင်းအတွက် လခကို (၁၅) ကျပ် ပေးမယ်၊ ရုံးစာရေးကြီးလခတောင် (၅၀)လောက်ပဲရတယ်၊ မင်းက စရိတ်ငြိမ်း (၁၅) ရတယ်ဆိုတော့ ငါပေးတဲ့ငွေကို ကျေနပ်ရဲ့လား"



ဟု မေးမြန်း၏။ ချစ်မွှေးက ခေါင်းညိတ်ပြီး

"ကျေနပ်ပါတယ်ဗျာ၊ ကျုပ် တစ်ခုတော့ တောင်းဆိုချင်ပါတယ်၊ ဆိုင်မှာ တစ်နေ့လုံး ကျုပ်အတွက် အားလပ်နေတော့ အပိုဝင်ငွေ ရအောင် အပြင်ထွက်ပြီး အလုပ်လုပ်ချင်ပါတယ်"

ဟု ခွင့်တောင်းလေရာ ဒေါ်မိုးက အတန်ကြာမျှ ငြိမ်သက်နေပြီးနောက်

"မင်းက တကယ်ပဲ ကြီးပွားချမ်းသာချင်တာလား"

ဟု မေးမြန်းလိုက်၏။ ချစ်မွှေးသည် ရွာတွင်ကျန်ရစ်ခဲ့သော ညီမငယ်ကို သတိရပြီး မျက်နှာညှိုးငယ်ကာ

"ကျုပ် ကြီးပွားချမ်းသာမှ ကျုပ်ညီမလေးကို ဆင်းရဲတွင်းထဲက ဆွဲထုတ်နိုင်မှာဗျ၊ ကျုပ်အတွက် မြန်မြန်ကြီးပွားချမ်းသာမှဖြစ်မယ်"

ဟု ပြောလေရာ ဒေါ်မိုးက ချစ်မွှေးကို စူးစိုက်ကြည့်ပြီး

"မင်းတို့ မောင်နှမက တော်တော်သံယောဇဉ်ကြီးပုံရတယ်၊ မင်းရဲ့ ညီမလေးအကြောင်း ငါ့ကိုပြောပြစမ်း"

www.burmeseclassic.com

www.burmeseclassic.com



ဟု ဆိုလိုက်၏။ ထိုအခါ ချစ်မွှေးက

"ကျုပ်ညီမလေးကတော့ တစ်ရွာလုံးရဲ့ အလှပဂေး ကွမ်းတောင်ကိုင်ပေါ့ဗျာ၊ နာမည်က ချစ်ပန်းမွှေးလို့ ခေါ်တယ်၊ အသက်က ကျုပ်ထက် နှစ်နှစ်ပဲငယ်ပေမဲ့ ကျုပ်ထက်ပိုပြီး ညာဏ်ကောင်းတယ်ဗျ၊ လူပုံကလေးက ဖြူဖြူနွဲ့နွဲ့ကလေးနဲ့ ချောမောလှပသလောက် မာနက ခပ်ကြီးကြီးဗျ၊ ချစ်ပန်းမွှေးလေးသာ ချမ်းသာတဲ့ မိဘမျိုးရိုးက ပေါက်ဖွားလာရင် ဘယ်လောက်ကောင်းလိုက်မလဲဗျာ၊ အခုတော့ ဒီလိုရုပ်ရည်ကလေးနဲ့ ဆင်းရဲချို့တဲ့ပြီး သူကစ်ပါးရဲ့အလုပ်ကို လုပ်ပေးနေရရှာတယ်၊ ကျုပ်တို့မိဘတွေ ကွယ်လွန်သွားတဲ့ လွန်ခဲ့တဲ့ (၅)နှစ်ကျော်ကတည်းက ကျုပ်တို့မောင်နှမ ကိုယ့်ဝမ်းကိုယ်ကျောင်းခဲ့ရတာပေါ့ဗျာ၊ အခုတော့ ချစ်ပန်းမွှေးကို သွေနီးမျိုးစပ်တော်တဲ့ ကြီးတော်ကြီးတစ်ယောက်အိမ်မှာအပ်ပြီး ကျုပ်က စွန့်စားခန်းဖွင့်လာတာပါ၊ ဒါပေမဲ့ ညီမလေးအတွက် အချိန်တိုင်း ပူပန်နေရတယ်၊ သူ့ကို လိုချင်သူတွေကလည်း ဝိုင်းဝိုင်းလည်နေတာဗျ၊ ညီမလေးကတော့ ဘယ်သူ့ကိုမှ တူတယ်၊ တန်တယ်လို့ မထင်ပါဘူး"

ဟု ပြောလေ၏။ ဒေါ်မိုးက စိတ်ဝင်တစားနားထောင်ပြီး ခေါင်းကို တဆတ်ဆတ်ညိတ်ကာ

"ချစ်ပန်းမွှေးဟာ ထက်မြက်တဲ့ မိန်းကလေးတစ်ယောက်ပဲဆိုတာ ခန့်မှန်းလို့ရတယ်"

ဟု မှတ်ချက်ချ၏။ ချစ်မွှေးက အလျှင်အမြန်ပင်

"ဟုတ်တာပေါ့ဗျာ၊ ငယ်စဉ်ကတည်းက ကျုပ်တို့မောင်နှမ တခြားကလေးတွေနဲ့ ရန်ပွဲဖြစ်ရင် သူက ကျုပ်ရှေ့ကကြိုပြီး လက်သွက်ခြေသွက်နဲ့ ရိုက်နှက်တော့တာပဲ၊ မဟုတ်ရင်လည်း ဘယ်သူ့ကိုမှ ငြိမ်ခံမနေဘူး၊ ကျုပ်ကိုတောင် ခရီးမထွက်ခင် မှာတမ်းတွေ ချွေလိုက်တာ အများကြီးပါပဲ၊ သူက ကျုပ်ကို ရိုးရိုးတုံးတုံးကြီးဖြစ်လို့ စိတ်မချဘူး၊ ကျုပ်ဟာ အမြဲလိုပဲ သူတစ်ပါးရဲ့ အလိမ်အညာကို ခံနေရတာတာဖြစ်လို့ မြို့ကြီးကိုရောက်ရင် ဘယ်သူ့ကိုမှ






www.burmeseclassic.com

www.burmeseclassic.com



မယုံကြည်ပါနဲ့တဲ့၊ မျက်စိတွေ နားတွေကို အစွမ်းကုန်ဖွင့်ပြီး တိုးတက်ကြီးပွားအောင် ကြိုးစားပါလို့ မှာလိုက်တယ်ဗျ"

ဟု ပြောလေ၏။ ထိုအခါ ဒေါ်မိုးက

"ဟုတ်ပြီလေ၊ ဒါဆိုရင် မင်းက အားလပ်ချိန်မှာ ဘယ်လို အလုပ်မျိုးလုပ်မယ်လို့ စဉ်းစားထားသလဲ"

ဟု မေးမြန်းလိုက်ရာ ချစ်မွေးက

"ဆိပ်ကမ်းမှာဆင်းပြီး ကုန်ထမ်းမယ်ဗျာ"

ဟု အဖြေပေးလေ၏။ ဒေါ်မိုးက

"ကောင်းပြီလေ၊ မင်း ဒီလောက်စိတ်အားထက်သန်နေရင် ငါ ခွင့်ပြုတယ်၊ ဒါပေမဲ့ မင်း တစ်ခုသတိထားရမှာက ကုန်ထတဲ့ အလုပ်ဟာ မင်းအတွက် ဘယ်လိုမှ [illegible] တိုးတက်ဖို့လမ်းမရှိဘူး၊ ဒါကြောင့် အဲဒီအလုပ်ဟာ မင်းရဲ့ဘဝအတွက် ရှေ့ဆက်တက်ဖို့ လှေကားထစ်လို့ပဲ သတ်မှတ်ထားရမယ်၊ အောင်မြင်တဲ့လူတိုင်းဟာ ဉာဏ်နဲ့ယှဉ်ပြီး





လုပ်ကိုင်ကြလို့ပဲကွ"

ဟု ပြောလေရာ ချစ်မွေးက လက်ဝါးချင်း ဖြန်းခနဲရိုက်ကာ

"အဒေါ်လိုပဲ ကျုပ်ညီမလေးက မှာလိုက်တယ်ဗျ၊ ကြီးပွားချင်တဲ့သူဟာ သူတစ်ပါးထက်ပိုပြီးမြင်တတ်ရတယ်တဲ့၊ ကြီးပွားအောင် လုပ်ဖို့ရှာကထွက်ပြီဆိုကတည်းက နောက်ကြောင်းကို ပြန်လှည့်မကြည့်တော့နဲ့တဲ့၊ အောင်မြင်ကြီးပွားမှ ရွာကို ခြေပြန်ချပါတဲ့ဗျာ"

ဟု ဆိုလိုက်တော့၏။

ထို့နောက် ချစ်မွေးသည် ဒေါ်မိုးထံမှ ခွင့်ပြုချက်ရလျှင် နောက်တစ်နေ့၌ ဆိပ်ကမ်းသို့ရောက်လာ၏။

ဆိပ်ကမ်းရှိ ကူလီခေါင်းပေသီးမှာ ဒေါ်မိုး၏ အရက်ဆိုင်မှ ဖောက်သည်တစ်ယောက်ဖြစ်၏။ ထို့ကြောင့် ထိုသူနှင့် ချစ်မွေးမှာ အတန်ငယ်ရင်းနှီးလေ၏။

ချစ်မွေးက ပေသီးထံ သွားကာ

"ကိုပေသီး၊ ကျုပ်အတွက် အလုပ်တစ်နေရာလောက်ပေးပါဗျာ၊ အပိုဝင်ငွေကလေးရအောင် အလုပ်လုပ်ချင်လို့ပါ"



www.burmeseclassic.com

www.burmeseclassic.com



ဟု ပြောလိုက်၏။

ပေသီးသည် ထင်းရှူးသေတ္တာပုံးပေါ်တွင်ထိုင်ရင်း ဆေးပေါ့လိပ်ကိုဖွာကာ ချစ်မွေးအား ခြေဆုံးခေါင်းဆုံးကြည့်၍

"ပင်ပန်းတယ်ကွ"

ဟု တိုတိုတုတ်တုတ်ပြော၏။

ချစ်မွေးက ရယ်မော၍ သူ၏ကြွက်သားအဖြိုင်းဖြိုင်းရှိနေသော လက်မောင်းလက်ဖျံများကို ညွှန်ပြပြီး

"ကျုပ်လည်း ရွာမှာ အလုပ်ကြမ်းလုပ်ခဲ့တာပါဗျာ"

ဟု ဆိုလေရာ ပေသီးက ခေါင်းယမ်းပြီး

"မင်းလိုပဲ ကူလီလုပ်ချင်သူတွေ တပုံကြီးကွ၊ ပြီးတော့ ကူလီအသစ်ဝင်လာရင် ကူလီဟောင်းတွေက သူတို့ဝေစုနည်းသွားတဲ့အတွက် မကျေနပ်ကြဘူး"

ဟု ပြောလေ၏။ ချစ်မွေးက ခေါင်းကိုကုတ်ကာ

"ခင်ဗျားက ဒီအချိန်မှာ ကူလီခေါင်းပဲဗျာ၊ ခင်ဗျားပြီးရင် ကိုပါမယ်"

ဟု ဆိုလိုက်ရာ ပေသီးက ချစ်မွေးကို အထူးအဆန်း သတ္တဝါတစ်ကောင်လို စောင်းငဲ့ကြည့်ပြီး





"ဒီအတိုင်းတော့ ပြီးမှာလားကွ၊ သူတို့ကျေနပ်အောင် ချောဆီကလေး ဘာလေး ထည့်ပေးရဦးမှာပေါ့၊ ချောဆီဆိုတာကော မင်းနားလည်ရဲ့လား၊ ဟောဒါကို ခေါ်တာကွ"

ဟု ပြောကာ လက်ညှိုးနှင့်လက်မကိုဝိုင်း၍ပြ၏။ ချစ်မွေးသည် ထိုအခါမှပင် သဘောပေါက်ကာ

"ငွေပေးဆိုရင်လည်း ပေးမှာပါဗျာ၊ ဘယ်လောက်ပေးရမလဲ"

ဟု မေးမြန်းလေရာ ပေသီးက ဆေးလိပ်ကိုဖွာ၍

"ငါးကျပ်ပေးရမယ်၊ ဒါ့အပြင် တစ်နေ့စာရတဲ့ မင်းရဲ့ လုပ်ခထဲက ငါ့ကို တစ်ဝက်တိတိ ခွဲပေးရဦးမယ်၊ ကျေနပ်ရင်လုပ်ပေါ့ကွာ"

ဟု အဖြေပေး၏။

ချစ်မွေးသည် မျက်လုံးပြူးကျယ်သွား၏။ ငွေတစ်ဆယ်ဆိုလျှင် ထမင်းဆိုင်တွင် တစ်လ စားသုံးနိုင်၏။

သို့သော် သူသည် အလုပ်လိုချင်သူဖြစ်လေရာ ဖေါ်မိုးကြီး ပေးထားသော လခထဲမှ တစ်ဝက်ကိုခွဲ၍ ပေသီးအား ဆက်သလိုက်တော့၏။



www.burmeseclassic.com

www.burmeseclassic.com



ချစ်မွေးသည် နောက်တစ်နေ့မှစ၍ ဆိပ်ကမ်းတွင် ကူလီလုပ်ရမည် ဖြစ်၏။ သူသည် အလုပ်ရသောကြောင့် ဝမ်းသာအားရနှင့် ဒေါ်မိုးထံ သတင်းပို့လေ၏။

ထိုအခါ ဒေါ်မိုးက ကွမ်းကိုမြုံ့၍

"မင်းကို ကူလီခေါင်းပေသီးက ခေါင်းပုံဖြတ်လိုက်တာပဲ၊ ငွေငါးကျပ်ကလည်း သူ့အိတ်ထဲပဲရောက်မှာ ကျိန်းသေတယ်၊ ပြီးတော့ နေ့စဉ်မှန်မှန် မင်းရဲ့လုပ်ခတစ်ဝက်ကိုလည်း ပေးရဦးမယ်"





ဟု ရေရွတ်လေရာ ဦးတောင်ကျော်က ပက်လက်ကုလားထိုင်တွင် မှိန်းနေရာမှ ဆတ်ခနဲခေါင်းထောင်ပြီး

"ပေသီးက တော်တော်အကျင့်ယုတ်တဲ့ကောင်ပဲကွ၊ ဒီအလုပ်ကို မလုပ်စမ်းပါနဲ့ကွာ၊ ရန်ကုန်မြို့ကြီးမှာ အလုပ်တွေပေါပါတယ်"

ဟု ချစ်မွေးကို ဟန့်တားး၏။ ထိုအခါ ဒေါ်မိုးက လက်ကာ

၆၅

"ချစ်မွေးမှာ သူ့ကိုယ်ပိုင် ဆင်ခြင်ဉာဏ်နဲ့ ဆုံးဖြတ်ပိုင်ခွင့်ရှိတယ်၊ သူ့အတွက် အတွေ့အကြုံ အများကြီးလိုအပ်တယ်၊ အတွေ့အကြုံတွေထဲက အမှားတွေကို သင်ခန်းစာယူနိုင်ရင် တစ်နေ့မှာ ပန်းတိုင်ကိုရောက်မှာပဲ၊ လေ့လာဆည်းပူးလိုသူအတွက် သဘာဝလောကကြီးဟာ အကောင်းဆုံးကျောင်းတော်ကြီးပါပဲ"

ဟု ပြောလေတော့၏။

ထိုအခါ ချစ်မွေးသည် နံနက်စောစော၌ ဒေါ်မိုးနှင့်အတူ ဈေးသို့လိုက်ပြီးလျှင် ဆိုင်၏နောက်ဖေးချောင်၌ အလျှင်အမြန်ချက်ပြုတ်လေရာ မနက် (၉) နာရီခန့်တွင် အလုပ်များ လက်စသပ်၏။



www.burmeseclassic.com

ထို့နောက် ဆိပ်ကမ်းသို့ရောက်လေရာ ပေသီးက

"ချစ်မွေး. . . ငါ့အတွက် ကာကာဆိုင်က လက်ဖက်ရည် သွားဝယ်စမ်း"

ဟု ခိုင်းစေလေ၏။

ချစ်မွေးသည် လက်ဖက်ရည်ဝယ်ပြီးပြန်ရောက်လျှင် ပေသီးက ဖင်ခုထိုင်ထားသော ဂုန်နီအိတ်စုတ်ကိုပေး၍

"မင်းကို ဒီဆိပ်ကမ်းမှာ ဒီအချိန်ကစပြီး ကူလီခန့်လိုက်ပြီ"

ဟု ပြောလေ၏။

ချစ်မွေးသည် ဂုန်နီအိတ်စုတ်ကို ပခုံးပေါ်တင်၍ အခြားကူလီများနှင့်အတူ ကုန်တင်ကုန်ချအလုပ်များကို လုပ်ရ၏။ ကူလီအများစုမှာ ကုလားလူမျိုးများသာဖြစ်၏။

သူတို့သည် ဆိပ်ကမ်းသို့ ဆိုက်ကပ်လာသော လှေ၊ သမ္ဗန်များထံ အလုအယက် ပြေးလွှားကာ အထုပ်အပိုးများ၊ ကုန်ပစ္စည်းများကို သယ်ယူကြ၏။

ထိုအခါ ပိုင်ရှင်က သင့်တော်သလိုပင် လုပ်အားခကို ပေး၏။ ထိုဆိပ်ကမ်းကလေးတွင် ကူလီများမှာ စနစ်တကျ ဖွဲ့စည်းထားသော အဖွဲ့မဟုတ်ချေ။

ထို့ကြောင့် ကုန်ပစ္စည်းများကို အလုအယက်သယ်ယူကြ





ရင်း မကြာခဏ ခိုက်ရန်ဖြစ်ပွားတတ်ကြ၏။

ထိုအခါ ကူလီခေါင်းပေသီးက ဝင်ရောက်ကာ ရှင်းလင်းပေးတတ်၏။ အလုပ်များကိုလည်း ခွဲဝေပေးတတ်၏။

ကူလီအချင်းချင်းမှာလည်း တစ်ဦးအပေါ် တစ်ဦး မည်သို့ချောက်ချအကောက်ကြံရမည်ကို စဉ်းစားနေကြသူများသာဖြစ်၏။

ထိုနေ့က ချစ်မွေးသည် သမ္ဗာန်တစ်စီးပေါ်မှ လေးလံသော ပဲအိတ်ကြီးများကို ကမ်းပေါ်အရောက်ပို့ရန် အခြားကုလားသုံးဦးနှင့်အတူ အလုပ်ရ၏။

ထိုအခါ မာမွတ်ဟူသော ကုလားက ပဲအိတ်ကို သမ္ဗန်ပေါ်မှပင့်၍ ပေးလေရာ ချစ်မွေး၏ပခုံးပေါ်သို့ ဆောင့်ကာချ၏။

အီစမန်ဟူသောလူက လေးလံလှသော ပဲအိတ်ကြီးကို ကမ်းပါးအတိုင်း ထမ်း၍တက်လာသော ချစ်မွေးကို လမ်းဖယ်မပေးဘဲ နေ၏။

အလီဟူသောလူကမူ ချစ်မွေး နှစ်ခေါက်မျှ ထမ်းပိုးပြီးမှသာ တစ်ခေါက်သာ ထမ်းပိုး၏။ ၎င်းသည် အီစမန်၏ ညီတော်သူဖြစ်သောကြောင့် ထိုကဲ့သို့ ရေသာခိုနေခြင်းဖြစ်၏။

အလုပ်ပြီးသော မာမွတ်က ပိုင်ရှင်ထံမှ လုပ်ခကိုရှင်းပြီး ချစ်မွေး၏ လက်တွင်းသို့ ငွေအကြွေအချို့ကို ထည့်ပေး၏။



www.burmeseclassic.com
www.burmeseclassic.com

www.burmeseclassic.com



ချစ်မွှေးသည် သူ့အတွက်ဝေစုကို ရေတွက်ကြည့်ရာ ငါးမူးသာ ရှိသည်ကို တွေ့ရ၏။ ထို့ကြောင့် သူက မာမွတ်ကို

"ကျုပ်အတွက်ဝေစုက နည်းလှချည်လား ဗျ၊ ကျုပ်တို့ ပဲအိတ်တွေ ထမ်းချခအတွက် ပိုင်ရှင်က ခင်ဗျားကို ငွေ (၃) ကျပ်ကျော်ကျော် တွက်ပြီးပေးလိုက်တယ် မဟုတ်လား"

ဟု ဆိုလိုက်၏။ မာမွတ်က မွတ်ချွန်းဟုခေါ်သော ဘီဒီဆေးလိပ်ကို ရှေ့သွားနှင့်ကိုက်ရင်း မျက်နှာမဲ့ကာ

"ဟေ့ကောင်. . . စကားမများနဲ့၊ ငါတို့ လေးယောက်အပြင် အလုပ်သမားခေါင်းကို လည်း အချိုးကျခွဲပေးရသေးတယ်၊ ဒီထက် ပိုပြီး လိုချင်တယ်ဆိုရင်တော့ လက်သီးပဲရမယ်"

ဟု လက်သီးဆုပ်ကိုပြ၍ ခပ်ငေါက်ငေါက်ပြောလေ၏။

ထိုအခိုက် အနီးရှိမာမွတ်၏ညီ အာလီက ဆိတ်တစ်ကောင် လို အသံသေး အသံကြောင်နှင့်

"ဒီကောင်က ဒီဆိပ်ကမ်းအကြောင်း ကောင်းကောင်းမသိ သေးလို့ပါဗျာ၊ ဒီလောက် ငွေကိုရတာ သူ့အတွက် ကံကောင်းတယ်ဆို တာ သဘောမပေါက်သေးဘူး"





ဟု ဝင်၍ပြော၏။

ချစ်မွှေးလည်း ငွေငါးမူးကို ကျစ်ကျစ်ပါအောင်ဆုပ်ပြီး ခေါင်းငိုက်စိုက်နှင့် ထွက်လာခဲ့၏။

သူ့အတွက် ထိုနေ့ရရှိသည့် လုပ်ခမှာ ထိုငွေသာရှိ၏။ ပေသီးနှင့် တွေ့လျှင် ချစ်မွှေးက အကြောင်းစုံပြောပြလိုက်၏။ ထိုအခါ ပေသီးက

"ဒီကိစ္စက ငါနဲ့မဆိုင်ဘူးကွ၊ မင်းကိစ္စပဲ၊ ကိုယ့်ဘာသာရှင်းရမှာပေါ့၊ ဘယ်လိုရှင်းရ မှာလဲဆိုတာတော့ ငါ အကြံပေးနိုင်ပါတယ်၊ အဲဒီမာမွတ်ဆိုတဲ့ကောင်ကို လည်ကုတ်က ကိုင် ပြီး ရေစပ်အထိ ခေါ်သွားကွ၊ ပြီးရင် ရေထဲမှာ ငါးမိနစ်လောက်နှစ်ထားလိုက်ရင် မင်းကို လုပ်ခ ပိုပေးလိမ့်မယ်"

ဟု ပြောလေရာ ချစ်မွှေးလည်း တွန့်ခနဲဖြစ်ကာ သက်ပြင်းချ၍

- "တော်ပါပြီဗျာ၊ ရသလောက်ပဲယူရတာ ပေါ့"

ဟု ဆိုလိုက်တော့၏။

ထိုနေ့က လုပ်ခကို ပေသီးအား တစ်ဝက်ခွဲပေးလိုက်ရ



www.burmeseclassic.com

www.burmeseclassic.com



လေရာ ချစ်မွေး၏ အိပ်ကပ်ထဲတွင် ငွေတစ်မတ်သာပါလာခဲ့၏။

ထိုအဖြစ်ကိုသိရှိသွားသော ဒေါ်မိုးက ချစ်မွေးကို

"အခွင့်အရေးဆိုတာ ကိုယ့်ဆီကို အလိုလို ရောက်မလာဘူးကွ၊ ကြိုးစားပြီး ဖန်တီးယူရ တယ်၊ ဒီနေရာမှာ မင်း ဘယ်လိုပုံစံနဲ့ ရပ်တည်မလဲဆိုတာ သေသေချာချာ စဉ်းစားပေါ့ကွာ"

ဟု ပြောလေ၏။ ဦးတောင်ကျော်ကမူ ခေါင်းယမ်းပြီး

"ကောင်လေး... ဒီဆိုင်မှာသာ အေးအေးဆေးဆေး နေစမ်းပါကွာ၊ နေရာတကာမှာ အဲဒီလိုလူမျိုးတွေက အများကြီးပဲကွ၊ မင်းပုံစံနဲ့ မဖြစ်ပါဘူးကွာ"

ဟု ဆိုလေ၏။

သို့သော် နောက်တစ်နေ့တွင်လည်း ချစ်မွေးသည် အလုပ်လုပ်ရန် ဆိပ်ကမ်းသို့ ရောက်လာခဲ့၏။

ထိုအချိန်၌ ချစ်မွေးအတွက် မည်သည့်အလုပ်မျှ မလုပ်ရသေးဘဲ အားလပ်နေလေ၏။ ဆိပ်ကမ်းတွင်လည်း ကုန်တင်ကုန်ချအလုပ်ပါး၍ ကူလီအများစုမှာ သူအစုနှင့်သူရှိရင်း အလုပ်ကို စောင့်မျှော်နေကြ၏။

ထိုအခါ ဂုန်နီအိတ်စုတ်ကို ဖြန့်ခင်းပြီး ကုန်လှောင်ရုံ





တစ်ခုဘေးတွင် ကျောခင်းနေသော ပေသီးက ချစ်မွေးကို လက်ဖက်ရည်၊ ဆေးလိပ်၊ ကွမ်းယာ စသည်ဖြင့် တစ်မျိုးပြီး တစ်မျိုး ဝယ်ယူရန် ခိုင်းစေ၏။

ထို့နောက် ဇက်ကြောတက်သည်ဟုဆိုကာ ဇက်ကြောဆွဲနှိုင်းကာ နင်းနှိပ်ရပြန်၏။

အလုပ်ပေါ်လာသော်လည်း မလုပ်ရဘဲ ချစ်မွေးသည် ပေသီးအား နင်းနှိပ်ပေးနေဆဲဖြစ်၏။ ထို့နောက်မှ ပေသီးက ချစ်မွေး၏ပခုံးကို ပုတ်၍

"ဒီအချိန်ကစပြီး မင်း ငါ့ရဲ့တပည့် ဖြစ်သွားပြီ"

ဟု ပြောလေ၏။

ပေသီးသည် ဆိပ်ကမ်းလူမိုက်သာဖြစ်၏။ ကူလီခေါင်း ရာထူးမှာလည်း ကူလီများအား ဝိုလ်ကျ၍ သူ့ကိုယ်သူ ခန့်အပ်ထားခြင်း ဖြစ်၏။

သူသည် ချွေးတစ်ပေါက်မျှမကျဘဲနှင့် ကူလီများ၏ လုပ်အားခမှ အချိုးကျခွဲဝေယူနေသူသာဖြစ်၏။ ထိုအခါ ချစ်မွေးက နားမလည်ဟန်နှင့်ရှိလေရာ ပေသီးကဆက်၍

"မင်း ငါ့တပည့်ဖြစ်သွားပြီဆိုတော့ ရာထူးတိုးသွားပြီပေါ့၊ မင်းကို ဘယ်သူမှ



www.burmeseclassic.com

www.burmeseclassic.com



အနိုင်ကျင့်ရဲတော့မှာမဟုတ်ဘူး"

ဟု ပြောလိုက်၏။

ပေသီး၏မျက်နှာသာပေးခြင်းကြောင့် ချစ်မွေးအတွက် ကံကောင်းပြီဟု ထင်မှတ်လိုက်သော်လည်း မကြာမီ ဆိပ်ကမ်းကူလီများ၏ အကျင့်ပျက်မှုကို ခါးစာခံလိုက်ရတော့၏။

ထိုအချိန်က ချစ်မွေးသည် ရန်ကုန်မြို့ကြီးရှိ ဆွေမျိုးများထံ အလည်အပတ် လာရောက်ဟန်တူသော မိန်းမကြီးတစ်ယောက်၏ ခရီးဆောင်ဝန်စည်စလယ်များကို သယ်မိုးနေရသော မိန်းမကြီးသည် လက်ဆောင်ပေးရန် ကြိမ်ခြင်းကြီးများ၊ တောင်းကြီးများနှင့် စားသောက်ဖွယ်ရာ ငါးခြောက်ငါးခြမ်း၊ သစ်သီးဝလံများကို သယ်ယူလာ၏။

သူနှင့်အတူ အခြားကူလီတစ်ယောက်က သယ်ယူလေရာ ပစ္စည်းများအားလုံး ကမ်းပါးထက်သို့ ရောက်ရှိလျှင် မိန်းမကြီးက စစ်ဆေးကြည့်ရှုပြီးနောက် အော်ကြီးဟစ်ကျယ်နှင့် ခုန်ဆွခုန်ဆွလုပ်ကာ

"ကုန်ပါပြီတော်၊ ဟောဒီက ခရီးဆောင်ဘေးမှာ လက်ကိုင်ပဝါနဲ့ထုပ်ထားတဲ့ငွေတွေမရှိတော့ဘူး"

ဟု အော်ဟစ်လေတော့၏။





ထိုအိတ်ကို ချစ်မွေးက သယ်ယူပေးခဲ့ခြင်းဖြစ်၏။ ထို့ကြောင့် မိန်းမကြီး၏လက်ညှိုးက ချစ်မွေးထံ ငေါက်ခနဲရောက်လာပြီး

"ဟဲ့ကောင်လေး. . . နင်နှိုက်ယူထားတာ မဟုတ်လား၊ ခရီးသွားရင်း အလွယ်သုံးလို့ရအောင် ငွေကလေး လေးငါးခြောက်ကျပ်ကို ထည့်ထားတာ၊ ကူလီက နှိုက်ယူလိုက်တယ်တော့"

ဟု ခုနစ်သံချီဖြင့် အော်ဟစ်ပြန်၏။

မိန်းမကြီး၏ စွပ်စွဲမှုကြောင့် ချစ်မွေးသည် တစ်ကိုယ်လုံး မြေကြီးထဲသို့ နစ်ဝင်သွားသလို ရှက်ရွံ့ပြီး

"မဟုတ်ပါဘူး အဒေါ်ကြီးရယ်၊ အဲဒီအိတ်ကို ကျုပ်သယ်ပြီး ဒီနေရာမှာ ပုံထားခဲ့တာပါ၊ တစ်ယောက်ယောက် နှိုက်ယူသွားတာဖြစ်လိမ့်မယ်"

ဟု ဖြေရှင်းလိုက်၏။ မိန်းမကြီးကမူ လက်တခါခါ၊ ခေါင်းတခါခါနှင့်

"ငါ့ငွေကို ပြန်မရရင်တော့ နင်တို့နဲ့ငါနဲ့ အတွေ့ပဲဟေ့၊ ဂျမ်းစိန်တဲ့၊ ဘာမှတ်သ



www.burmeseclassic.com

www.burmeseclassic.com



ငါ့သားက ပုလိပ်မင်းကြီးရုံးမှာ ပြာတာ လုပ်တာ
ဟဲ့၊ နင်တို့ကို ပုလိပ်မင်းကြီးနဲ့တိုင်ပြီး ထောင်ချ
နိုင်းမယ်"

ဟု ကြိမ်းဝါး၏။

ထို့ကြောင့်ပင် ချစ်မွေးလည်း မိန်းမကြီးကို အကြိမ်ကြိမ် တောင်းပန်ပြီး ပြဿနာကို ဖြေရှင်းပေးလိုက်ရ၏။

ထို့အတွက် ဒေါ်မိုးဆိုင်မှရရှိခဲ့သည် လစာတစ်ဝက်ကို ပေးလိုက်ရသည်ထက် ရှက်ရွံ့မှုက ပိုလိမ့်မည်ဖြစ်၏။

ပန်းအိမ် ကွန်ပျူတာ

အမှတ်(၇) မျက်နှာစာတန်း၊ ကျိုက္ကဆံလမ်း၊ ကျောက်မြောင်းဈေး၊ တာမွေ





ချစ်မွေးသည် ကူလီလုပ်ကိုင်၍ တစ်လခန့်ကြာမြင့်လာသည့်အခါ ထိုအလုပ်အား တဖြည်းဖြည်း စိတ်ကုန်ခမ်းလာ၏။

သူ့အတွက် ပင်ပန်းဆင်းရဲခြင်းကို အမှုမထားချေ။ သို့သော် အောက်တန်းစား နင်းပြားအချင်းချင်း ညှာတာထောက်ထားမှုမရှိသော လူများကြားတွင် နေထိုင်ရသည်မှာ သူ့အတွက် နေ့စဉ် စိတ်ညစ်ညူးစရာသာ ဖြစ်၏။

ကူလီခေါင်း ပေသီးက ဘိန်းစားချင်းပာမူးပိုရှူကာ ခေါင်းပုံဖြတ်၏။ ကူလီအချင်းချင်းမှာလည်း ဆင်းရဲတွင်းနက်ရသည့်အထဲ မကောင်းသည့် လေ့စရိုက်များတွင်သာ ပျော်မွေ့နေဟန်ရှိ၏။



www.burmeseclassic.com

www.burmeseclassic.com



ချစ်မွေး၏စိတ်တွင်း၌လည်း လူအားလုံးပင် ထိုကဲ့သို့ ကြီးနိုင်ငယ်ညှင်း ဖြစ်နေကြပြီလားဟု ယုံမှတ်မိ၏။

တစ်နေ့တွင် ချစ်မွေးသည် အလုပ်ကိုမျှော်ရင်း ကမ်းစပ်ရှိ ကျောက်တုံးကြီးထက်တွင်ထိုင်ကာ အရှိန်အဟုန်ပြင်းစွာ နောက်ကျိုကျို စီးဆင်းနေသော မြစ်ပြင်ကို ငေးမောနေမိ၏။

ထိုအခိုက် သူ၏မြင်ကွင်းထဲသို့ လှိုင်းများကြားမှ လှုပ်လီလှုပ်လဲ့ဖြင့် ဆိပ်ကမ်းဘက် ဦးတည်လှော်ခတ်လာသော လှေကလေး တစ်စီးက ဝင်ရောက်လာ၏။

လှေထက်နှင့် လှေသမားနှင့်အတူ ခရီးသည်တစ်ယောက်သာ ပါလာ၏။ လှေကလေးက တဖြည်းဖြည်း နီးကပ်လာ၏။

ထိုခရီးသည်မှာ နီနီရဲရဲ ပုသိမ်ထီးကိုဆောင်း၍ထားသော မိန်းမပျိုတစ်ယောက်ဖြစ်၏။ ပို၍နီးကပ်လာလေ မိန်းမပျို၏ ရုပ်သွင်ကို ပို၍ပီပြင်စွာ မြင်ရလေဖြစ်ရာ ချစ်မွေးသည် သူမ၏ ပုံရိပ်ကို မျက်ဝန်းထဲမှ ပျောက်ကွယ်သွားမည်စိုးသည့်အလား အမှုမဲ့ အမှတ်မဲ့ပင် စူးစိုက်ကြည့်နေမိ၏။

ထို့နောက် ချစ်မွေး၏နှုတ်ဖျားမှ

"တကယ့်ကိုလှပပြီး ကျက်သရေရှိလိုက်
တာ၊ မြန်မာဆန်ဆန် ရိုးရိုးယဉ်ယဉ်လေး
ဝတ်စားထားပေမဲ့ သူ့ရဲ့ ကျက်သရေရှိပြီး





အေးချမ်းတဲ့အလှက ပျောက်ကွယ်မသွားဘူး၊
သူ့မျက်လုံးကလည်း ဝိုင်းစက်ဝင်းလက်နေတာ
ပဲ၊ နှုတ်ခမ်းကလေးကလည်း ဖူးဖူးကြွကြွနဲ့
တစ်ခုခုကို ပြောတော့မလိုဟန်မျိုးနဲ့"

ဟု ရေရွတ်မိ၏။

ထိုအခိုက် လှေက ချစ်မွေးနှင့် မလှမ်းမကမ်းတွင် ဆိုက်ကပ်လေ၏။ ထိုအချိန်ထိ ချစ်မွေးသည် မိန်းမပျို၏ အလှကွန်ယက်တွင် ညှို့ယူခံထားရသလို ရှိနေ၏။

မိန်းမပျိုသည် ရုတ်တရက်ပင် ချစ်မွေးထံသို့ မျက်ခုံးကြည့်ရှုလိုက်၏။ ထိုအခါမှပင် ချစ်မွေးသည် အသက်ဝင်ကာ လှုပ်ရှားလာ၏။

မိန်းမပျို၏ တဒင်္ကြည့်ရှုလိုက်သော အကြည့်ကလေးက သူ၏နှလုံးသားထဲအထိ စူးနစ်ဝင်သွားသလို ခံစားလိုက်ရ၏။

သူ၏တစ်သက်တွင် တစ်ခါမှမဖြစ်ပေါ်ခဲ့ဖူးသော ခံစားမှုဖြင့် ရင်တစ်ခုလုံး လှိုက်ဖိုလာ၏။

ထိုအခိုက်တွင် အိမ်စမန်တို့လူစုသည် လှေပေါ်မှ ဆင်းသက်လာသော မိန်းမပျိုအနီးတွင် ဝိုင်းအုံနေကြချေပြီ။

မာမွတ်သည် မိန်းမပျို၏ ဖွံ့မက်ဖွယ် ခန္ဓာကိုယ်အနံ့ရှိနိုင်းပျစွာ ကြည့်ရှုပြီး ကွမ်းချေးအထပ်ထပ်တက်နေသော



www.burmeseclassic.com

www.burmeseclassic.com



သွားကိုဖြဲ၍

"ဟဲ ဟဲ... ညီမလေးပစ္စည်းတွေ အစ်ကိုကြီး သယ်ပေးမယ်၊ အခကြေးငွေ ပေးစရာမလိုပါဘူး"

ဟု ပြောလေ၏။ အီစမန်က မာမွန်ကို နဘေးသို့တွန်းကာ မိန်းမပျိုကို

"ကျုပ် သယ်ပေးပါ့မယ် မိန်းကလေးရယ်၊ မင်းကိုမြင်မြင်ခြင်း ကူညီချင်စိတ်ပေါက်လာလို့ပါ"

ဟု ပြောပြန်၏။

သို့သော် မိန်းမပျိုတွင် ကြိမ်ခြင်းကလေးတစ်လုံးနှင့် သားရေလက်ဆွဲအိတ်တစ်လုံးသာ ပါလာလေရာ ကိုယ်တိုင် သယ်ယူပြီး အီစမန်တို့ကို

"ရပါတယ်၊ ကျွန်မ သယ်နိုင်ပါတယ်"

ဟု ငြင်းလေ၏။

ထို့နောက် သူမသည် ခရီးဆက်ရန် ခြေလှမ်းကိုပြင်၏။ အီစမန်က အလွတ်မပေးဘဲ ကြိမ်ခြင်းကို လှမ်း၍ဆွဲပြီး

"ဟဲ ဟဲ... ညီမလေး ပင်ပန်းမှာစိုးလို့ပါကွယ်"



ဟု ညောင်နာနာအသံနှင့် ပြောလိုက်ရာ မာမွတ်ကလည်း သားရေအိတ်ကို ဆွဲလိုက်ပြန်ကာ

"ဟုတ်တယ်၊ ဟုတ်တယ်"

ဟု ထောက်ခံ၏။

မိန်းမပျိုသည် ကြိမ်ခြင်းနှင့် ခရီးဆောင်အိတ်ကို လွှတ်မပေးဘဲ ပြန်၍ဆွဲငင်၏။

ကုလားနှစ်ကောင်ကလည်း အလျှော့မပေးဘဲ တင်း၍ထား၏။

ထိုသို့ ဆွဲလား၊ ရုန်းလား ဖြစ်နေလေရာ မိန်းမပျို၏ မျက်နှာမှာ ပန်းရောင်သို့ ပြောင်းလဲသွား၏။

အခြားသူများသည် ထိုအဖြစ်ကို မျှော်ပွဲကြည့်နေသည့်အလား ပြောင်းလဲသွား၏။ ချစ်မွှေးသည် ဆတ်ခနဲ ထ၍ရပ်လိုက်၏။

သူ၏ကိုယ်တွင်းမှ သွေးများ ဆူပွက်လာသလိုလည်း ခံစားမိ၏။

ကုလားနှစ်ကောင်ကြောင့် မိန်းမပျိုသည် ဏ္ဍေမြွေပျက် ယွင်းအောင် ဖြစ်နေချေပြီ။

သို့သော် ချစ်မွှေးသည် အီစမန်ကို ရင်ဆိုင်ရမည်ဟူသော အသိကြောင့် တင်းတင်းဆုပ်ထားသည့်လက်က ပြေလျော့သွား

www.burmeseclassic.com

www.burmeseclassic.com



၏။

ထိုသူများကိုရင်ဆိုင်ရန် တုန်လှုပ်နေသောကြောင့် ချစ်မွေးသည် သက်ပြင်းချကာ

"ဒါဟာ အားနွဲ့တဲ့မိန်းကလေး တစ်ယောက်ကို အနိုင်ကျင့်နှောင့်ယှက်နေတာပဲ၊ ဒါဟာ မတရားမှုပဲ၊ မတရားမှုကို ငါက ဒီအတိုင်း လက်ပိုက်ကြည့်နေရမှာလား၊ ဒါပေမဲ့ အီစမန်တို့နဲ့ ငါ ထိပ်တိုက်မတွေ့ရဲဘူး၊ ငါဟာ တော်တော်သတ္တိကြောင်တဲ့သူ ဖြစ်နေပြီလား"

ဟု ချီတုံချတုံဖြစ်လျက်ရှိစဉ် မိန်းမပျိုက လက်တွင်းမှ အရာများကိုလွှတ်၍ ပတ်ဝန်းကျင်မှလူများကို ဝေ့ဝဲကြည့်ကာ

"ရှင်တို့ မြန်မာလူမျိုးတွေ မဟုတ်ကြဘူးလား၊ မြန်မာ့မြေပေါ်မှာ မြန်မာမိန်းကလေး တစ်ယောက်ကို နှောင့်ယှက်နေတာ ဒီအတိုင်း ကြည့်နေရက်ကြတယ်၊ ရှင်တို့လိုလူတွေကြောင့် ကျွန်မတို့တိုင်းပြည် ကျွန်ဘဝမှာ နစ်သထက် နစ်နေတာပေါ့"

ဟု ပြောဆိုလိုက်၏။

ထိုစကားကြောင့် မြန်မာကုလီများ ခေါင်းငုံ့သွားကြ၏။



ချစ်မွေးလည်း ထိုစကားကြောင့် သူ့ကို ရည်ရွယ်၍ ပြောသလိုပင် ခံစားမိကာ များစွာ ရှက်ရွံ့သွားမိ၏။

ထိုအခိုက် မိန်းမပျိုသည် မျက်နှာပြောင်တိုက်ကာ စပ်ဖြဲဖြဲ လုပ်နေသော အီစမန်ကို စေ့စေ့ကြည့်ပြီး

"ရှင်တို့ မြန်မာအမျိုးသမီးကလေးတွေကို ဒီလိုပုံမျိုးနဲ့ ဘယ်လောက်တော နှောင့်ယှက်ပြီး ပြီလဲ မသိဘူး၊ ဒါပေမဲ့ ကျွန်မကိုတော့ မရဘူး"

ဟု ပြောကာ သူမ၏လက်တစ်ဖက်က ရိုပ်ခနဲ လှုပ်ရှားသွား၏။

အီစမန်သည် ပါးတစ်ဖက် ပူခနဲဖြစ်ကာ နှုတ်ဖျားမှ ယုတ်ရင်း ကြမ်းတမ်းစွာပင်

"ကောင်မ. . . နင်က ငါ့ပါးကိုရိုက်တယ် ပေါ့လေ"

ဟု အော်ဟစ်လိုက်၏။

တစ်ဆက်တည်းပင် ၎င်းသည် မိန်းမပျိုကို တစ်စုံတစ်ရာ ပြုလုပ်ရန် ရှေ့သို့တိုးကပ်လိုက်ရာ မိန်းမပျိုက သူ့ထက်ပို၍ လျှင်မြန်၏။

သူမ၏ဒူးက မြောက်တက်လာပြီး အီစမန် ပေါင်ခွကြား သို့ တန်းတန်းမတ်မတ် ဝင်သွား၏။

www.burmeseclassic.com

ဒီစမန်သည် နာကျင်ခံခက်လှ ဝေဒနာကြောင့် မျက်နှာကြီး ရှုံ့မဲ့၍ ခါးကိုင်းသွား၏။

ထိုအခါ မာမတ်က မိန်းမပျို၏နောက်ကျောဘက်မှ လက်သီးပြင်၏။

မိန်းမပျိုက ၎င်းကို ဆတ်ခနဲလှည့်ကြည့်ပြီး

*"ဘာ[illegible] ရှင်ပါ မရှုမလှခံသွားချင်လို့လား"*

ဟု ကြိမ်းဝါးလေ၏။ မာမတ်က အရှက်ကင်းမဲ့စွာ တဟဲဟဲရယ်၍

*"ဟဲ ဟဲ မဟုတ်ပါဘူး၊ မဟုတ်ပါဘူး၊ ကျုပ် မိန်းမတွေနဲ့ ရန်မဖြစ်ချင်ပါဘူး"*

ဟု ပြောကာ မိန်းမပျိုထံ သားရေအိတ်ကို အပ်လေ၏။

ထိုအခါ မိန်းမပျိုသည် ရှုံ့မဲ့နေသော ဒီစမန်ကိုပင် ကြည့်ရှုခြင်းမရှိဘဲ ကြိမ်ခြင်းကို ကောက်၍ဆွဲကာ ထိုနေရာမှ ထွက်ခွာလေ၏။

ဒီစမန်သည် မိန်းမပျိုကို မဟန့်တားရဲတော့ချေ။ မိန်းမပျိုမှာ ကျားရဲမလေးအသွင်နှင့် သူမကို ဝိုင်းဝန်းကြည့်ရှုနေသူများကြားမှ ကျော်ဖြတ်သွားလေတော့၏။

ချစ်မွှေးသည် အခက်အခဲကို ရဲရဲဝံ့ဝံ့ ရင်ဆိုင်သွားသော မိန်းမပျို၏နောက်ကျောကို တွေတွေကြီး စိုက်ကြည့်နေမိသလို ကိုယ်တိုင်လည်း ရှက်ရွံ့သိမ်ငယ်ခြင်းက ကြီးစိုးထား၏။

ထိုကဲ့သို့အဖြစ်မျိုးက ထိုနေရာတွင် မကြာခဏ ဖြစ်ပေါ်တတ်၏။ သို့သော် မိန်းမပျိုကဲ့သို့ ရင်ဆိုင်ဖြေရှင်းသွားသူ မရှိသေးချေ။

မကြာမီ ထိုအဖြစ်ကို မေ့ပျောက်ကာ လူစုကွဲသွားကြ၏။ ချစ်မွှေးသာလျှင် အသက်ကင်းမဲ့သည့် ကျောက်ရုပ်တစ်ရုပ်သို့ ရှိနေ၏။

သူသည် သက်ပြင်းကိုလည်း အကြိမ်ကြိမ်ချမိ၏။

သူ၏အတွေးအာရုံထဲတွင် မိန်းမပျို၏ပုံရိပ်က မည်သည့်အခါမှ ပျောက်ကွယ်သွားတော့မည် မဟုတ်ပေ။

မကြာမီ ချစ်မွှေးသည် မိန်းမပျိုနှင့် ဒီစမန်တို့ ရှုန်းရင်းဆန်ခတ်ဖြစ်ခဲ့သည့်နေရာမှ အရာကလေးတစ်ခုတွေ့၍ ကောက်ယူကြည့်ရှုမိ၏။

ထိုအရာကလေးသည် အမည်စာလုံးပုံထွင်းထုထားသော ငွေပြား ရင်ထိုးကလေးဖြစ်၏။

ထိုပစ္စည်းကလေးသည် မိန်းကလေးထံမှ ကျ၍ကျန်ရစ်ခြင်း ဖြစ်ရပေမည်။

ချစ်မွှေးက ရင်ထိုးကို သေချာစွာကြည့်ရှု၍ပြီး

www.burmeseclassic.com



"မြသဲညှာ ဆိုပါလား၊ လှလိုက်တဲ့နာမည်ကလေး၊ လူကလည်း လှပချောမောသလို စိတ်ဓါတ်ကလည်း မာကျောပါပေတယ်"

ဟု တီးတိုးရေရွတ်လိုက်တော့၏။

**သရဖီလှိုင်းစာပေ**

အမှတ် (၇)၊ အသောကလမ်း၊ ကျောက်မြောင်း၊

ရန်ကုန်မြို့၊





တစ်နေ့တွင် ချစ်မွေးသည် ကူလီအလုပ်သိမ်းပြီး ပြန်လာသော်လည်း အိပ်ကပ်ထဲတွင် ငွေတစ်ပြားတစ်ချပ်မျှ ပါရှိမလာခဲ့ချေ။

သူသည် အလုပ်သိမ်းလျှင် ထုံးစံအတိုင်း ကူလီခေါင်းပေသီးအား လုပ်အားခငွေတစ်ဝက်ကို ခွဲဝေပေးရ၏။

ထိုနေ့တွင် ပေသီးက

"ဟေ့ကောင်. . . ဒီနေ့ ငါ့မှာ ငွေ အသုံးလိုနေတယ်၊ မင်း လုပ်ခငွေတွေအားလုံး ငါ့ကို ပေးစမ်း"

ဟု ဆိုကာ ငွေများကို ဖျတ်ခနဲ ယူဆောင်လိုက်၏။



www.burmeseclassic.com

www.burmeseclassic.com



ချစ်မွေးက မျက်နှာနီရဲကာ

"ဒါတော့ ခင်ဗျား မတရားတော့ဘူး ထင်တယ်၊ နေ့စဉ် ကျူပ် ပင်ပင်ပန်းပန်းရှာထားရတဲ့ ငွေတွေ ခင်ဗျားကို ခွဲဝေပေးနေတာပဲ မဟုတ်လား"

ဟု ပြောလိုက်၏။

ပေသီးက ချစ်မွေးကို လည်ကုတ်မှ ကိုင်ဆွဲပြီး စေ့စေ့ကြည့်ကာ

"မင်းက မကျေနပ်ဘူးလား"

ဟု မေးမြန်းလေ၏။ ချစ်မွေးသည် ပေသီး၏အကြည့်ကို ရှောင်လွှဲကာ သက်ပြင်းချ၍

"ကျေနပ်ပါတယ်ဗျာ"

ဟု အဖြေပေးကာ ဆိပ်ကမ်းမှ ထွက်ခွာလာခဲ့၏။

သူသည် ယခုမှစ၍ ကူလီအလုပ်ကိုလည်း မလုပ်ကိုင်တော့ဟု ဆုံးဖြတ်လိုက်၏။ ချစ်မွေးသည် ဒေါ်မိုး၏ဆိုင်သို့ ရောက်လျှင် ဦးတောင်ကျော်က ဆီး၍

"ဟော့ကောင်လေး. . . မင်း ကူလီအလုပ် မလုပ်တော့နဲ့၊ မင်းအတွက် ဒီထက် သက်သက်သာသာနဲ့ ငွေရမဲ့အလုပ်တစ်ခု ငါ





တွေ့ထားတယ်"

ဟု ပြောလေ၏။ ထိုအခါ ဒေါ်မိုးကြီးက အံ့ဩတကြီးဟန်နှင့် ဦးတောင်ကျော်ကို

"ကြားသားမိုးကြိုး၊ ရှင့်လို ဆိုင်ထဲက ဆိုင်ပြင်မထွက်ဘဲ အရက်ပုလင်းနဲ့ ဖက်အိပ်နေတဲ့သူက ချစ်မွေးအတွက် အလုပ်ရှာပေးဦးမယ်ဆိုပါလား"

ဟု ရေရွတ်လေ၏။ ဦးတောင်ကျော်က ရင်ကိုကော့၍

"ဟဲ ဟဲ. . . ငါ့မှာလည်း နားနဲ့မျက်စိရှိပါတယ်ကွ၊ ငါတို့ဆိုင်မှာ အရက်လာသောက်နေကျ ပုံနှိပ်တိုက်က စက်ဆရာကို သိတယ် မဟုတ်လား၊ သူတို့ပုံနှိပ်တိုက်မှာ လက်တိုလက်တောင်းခိုင်းတဲ့ ကုလားလေးက စက္ကူတွေခိုးရောင်းလို့ အလုပ်ထုတ်ပစ်လိုက်တယ်ကွ၊ ဒါကြောင့် ပုံနှိပ်တိုက်မှာ အကူလုပ်ဖို့ ရိုးသားတဲ့လူတစ်ယောက် ရှာရဦးမယ်လို့ ညည်းနေတာကိုကြားပြီး ငါက ချစ်မွေးအတွက် လိုရမယ်ရ စကားစထားလိုက်မိတယ်၊ သူကတော့ ငါတို့ အာမခံရင် အလုပ်ပေးမှာပဲ၊ နောက်ပိုင်း ပုံနှိပ်တိုက်မှာကြိုးစားရင်



www.burmeseclassic.com

www.burmeseclassic.com



ကြိုးစားသလောက် စာပြင်ဆရာတွေ၊ စက်ပြင်
ဆရာတွေဖြစ်နိုင်တာပဲကွ၊ ကူလီအလုပ်ထက်
တော့ သာပါတယ်ကွာ"

ဟု ပြောလေ၏။ ချစ်မွေးကလည်း ချက်ချင်းပင် ခေါင်းညိတ်ပြီး

"ကူလီအလုပ်က ဒီနေ့ပဲထွက်ခဲ့ပြီဗျ၊
အဲဒီပုံနှိပ်တိုက်ကအလုပ်ကို လုပ်ချင်တယ်"

ဟု ဆိုလိုက်လေ၏။

ဤသို့ဖြင့် ချစ်မွေးသည် အလုံဘက်ရှိ ကုလားလူမျိုး တစ်ယောက်ပိုင်ဆိုင်သည့် ပုံနှိပ်တိုက်တွင် အလုပ်ရလေ၏။

ထိုပုံနှိပ်တိုက်သည် ထိုခေတ်အခါက လွန်စွာခေတ်စားလှသော တစ်မူးတန် ပြဇာတ်စာအုပ်ကလေးများကို တွင်တွင်ကျယ်ကျယ်ကြီး ရိုက်နှိပ်ရ၏။

ပုံနှိပ်တိုက်မှပင် ချစ်မွေးကို နေ့လယ်စာကျွေး၏။ ပိုင်ရှင်ကုလားကြီးက လခဟူ၍ ပုံသေသတ်မှတ်မထားဘဲ တစ်လလျှင် ငါးကျပ်၊ တစ်ဆယ်မျှ ကြည့်၍ပေးမည်ဟု ကတိပေး၏။

ပုံနှိပ်တိုက်မှာ တိုက်ခန်းတွဲများဆောက်လုပ်ထားသော အပေါ်ထပ်တွင်ရှိ၏။ ချစ်မွေးသည် စတင်၍ အလုပ်ဝင်သည့် နေ့၌ပင် လှေကားခြေရင်းကပ်လျက်အခန်းမှ လူကြီးတစ်ယောက်



ကို သတိပြုမိ၏။

ထိုလူကြီးသည် အသက်(၅၀)ကျော်ခန့်ရှိကာ အောက်ပိုင်းတွင် မသန်မစွမ်းဖြစ်နေဟန်နှင့် ဘီးတပ်ကုလားထိုင်ကိုအားပြု၍ သွားလာနေရ၏။

လူကြီးသည် တိုက်ခန်း၏တံခါးကို ဟသည်ဆိုရုံမျှ ဖွင့်၍ တစ်စုံတစ်ယောက်ကို စောင့်မျှော်နေဟန်ရှိသည်ကိုလည်း သတိပြုမိ၏။

ပုံနှိပ်တိုက်မှ စက်ဆရာများမှာ လက်ဖက်ရည်ကို မကြာခဏ စားသောက်တတ်လေရာ ချစ်မွေးသည်လည်း ကာကာဆိုင်သို့ မကြာခဏပြေး၍ လက်ဖက်ရည်ဝယ်ပေးရင်း လှေကားမှ ဆင်းချည်တက်ချည် ပြုလုပ်နေရ၏။

ထို့ကြောင့်ပင် သူသည် ထိုလူကြီးကို သတိပြုမိခြင်းဖြစ်၏။ လူကြီးနှင့် အတူနေသည့်လူများကို မတွေ့ရသည့်လား။ လူကြီး တစ်ယောက်တည်းပင် နေထိုင်သည်လား မသိချေ။

ချစ်မွေးသည် လေးခေါက်မြောက် ဆင်းသက်လာလေရာ လူကြီးက မောပန်းနွမ်းလျနေသော လေသံနှင့်

"ဟော့ကောင်လေး. . . လာစမ်းပါဦး"

ဟု လှမ်း၍ခေါ်လေ၏။ ချစ်မွေးက

"ဦးလေး ကျုပ်ကို ဘာခိုင်းမလို့လဲ၊

www.burmeseclassic.com

www.burmeseclassic.com



ခိုင်းစရာရှိရင် ခိုင်းပါ၊ အားမနာပါနဲ့"

ဟု ပြောလိုက်ရာ လူကြီးက တံခါးကို အနည်းငယ်ဟ၍ လမ်းမထက်သို့ ငေးမျှော်ကြည့်လိုက်ပြီးမှ

"မှင်း အပေါ်ထပ်က ပုံနှိပ်တိုက်ကို

အသစ်ရောက်လာတဲ့ လူသစ်မဟုတ်လား"

ဟု မေးမြန်းလေရာ ချစ်မွေးက ဟုတ်မှန်ကြောင်း ခေါင်း ညိတ်ပြလိုက်၏။ လူကြီးက ဆက်၍

"အေး. . . အေး၊ အရင်က ကုလားလေး

ကိုလည်း ငါ ခေါ်ခိုင်းပြီး မုန့်ဖိုး၊ ပဲဖိုးလေးတွေ

ပေးတတ်ပါတယ်၊ အခု မင်းကိုလည်း ခိုင်းစရာ

ရှိတယ်ကွ"

ဟု ပြောလိုက်၏။

ထို့နောက် လူကြီးက သူ၏ ဟောင်းနွမ်းသောကုတ်အင်္ကျီ အတွင်းအိတ်ထဲမှ စာအိတ်တစ်အိတ်ကို ထုတ်ယူကာ

"လမ်းထိပ်က စာတိုက်ပုံးထဲကို ထည့်

ပေးစမ်းကွာ၊ နေ့စဉ် ဒီအချိန်ရောက်ရင် ငါ့ဆီ

မှာ စာလာယူပြီး စာထည့်ပေးရမယ်၊ တစ်နေ့ကို

မုန့်ဖိုးတစ်မတ်ရမယ်"

ဟု ပြော၍ခိုင်းစေလေ၏။



ချစ်မွေးလည်း နေ့စဉ် ငွေတစ်မတ်ရမည်ဆို၍ ဝမ်းသာ အားရနှင့် စာထည့်ရန် ထွက်ခဲ့တော့၏။

ဤသို့ဖြင့် ချစ်မွေးသည် ထိုလူကြီးအတွက် နေ့စဉ် စာ တစ်စောင်ကျစီ မပျက်မကွက် ထည့်ပေးရ၏။

လူကြီးကလည်း သူ့ကို ငွေတစ်မတ် ပုံမှန်ပေး၏။ ချစ်မွေးသည် ထိုအတွေ့အကြုံကို ဒေါ်မိုးအား ပြန်၍ပြောပြလေ၏။

ထိုအခါ ဒေါ်မိုးက

"ဒီလူကြီးက တစ်ယောက်တည်းနေပုံရ

တယ်ဆိုတော့ စိတ်အပျင်းပြေလိုပြေငြား သူ့ရဲ့

ဆွေမျိုးတွေ၊ မိတ်ဆွေတွေဆီကို နေ့စဉ်စာရေး

ပြီး အပျင်းဖြေနေတာ ဖြစ်မှာပေါ့"

ဟု မှတ်ချက်ချလေ၏။ ချစ်မွေးကလည်း ခေါင်းညိတ်ပြီး

"ဟုတ်နိုင်တယ်ဗျ၊ သူလိပ်မူထားတဲ့

နေရာတွေကလည်း မြန်မာပြည်အထက်ပိုင်း

ကမြို့တွေ စုံနေတာပါပဲ၊ ဘာပဲဖြစ်ဖြစ် ကျုပ်

ကလည်း တစ်နေ့ကို ငွေတစ်မတ်ရနေတာပဲ

လေ"

ဟု ပြောလိုက်၏။

www.burmeseclassic.com

www.burmeseclassic.com



ဤသို့ဖြင့် (၁၀) ရက်မြောက်သောနေ့တွင် လူကြီးက ချစ်မွေးကို

"မင်းကို ဒီနေ့ကစပြီး စာမထည့်ခိုင်းတော့ဘူးကွ၊ ဒါပေမဲ့ ငါ အမှာပါးလိုက်တဲ့ သတင်းစကားတစ်ခုကို လူတစ်ယောက်ဆီသွားပြီး ပြောပြရမယ်"

ဟု ဆိုလေ၏။ ချစ်မွေးကလည်း အလွယ်တကူပင်

"ရပါတယ်၊ ကျုပ် ပုံနှိပ်တိုက်က အလုပ်သိမ်းတာနဲ့ ပြောပေးပါ့မယ်"

ဟု အာမခံလေ၏။

အလုပ်သိမ်းချိန်သို့ရောက်လျှင် လူကြီးက တံခါးဝတွင် ချစ်မွေးကို အသင့်စောင့်နေ၏။ ထို့နောက် လူကြီးသည် ဘီးတပ်ကုလားထိုင်ကို နောက်သို့ဆုတ်၍ ချစ်မွေးဝင်သာအောင် လမ်းဖယ်ပေးကာ

"မင်း အထဲကိုဝင်လာပါ၊ ငါမှာတဲ့စကားတွေကို သေသေချာချာ မှတ်ရမယ်"

ဟု ပြော၍ အခန်းတွင်းသို့ခေါ်လေ၏။

အခန်းမှာ သုတ်သင်ရှင်းလင်းခြင်းမပြုသည်မှာ ကြာပြီဖြစ်သောကြောင့် ဖုန်အလိမ်းလိမ်းကပ်၍ ညှီစို့စို့အနံ့အသက်





များပင် ထွက်ပေါ်နေ၏။

အတွင်း၌လည်း ပရိဘောဂဟူ၍ မယ်မယ်ရရမရှိဘဲ လူကြီး အိပ်စက်ဟန်ရှိသည့် ခေါက်ခုတင်တစ်လုံးနှင့် စားပွဲဟောင်းတစ်လုံးသာ ရှိ၏။

စားပွဲပေါ်တွင်လည်း ကြွေရည်သုတ်ငါးဆင့်ချိုင့်တစ်ခုကို ဖွင့်လျက်သား တွေ့ရ၏။ လူကြီးသည် တစ်ကိုယ်တည်းနေတိုင်ကာ ထမင်းဆိုင်မှ ချိုင့်ဆွဲဖြင့် စားသောက်ဟန်တူ၏။

ထိုအခိုက် လူကြီးက ချစ်မွေးကို

"မင်း ငါးထပ်ကြီးဘုရားနားက ကင်းဘဲ(လ်)လမ်းကို သွားရမယ်"

ဟု ပြောကာ ထိုလမ်းမှ မြေအမှတ်နှင့် တွေ့ဆုံရမည့်လူကို သေချာစွာ ပြောပြ၏။ ချစ်မွေးက ခေါင်းကုတ်ပြီး

"ကျုပ် လိပ်စာအရဆိုရင် မေးမြန်းစုံစမ်းပြီး သွားလို့ရပေမဲ့ ရန်ကုန်မြို့ကြီးကို လည်လည်ဝယ်ဝယ် မရောက်ဖူးဘူးဗျ"

ဟု ဝန်ခံလိုက်၏။ လူကြီးက လက်ကာပြပြီး

"ကိစ္စမရှိဘူး၊ မင်းအနေနဲ့ ငါသွားခိုင်းတဲ့ ပုံစံအတိုင်းသွားပါ၊ အရင်ဆုံး ဒီကနေ မြင်းလှည်းတစ်စီးငှားပြီး ရွှေဂုံတိုင်ကို ပို့ခိုင်းပါ



www.burmeseclassic.com

www.burmeseclassic.com



ရွှေဂုံတိုင်ကတစ်ဆင့် မြင်းလှည်းနောက်တစ်စီး ဆက်ငှားပြီး ငါးထပ်ကြီးဘုရားနားမှာ ဆင်းရမယ်၊ ပြီးရင် ကိုယ့်အားကိုယ်ကိုးပြီး လိပ်စာကိုရှာပါ၊ ငါပြောတာ သေသေချာချာမှတ်ပြီး အဲဒီအတိုင်း တိတိကျကျလုပ်ပါ၊ ပြီးတော့ ငါ့ကို ဘာမှပြန်ပြီး မေးခွန်းမထုတ်ပါနဲ့၊ ဒီထက် အရေးကြီးတဲ့ အမှာပါးရမဲ့စကားကိုလည်း ဂရုစိုက်ပြီး မှတ်ပေတော့"

ဟု ပြောလေ၏။

ချစ်မွေးလည်း ဘာမျှမမေးတော့ဘဲ နားစိုက်ထောင်နေလိုက်၏။ ထိုအခါ လူကြီးက အလေးအနက်ဟန်နှင့် နှုတ်ဖျားမှ

"တစ်နှစ်သုံးလေး ဖာမထွေးနဲ့
တစ်တီတူးတွေ တောတိုးမယ်၊
နဝင်းချေလို့၊ နဝင်းကျေလိမ့်မယ်၊
နဝင်းလေးတွေပျောက်ဖို့ နဝင်းကြီး
ရောက်ပြီ"

ဟု ရေရွတ်လေ၏။

လူကြီး၏ကားကြောင့် ချစ်မွေးသည် ရယ်ချင်စိတ်ဖြစ်သွားသော်လည်း ချက်ချင်းဖုံးဖိထားလိုက်ရ၏။ လူကြီးက သူ့မိတ်ဆွေ





ထံ သာကြောင်း၊ မာကြောင်းများကို အမှာပါးမည်ဟု ချစ်မွေးက ထင်မှတ်ထားမိ၏။

ယခုတော့ မည်သည့်အဓိပ္ပါယ်မှန်းမသိသည့်စကားများကို သေချာစွာ မှတ်သားခိုင်း၏။

ထို့နောက် မှတ်သားမိခြင်း ရှိမရှိ ပြန်၍ရွတ်ဆိုပြရ၏။ ပြီးလျှင် လူကြီးက ချစ်မွေး၏လက်တွင်းသို့ ငွေစက္ကူတစ်ထပ်ကို ထည့်ကာ

"ဒီအမှာစကားက ငါ့အတွက် သေရေးရှင်ရေးလောက် အရေးကြီးတယ်၊ မင်းဟာ ရိုးသားပုံရလို့ အကူအညီတောင်းရတာပါ၊ အမှားအယွင်းမရှိပါစေနဲ့"

ဟု မှာလေ၏။

ချစ်မွေးသည် ငွေစက္ကူများကိုကြည့်၍ တစ်ကျပ်ခန့်ရှိမည်ဟု ခန့်မှန်းမိကာ ဖျက်လုံးပြူးကျယ်သွား၏။

လူကြီးစကားကြောင့်လည်း သူသည် ထိုကိစ္စအား ပေါ့ပေါ့တန်တန် မဖြစ်နိုင်မှန်း ရိပ်မိလိုက်တော့၏။



www.burmeseclassic.com

www.burmeseclassic.com



ချစ်မွေးသည် လူကြီး၏ ခိုင်းစေမှုအတိုင်း မြင်းလှည်းတစ်စီးကို ငှား၍ ရွှေဂုံတိုင်ဘက်သို့ ပို့ခိုင်းလေ၏။

ထိုမှတစ်ဆင့် နောက်ထပ် မြင်းလှည်းတစ်စီးငှားရမ်းကာ ငါးထပ်ကြီးဘုရားသို့ ရောက်လာခဲ့၏။ ချစ်မွေးသည် လူကြီးက ဘာကြောင့် မြင်းလှည်းအဆင့်ဆင့်စီး၍ သွားလာခိုင်းသည်ကို နားမလည်ချေ။

သို့သော် သူသည် တာဝန်ကို ကျေပွန်အောင်လုပ်ဆောင်မည်ဟု ဆုံးဖြတ်ပြီးဖြစ်၏။ ငါးထပ်ကြီးဘုရားသို့ရောက်လျှင် အချိန် က ညနေ စောင်းနေပြီဖြစ်၏။





သူသည် ဒေါ်မိုးဆိုင်သို့ အပြန်နောက်ကျပေလိမ့်မည်။ ဆိုင်သို့ရောက်လျှင် သူ့အတွက် ထိုနေ့တွင် တစ်ခါမျှ မကိုင်တွယ်ဖူးသော ငွေများကို ပိုင်ဆိုင်ရပြီဟု ဝမ်းသာအားရ သတင်းကောင်းပေးရမည်။

သူ့အပေါ်တွင် အမိအဘလို ကောင်းမွန်စွာ ဆက်ဆံသော ဒေါ်မိုးတို့လင်မယားကိုလည်း ငွေအချို့ကို ကန်တော့မည်ဟု တေးမှတ်ထားလိုက်၏။

ထို့နောက် ချစ်မွေးသည် လိပ်စာကို စုံစမ်းမေးမြန်းကာ ငါးထပ်ကြီးဘုရားလမ်းခေါ် ကင်းဘဲ(လ်)လမ်းသို့ ရောက်ရှိလာ၏။

လိပ်စာအရ အုတ်တံတိုင်းမြင့်ကြီးကာရံ၍ ခြံဝင်းသံတံခါးကြီး တပ်ဆင်ထားသည့် ကျွန်းအိမ်မည်းကြီးတစ်အိမ်ရှေ့သို့ ရောက် ရှိလာ၏။

ခြံဝင်းထဲတွင်လည်း သစ်ပင်ကြီးများ ပေါက်ရောက်ကာ အုပ်အုပ်ဆိုင်းဆိုင်း ဖြစ်နေ၏။

ချစ်မွေးသည် ခြံဝင်းသံတံခါးမှ ခေါင်းလောင်းကလေးကို တချွင်ချွင်လှုပ်ခတ်ပြီး အသံပေးလိုက်၏။

ထိုကဲ့သို့ သုံးလေးကြိမ်မျှ လှုပ်ရမ်းသော်လည်း ခြံဝင်းထဲမှ မည်သည့်လူသူအရိပ်အယောင်မျှ မြင်တွေ့ရခြင်းမရှိချေ။



www.burmeseclassic.com

www.burmeseclassic.com



ထိုအခိုက် ချစ်မွေးသည် ခြံဝင်းသံတံခါးကြီးမှာ သော့ခတ်၍ ပိတ်ထားခြင်းမရှိဘဲ ပွင့်ဟနေသည်ကို သတိပြုမိကာ ပါးစပ်အဟောင်းသားနှင့်

"ဒီလောက် ကြီးကျယ်ခမ်းနားတဲ့ သူဌေးအိမ်က ခြံဝင်းတံခါးကိုတောင် သော့မခတ်ပဲထားတာ သူခိုးသူဝှက်တွေဝင်လာရင် ဘယ်လိုလုပ်မလဲ၊ ဒီသူဌေးတွေ တော်တော်ပေါ့လျော့တာပဲ၊ ငါကလည်း ဆိုင်ကို စောစောပြန်ရောက်ချင်တော့ ခြံစောင့်မရှိလည်း ငါ့ဘာသာ ဒီတံခါးက ဝင်ရတော့မှာပေါ့"

ဟု တစ်ကိုယ်တည်း ရေရွတ်လိုက်၏။

ထို့နောက် ချစ်မွေးသည် ကျောက်များစီ၍ခင်းထားသည့် လမ်းအတိုင်း ကျွန်းအိမ်မည်းကြီးဆီသို့ လျှောက်လာရင်း

"ဗျို့. . . အိမ်ရှင်တို့၊ အိမ်ရှင်တို့၊ ခြံတံခါးကြီးပွင့်နေတာနဲ့ ကျုပ် ဒီအတိုင်းဝင်လာခဲ့ပြီဗျို့"

ဟု အော်ဟစ်အသံပေးလာခဲ့၏။

အိမ်တံခါးဝသို့ရောက်မှပင် သူ၏အော်ဟစ်သံက ရပ်တန့်ပြီး အနည်းငယ် ပွင့်ဟနေသော ကျွန်းတံခါးကြီးကို





မျက်မှောင်ကြုတ်၍ ကြည့်ကာ

"ဟော. . . အိမ်တံခါးလည်း ဖွင့်ထားတယ်"

ဟု ရေရွတ်လိုက်ပြန်၏။

အတွင်းမှ မီးရောင် မှိန်ပြပြက တံခါးမှ တိုးထွက်နေ၏။ ချစ်မွေးက ဆက်၍ အိမ်ရှင်တို့အား အသံပေးသော်လည်း မည်သို့မျှ ထူးခြားမှုမရှိသောကြောင့်

"ဘယ်လိုလူတွေလဲ၊ ဒီလောက်အော်ဟစ်နေတာတောင် ဘယ်သူမှ ထွက်မလာဘူး၊ သူတို့ ထွက်မလာတော့ ငါက တစ်ချိန်လုံး စောင့်နေရမလိုဖြစ်နေပြီ၊ ဒီလိုလည်းမဖြစ်ဘူး၊ ဟိုလူကြီးအမှာပါးတဲ့စကားကို မြန်မြန်ပြောပြီး မြန်မြန်ပြန်ရမယ်"

ဟု တွေးကာ ကျွန်းတံခါးကြီးကို တွန်း၍ အိမ်တွင်းသို့ လှမ်း ဝင်လိုက်တော့၏။

အိမ်ကြီး၏ ဧည့်ခန်းမှာ ကော်ဇောအပြည့်ခင်းကာ ခမ်းနားကျယ်ဝန်းလှ၏။ မျက်နှာကျက်တွင် လွန်စွာကြီးမားလှသည့် မီးပန်းဆိုင်းကြီး ချိတ်ဆွဲထား၏။

ဧည့်ခန်းထောင့်တွင် ကျွန်းသားရောင် ပြောင်လက်နေ



www.burmeseclassic.com

www.burmeseclassic.com



သည့် လှေကားကြီးတစ်ခုကို အပေါ်ထပ်သို့တက်ရန် ပြုလုပ်ထား၏။

ချစ်မွေးက အသံပေးရင်း နူးညံ့အိစက်သော ဆိုဖာခုံပေါ်တွင် ထိုင်ချလိုက်ကာ

*"ဒီထက်ပိုပြီး တစ်ခန်းဝင်၊ တစ်ခန်းထွက်နဲ့ အိမ်ရှင်ကို လိုက်ရှာရမလို ဖြစ်နေပြီ၊ ဒါတော့ မကောင်းဘူး၊ ဒီကပဲ စောင့်တော့မယ်"*

ဟု ဆုံးဖြတ်လိုက်၏။

အခန်းထောင့်တစ်နေရာ၌ မှိန်ပြပြဖါတ်မီးသီးတစ်လုံးက လင်းလျက်ရှိ၏။ ဧည့်ခန်းအတွင်း၌ အပြင်မှအလင်းရောင် မဝင်ရောက်လေရာ ထိုမီးပွင့်ကလေးအလင်းသာရှိ၍ အလင်းရောင်က အားနည်းလှ၏။

ထိုအခိုက် ချစ်မွေးသည် အခန်းကျယ်ကြီးအား ထိုင်လျက်မှပင် စူးစမ်းလေ့လာနေလေရာ တစ်နေရာသို့အရောက်တွင် အကြည့်က ရပ်တန့်သွား၏။

အဘယ်ကြောင့်ဆိုသော် သူ၏မျက်နှာချင်းဆိုင် ဆိုဖာနောက်ကွယ်ကြမ်းပြင်မှ လူတစ်ယောက်၏ခြေထောက်က ထွက်ပြူနေသည်ကို တွေ့လိုက်ရခြင်း ဖြစ်၏။





ချစ်မွေးသည် ဝုန်းခနဲ ခုန်ထကာ ထိုနေရာသို့ ချက်ချင်းရောက်ရှိသွား၏။ သက္ကလတ်တိုက်ပုံနှင့် အကောင်းစားဘန်ကောက်ပုဆိုးကို ဝတ်ဆင်ထားသော ပုပုဝဝနှင့် ထိပ်ပြောင်သော လူကြီးတစ်ယောက်သည် ဆိုဖာခုံနောက်တွင် မှောက်လျက်ကြီး လဲကျနေ၏။

ထိုလူကြီး၏နဘေး၌လည်း အရက်ပုလင်းတစ်လုံး လူကြီးအတိုင်း လဲနေကာ ကော်ဇောပေါ်တွင် အကွက်ကြီးဖြစ်နေ၏။

ထိုအခါမှပင် ချစ်မွေးသည် အံ့ဩထိတ်လန့်စိတ်ပျောက်ကာ ဟက်ခနဲရယ်မောပြီး

*"ဟဲ ဟဲ... အိမ်ရှင်က အမူးလွန်ပြီး မှောက်နေတော့ ခေါ်မကြား၊ အော်မကြားဖြစ်တာ သိပ်မဆန်းပါဘူး၊ ဒါပေမဲ့ ကိစ္စမရှိပါဘူးလေ၊ ကျုပ်က အရက်ဆိုင်မှာလုပ်နေတဲ့လူပါ၊ အမူးသမားတွေကို မြန်မြန်သက်သာရာရအောင် ဘယ်လိုလုပ်ရတယ်ဆိုတာ ကျွမ်းကျင်ပါတယ်"*

ဟု ပြောကာ ထိပ်ပြောင်နှင့်လူကြီးအနီး၌ ဒူးထောက်ကာ လူကြီး၏ပခုံးကို ကိုင်၍ ဆွဲလှန်လိုက်၏။

ထိုအခါ ချစ်မွေးသည် တွေ့လိုက်ရသောမြင်ကွင်းကြောင့်



www.burmeseclassic.com

www.burmeseclassic.com



ငယ်ထိပ်သို့ မိုးကြိုးအပစ်ခံလိုက်ရသလို တုန်လှုပ်သွား၏။

ကြောက်ရွံ့ထိတ်လန့်မှုကလည်း သူ့ကို မျက်လုံးကြီးအပြူးသားနှင့် ဖြစ်ပေါ်စေကာ နှုတ်ဖျားမှ အထစ်ထစ်အငေါ့ငေါ့နှင့်

"ရင်ဘတ်မှာ ဓါးမြှောင်တန်းလန်းနဲ့၊
ဘုရား. . . ဘုရား၊ ဒီလူကြီးဟာ ဓါးထိုးခံရလို
သေပြီထင်တယ်၊ ငါ. . . ငါ ဘယ်လို လုပ်ရပါ့
မလဲ"

ဟု ရေရွတ်လိုက်၏။

လူကြီး၏မျက်နှာကလည်း မသေဆုံးခင် နာကျင်ခံခက်လှသော ဝေဒနာကို ခံစားခဲ့ရဟန်နှင့် မျက်လုံးကြီးက ပြူးကျယ်၍ မြင်မကောင်းအောင်ရှိနေ၏။

ချစ်မွှေးသည် လူကြီး၏ သွေးအလိမ်းလိမ်းရှိနေသည့် ရင်ဘတ်မှ ဓါးမြှောင်ရိုးကို သတိလက်လွတ် ဆုပ်ကိုင်မိပြီးမှ ဆတ်ခနဲပြန်လွှတ်ကာ

"မဖြစ်ဘူး၊ ဒါဟာ. . . လူသတ်မှုပဲ၊ ငါ
ဒီက မြန်မြန်ပြန် ထွက်မှဖြစ်မယ်၊ ငါ့အပေါ်
အမှုပတ်နေလိမ့်မယ်"

ဟု တွေးမိပြီး အလောင်းကောင်ကြီးကို ဖြည်းညှင်းစွာ ပြန်၍ ချထားလိုက်၏။





ထိုအခိုက်တွင် ချစ်မွှေး၏နောက်ကျောဘက်မှ

"မင်းဟာ အခုအချိန်မှာ လူသတ်သမား
တစ်ယောက်ဖြစ်နေပြီ"

ဟူသော စကားသံ ထွက်ပေါ်လာ၏။

ချစ်မွှေးသည် ဆတ်ခနဲ နောက်သို့လှည့်လိုက်ရာ အနက်ရောင် ကုတ်အင်္ကျီရှည်ကြီးကို ဝတ်ဆင်၍ သက္ကလတ်ဦးထုပ်ကို ခပ်ငိုက်ငိုက်ဆောင်းထားသော လူတစ်ယောက်ကို တွေ့ရ၏။

ချစ်မွှေးသည် မှိန်ဖျော့သောအလင်းနှင့် ထိုသူ၏မျက်နှာကို မြင်တွေ့လိုက်ရမှ ထိတ်လန့်မှုက အဆုံးစွန်ဖြစ်သွား၏။

သေချာစွာ မြင်တွေ့ရမှပင် ထိုသူသည် အနက်ရောင် မျက်နှာဖုံးစွပ်တစ်ခုကို တပ်ဆင်ထားမှန်းသိရ၏။

မျက်နှာဖုံးမှာ မျက်လုံးနေရာနှင့် ပါးစပ်နေရာ၌ အပေါက်ဖောက်ထား၏။ ချစ်မွှေးသည် ကြက်သေသေနေသလို ရှိနေရာ ထိုသူက သူ့ထံ တဒေါက်ဒေါက်နှင့် လှမ်းလာပြီး

"ဒီလိုလူသတ်မှုမျိုးက ကြိုးစင်နဲ့ ထောင်
တစ်သက်တစ်ကျွန်းပဲ"

ဟု ပြောပြန်၏။

ချစ်မွှေးသည် ရပ်တန့်ရန်ပင် အင်အားမရှိတော့ဘဲ ဒူးညွတ်၍ လဲပြိုချင်သလို ဖြစ်လာ၏။



www.burmeseclassic.com

www.burmeseclassic.com



ထို့နောက်မှ အားတင်က

"ကျုပ် လူသတ်သမားမဟုတ်ပါဘူးဗျာ၊ ဒီလူကြီးရဲ့ မိတ်ဆွေ အမှာပါးလိုက်တဲ့စကားကို လာပြောတာပါ၊ ဒီလူကြီးကိုလည်း အခုမှ မြင်တွေ့ဖူးတာပါ"

ဟု ဖြေရှင်းလိုက်၏။

မျက်နှာဖုံးနှင့်လူက တည်ငြိမ်စွာပင် စီးကရက်ကို မီးညှိ၍ ဖွာရှိုက်ပြီး

"ဒါပေမဲ့ အင်းစိန်စီအိုင်ဒီက စုံထောက်တွေ၊ ပုလိပ်တွေကတော့ မင်းရဲ့စကားကို ယုံကြည်မှာမဟုတ်ဘူးကွ၊ မင်းဟာ သေသူရဲ့ ရင်ဘတ်မှာစိုက်နေတဲ့ ဓါးမြှောင်ကိုတောင် လက်နဲ့ဆုပ်ကိုင်လိုက်သေးတယ် မဟုတ်လား၊ ပြီးတော့ မင်းကိုယ်ခန္ဓာမှာလည်း သေသူရဲ့ သွေးတွေစွန်းထင်းနေတယ်၊ ဒီထက်ပိုပြီး အဓိကကျတာကတော့ ငါဟာ မျက်မြင်သက်သေတစ်ယောက်ဖြစ်နေလို့ပဲ၊ ငါ့နှုတ်ဖျားက ထွက်လာတဲ့ စကားတစ်ခွန်းဟာ မင်းရဲ့ ကံကြမ္မာအဆိုးအကောင်းကို စီရင်နိုင်တယ်"





ဟု ပြောလေ၏။ ချစ်မွေးသည် ထိုသူအား စူးစိုက်ကြည့်ရှုလိုက်ပြီး

"ကျုပ် ဒီအိမ်ကြီးထဲရောက်လာတာ အစအဆုံး ခင်ဗျား မြင်တွေ့နေတာပေါ့၊ ခင်ဗျားဟာ မျက်နှာဖုံးစွပ်ပြီး ပင်ကိုယ်ရုပ်ရည်ကို ဖုံးကွယ်ထားတယ်ဆိုကတည်းက မကောင်းမှုပြုလုပ်ဖို့ ကြံရွယ်ထားလို့ပဲ ဖြစ်ရမယ်၊ ကျုပ်သိပြီ၊ ဒီလူကြီးကို ခင်ဗျားပဲ သတ်လိုက်တာ မဟုတ်လား"

ဟု အော်ဟစ်လိုက်၏။

ချစ်မွေးသည် ကြောက်စိတ်တို့ အနည်းငယ်လျော့ပါးလာပြီ ဖြစ်လေရာ အခြေအနေမှန်ကို တွက်ဆနိုင်လာ၏။

သူ့ကို မျက်နှာဖုံးစွပ်နှင့်လူက လူသတ်မှုအတွက် ချောက်ချလိုခြင်းသာ ဖြစ်ရပေမည်။ ထိုလူသည် လူသတ်သမားသာ ဖြစ်ရပေမည်။

ချစ်မွေးက စိတ်တွင်းမှ ထိုသူအား တိုက်ခိုက်၍ လွတ်မြောက်ရန် စဉ်းစားမိပြန်၏။ ထိုသူ၏စကားအရ လူရွယ်တစ်ယောက်သာ ဖြစ်ဟန်ရှိ၏။

သူနှင့် ကိုယ်လုံးကိုယ်ပေါက်ချင်းလည်း တူသယောင်ရှိ၏။



www.burmeseclassic.com

www.burmeseclassic.com



ထို့ကြောင့် ချစ်မွေးသည် ထိုသူထံ ဝုန်းခနဲ ပြေးလွှားကာ တိုက်ခိုက်ရန် ပြင်လိုက်၏။

သို့သော် မျက်နှာဖုံးနှင့်လူ၏ လက်သီးတစ်လုံးက ချစ်မွေး၏ မျက်နှာသို့ ဝှီးခနဲ ပြေးဝင်လာ၏။

ချစ်မွေးမှာ အော်ပင်မအော်နိုင်ဘဲ နောက်သို့လန်ကျသွား၏။ သူ၏နှုတ်ခမ်းမှ သွေးတို့ ချက်ချင်းပင် စီးကျလာ၏။

ထိုသူက ချစ်မွေး၏အပေါ်မှ အုပ်မိုး၍ လေသံအေးအေးနှင့်

"ဒါပေမဲ့ မင်းကို ပုလိပ်လက်ထဲ ငါမအပ်ပါဘူး၊ မင်းဘဝကိုတော့ ငါပိုင်ဆိုင်သွားပြီ၊ ငါ့ရဲ့ဆန္ဒကို ဆန့်ကျင်ပြီး မင်း ဘာမှ လုပ်ပိုင်ခွင့်မရှိတော့ဘူး၊ ဟောဒီလူသတ်မှုက လွတ်မြောက်စေရမယ်လို့ ငါအာမခံတယ်၊ ဒီလိုမှမဟုတ်ရင်တော့ ငါပြောခဲ့ဖူးတဲ့အတိုင်း ကြိုးစင်နဲ့ ထောင်တန်းသက်ကို ကြိုက်တာရွေးပေတော့ ကိုယ့်လူ"

ဟု ပြောလေ၏။

ချစ်မွေးသည် မထင်မှတ်ဘဲ ပိပိရိရိဆင်ထားသည့် ထောင်ချောက်အတွင်း သက်ဆင်းမိပြီဖြစ်ကြောင်း သဘောပေါက်ကာ ခေါင်းငိုက်စိုက်ကျသွား၏။





ထိုသူက ဆက်၍

"မင်းကို လူတစ်ယောက်က အမှာပါးလိုက်တဲ့ စကားကို ပြောစမ်း"

ဟု မေးမြန်းလေရာ ချစ်မွေးလည်း အစမှအဆုံးတိုင် ပြောပြ လိုက်၏။

မျက်နှာဖုံးနက်က စူးစိုက်နားထောင်ပြီးနောက် တိုးညှင်းစွာ ရယ်မောပြီး ခေါင်းတဆတ်ဆတ်ညိတ်၏။

ထို့နောက် အလောင်းကောင်ကြီးမှ လတ်လတ်ဆတ်ဆတ်ထွက်ရှိသည့်သွေးများကို သူ၏သားရေလက်အိတ်စွပ်ထားသောလက်နှင့်တို့ကာ အနီးရှိ မှန်စားပွဲထက်တွင်

"ကိုးနဝင်း"

ဟူသော စာလုံးကြီးကို ရေးသားလိုက်တော့၏။



www.burmeseclassic.com

www.burmeseclassic.com



ဦးတောင်ကျော်သည် ဆိုင်ဝမှ လမ်းမထက်သို့ မကြာခဏ မျှော်ကြည့်ကာ

"ဒီကောင်လေး. . . ဒီအချိန်ဆို ပြန်ရောက်လောက်ပြီ၊ ဘာဖြစ်နေတာပါလိမ့်"

ဟု ရေရွတ်လေ၏။

ထိုအချိန်၌ အမှောင်ထုက ကြီးစိုးနေပြီဖြစ်၏။ အတန်ကြာလျှင် ပုံနှိပ်တိုက်မှ စက်ဆရာသည် အရက်သောက်ရန် ရောက်ရှိလာလေရာ ဦးတောင်ကျော်က

"ဗျို့ စက်ဆရာကြီး၊ ချစ်မွှေး အခုထိပြန်မရောက်သေးလို့ဗျ၊ ခင်ဗျားတို့ ပုံနှိပ်စက်မှ အလုပ်တွေများနေတယ်ထင်တယ်"



ဟု မေးမြန်းလိုက်၏။

စက်ဆရာက ခေါင်းယမ်းပြီး

"ဒီကောင်လေးကို ကျုပ်-နေ့စဉ် ညနေ မစောင်းခင် ပြန်လွှတ်တာပဲဗျ၊ ဒီနေ့လည်း ပုံမှန်အချိန်ပဲ ပြန်လွှတ်လိုက်တာပါဗျာ၊ ဒီကောင် ဘယ်တွေများ ခြေရှည်နေသလဲမှ မသိတာ"

ဟု အဖြေပေးလေ၏။ ဦးတောင်ကျော်က ခေါင်းကုတ်ပြီး

"ခက်တာပဲ၊ ကောင်လေးက ဒီလိုလည်း မသွားတ...တော့ ဘာဖြစ်နေသလဲဆိုပြီး ကျုပ်စိတ်ထဲ ...ဝင်နေတယ်ဗျ"

ဟု ဆိုလိုက်ရာ စက်ဆရာက ခေါင်းယမ်းပြီး

"ယောက်ျားပဲဗျာ၊ ကိစ္စမရှိပါဘူး၊ အချိန်တန်တော့လည်း ပြန်ရောက်လာမှာပေါ့"

ဟု ပြောလေ၏။

သို့သော် ဆိုင်ပိတ်ချိန်အထိ ချစ်မွှေးသည် ပေါ်မလာသောကြောင့် ဒေါ်မိုးက ပိန်ပိန်သေးသေးနှင့် မျက်နှာစုတ်ချွန်းချွန်းရှိသော လူတစ်ယောက်ကိုခေါ်၍

"ဒီမှာ ကြွက်ကလေး၊ ငါ့ဆိုင်ကချစ်မွှေး အခုထိပြန်မလာသေးဘူး၊ သူ့ကို ရှာပေးစမ်း"

www.burmeseclassic.com

ဟု ခိုင်းစေလေ၏။

ကြွက်ကလေးသည် ရန်ကုန်မြို့အနှံ့ ချောင်ကြို ချောင်ကြားပါမကျန် သွားလာကာ အလုပ်မျိုးစုံနှင့် အသက်မွေးနေသူဖြစ်၏။

တစ်ခါတစ်ရံ ကြွက်ကလေးသည် ပစ္စည်းဟောင်းဝယ်သူတစ်ယောက်ဖြစ်နေသလို တစ်ခါတစ်ရံတွင်လည်း လစ်လျှင်လစ်သလို အလစ်သုတ်ယူတတ်သူသာ ဖြစ်၏။

ရန်ကုန်မြို့ကြီးတွင် အပ်ကျသည်ကအစ ကြွက်ကလေးသိရှိပြီးဖြစ်၏။ ကြွက်ကလေးသည်ပင် ချစ်မွေးကို သုံးရက်ဆက်တိုက် ရှာဖွေပြီးနောက် လက်လျှော့ကာ

"ဒီကောင်နဲ့တွေ့မှ ကျုပ်နာမည်ပျက်ပြီကို၊ ဘယ်မှာမှ ရှာလို့မတွေ့ဘူး၊ ရန်ကုန်မှာရှိသေးရဲ့လားတောင် မသိဘူး"

ဟု သတင်းပေး၏။

ထိုအချိန်၌ ချစ်မွေးသည် အလုံပိတ် မြေတိုက်ခန်းတစ်ခုအတွင်း ရောက်ရှိနေ၏။ မျက်နှာဖုံးနက်နှင့်လူက ချစ်မွေးအားလူသတ်မှုဖြစ်ပွားရာ အိမ်ကြီးမှ ညတွင်းချင်းပင် ခေါ်ဆောင်လာခြင်း ဖြစ်၏။

သူတို့နှစ်ယောက် ထိုအိမ်ကြီးမှအထွက်တွင် အသင့်စောင့်



နေဟန်ရှိသော အနက်ရောင်ကားတစ်စီးက ရောက်ရှိလာ၏။ ထိုအခါ မျက်နှာဖုံးနက်က ချစ်မွေးကို

"ကားပေါ်တက်ပေတော့ ကိုယ့်လူ"

ဟု အမိန့်ပေး၏။

ကားပေါ်သို့ရောက်လျှင် မျက်နှာဖုံးနက်က ချစ်မွေး၏မျက်နှာကို အဝတ်တစ်စနှင့် စည်းနှောင်ပြန်ကာ

"ငါက မင်းကို လျှို့ဝှက်တဲ့တစ်နေရာကို ခေါ်သွားရမှာဖြစ်လို့ ဒီလိုလုပ်ရတာပါ၊ စိတ်မရှိပါနဲ့"

ဟု ဆိုလေ၏။

ဤသို့ဖြင့် ချစ်မွေးသည် ကားပေါ်၌ အချိန်ကြာမြင့်စွာစီးနင်း လိုက်ပါလာပြီးနောက် အလုံပိတ် မြေတိုက်ခန်းတွင်းသို့ရောက်ရှိလာခဲ့၏။

ထိုအခါ ချစ်မွေးက မျက်နှာဖုံးနက်ကို

"ခင်ဗျားက ကျုပ်ကို ဒီအခန်းထဲမှာ ချုပ်နှောင်ထားမလို့လား"

ဟု မေးမြန်းလိုက်၏။ မျက်နှာဖုံးနက် ခေါင်းယမ်းပြီး

"ဒီအခန်းထဲမှာ မင်းအတွက် လိုတာရစေမယ်၊ သူဌေးသူကြွယ်တစ်ယောက်လို

စည်းစိမ်အပြည့်နဲ့နေရမယ်၊ တစ်ချိန်ချိန်မှာ မင်းဟာ ဒီအခန်းထဲက ထွက်ခွာခွင့်ရပါလိမ့်မယ်၊ အဲဒီအချိန်မှာ မင်းဘဝဟာ အရာအားလုံး ပြောင်းလဲနေလိမ့်မယ်"

ဟု ပြောလေ၏။ ချစ်မွေးက ခေါင်းယမ်းပြီး

"ခင်ဗျား ဘာအဓိပ္ပါယ်နဲ့ ဒီလိုလုပ်နေတယ် ဆိုတာ ကျုပ် လုံးဝနားမလည်ဘူး"

ဟု ဆိုလိုက်ရာ မျက်နှာဖုံးနက်နှင့်လူက

"အချိန်တန်ရင်သိမှာပါ၊ ဒီအခန်းထဲက လွတ်မြောက်ချင်တယ် ဆိုရင်တော့ ငါစမ်းသပ်တဲ့ စာမေးပွဲတွေကို အောင်မြင်အောင် လုပ်ပေတော့"

ဟု ပြောကာ ထွက်ခွာသွားတော့၏။

နောက်တစ်နေ့တွင် မျက်နှာဖုံးနက် ရောက်ရှိလာပြန်ကာ

"ဟောဒီမှာ မင်းအတွက် လိုအပ်တဲ့ အဝတ်အထည်တွေ၊ အခုအချိန်ကစပြီး မင်းရဲ့ အပြင်ပန်း အသွင်အပြင်တွေကို ပြောင်းလဲပစ်ရမယ်"

ဟု ဆိုကာ အဝတ်အထည်များကို ဝတ်ဆင်ခိုင်း၏။





ထိုအခါ ချစ်မွေးသည် အညိုရောင် သက္ကလတ် ဘောင်းဘီနှင့် ရှူးဖိနပ်ကို ဝတ်ဆင်ရ၏။

ထို့နောက် ရှပ်ဖြူလက်ရှည်ပေါ်မှ ကုတ်ဂျာစီခေါ် လက်ပြတ်အင်္ကျီကိုဝတ်ကာ ထိုမှထပ်၍ အညိုရောင် ကုတ်အင်္ကျီကို ဝတ်ဆင်ရပြန်၏။

မျက်နှာဖုံးနက်က ချစ်မွေးကို လည်စည်းကို သေသေသပ်သပ် စည်းနှောင်ပေးကာ သေချာစွာ ကြည့်ရှုပြီး

"မင်းရဲ့အသွင်သဏ္ဌာန်ဟာ မြို့ကြီးသားလူကုံထံတစ်ယောက်နဲ့ ဘာမှမကွာခြားလှပါလား၊ ကောင်းတယ်၊ ငါလိုချင်တာ ဒီပုံစံပဲ"

ဟု ပြောလေ၏။

ချစ်မွေးလည်း နံရကပ် ကိုယ်လုံးပေါ်မှန်ကြီးမှ မြင်တွေ့နေရသော မိမိ၏ပုံရိပ်ကို ကြည့်ပြီး မူလရုပ်သွင်နှင့် ကွဲပြားခြားနားနေသည်ကို တွေ့လိုက်ရ၏။

သို့သော် သူ့ခေါင်းထဲတွင် ရှုပ်ထွေးလှသော ပဟေဠိများနှင့် ပြည့်ကြပ်လျက်သာရှိတော့၏။ ထိုနေ့မှစ၍ မျက်နှာဖုံးနက် ရောက်ရှိမလာတော့ချေ။

ချစ်မွေးအတွက် အခန်းတွင်း၌ စားသောက်စရာ အပြည့်အစုံနှင့် အပြင်သို့ထွက်ရန်မလိုဘဲ ရေချိုးခန်း၊ အိမ်သာပါရှိ

www.burmeseclassic.com



ချစ်မွေးအတွက် လိုအပ်သည်များကို ပြုလုပ်ပေးရန် မျက်နှာပေါက်ဆိုးဆိုးနှင့် ကျွဲပေါက်ကြီးတစ်ကောင်လို ထွားကြိုင်းသန်မာသော လူထွားကြီးတစ်ယောက်ရှိ၏။

ထိုလူထွားကြီးသည် မြေတိုက်ခန်း၏ မျက်နှာကျက်နေရာမှ သံပြားဝိုင်းအပေါက်ကိုဖွင့်၍ သံလှေကားအတိုင်း ဆင်းသက်လာပြီး အစားအသောက်များကို ပို့ဆောင်တတ်၏။

ထိုသူသည် တစ်နေ့လျှင် နှစ်ကြိမ်၊ သုံးကြိမ်မျှ မြေတိုက်ခန်းတွင်းသို့ ရောက်ရှိလာသော်လည်း မည်သည့်စကားမျှ မပြောဘဲ ဆွံ့အသူတစ်ယောက်လို ရှိနေ၏။

ချစ်မွေးက မေးမြန်းသည်များကိုလည်း မည်သို့မျှ အဖြေမပေးဘဲနေ၏။

တစ်ပတ်ခန့်ကြာသောအခါမှပင် လူထွားကြီးက မြေတိုက်ခန်းသို့ ဆင်းသက်လာပြီး

"မင်း ဒီကထွက်ခွာချင်နေတယ် မဟုတ်လား"

ဟု မေးမြန်းလေရာ ချစ်မွေးက အားတက်ပြီး

"ခင်ဗျား ကျုပ်ကို လွှတ်ပေးမလို့လား၊ သိပ်ထွက်ချင်တာပေါ့ဗျာ၊ ဘယ်သူမှ ဒီလိုမနေချင်ပါဘူး"



ဟု အဖြေပေးလိုက်၏။ ထိုအခါ လူထွားကြီးက

"ငါ့နာမည် အာဋ္ဌာဝကလို့ ခေါ်တယ်၊ မင်း ငါ့ကို နိုင်အောင်တိုက်နိုင်ရင် ဒီက ထွက်ခွင့်ပြုမယ်"

ဟု ပြောလေ၏။ ချစ်မွေးသည် တွန့်ခနဲဖြစ်သွားကာ သက်ပြင်းချ၍

"ကျုပ်. . . ကျုပ် ခင်ဗျားကို ဘယ်လိုလုပ် နိုင်အောင်တိုက်ခိုက်နိုင်မှာလဲဗျာ"

ဟု ဆိုလေရာ အာဋ္ဌာဝက,က ချစ်မွေး၏မျက်နှာကို စေ့စေ့ကြည့်ပြီး

"မင်း ယောကျ်ား မဟုတ်ဘူးလား၊ ယောကျ်ားဆိုတာ သေတဲ့အထိ အားမလျှော့ဘူးကွ"

ဟု ပြောလေ၏။

ချစ်မွေးသည် ဆတ်ခနဲ တုန်ရင်သွားပြီး တစ်ကိုယ်လုံးမှ သွေးများ ဆူပွက်လာသလို ခံစားရပြီး

"ကျုပ် ခင်ဗျားကို တိုက်ခိုက်မယ်"

ဟု အော်ဟစ်ကာ အာဋ္ဌာဝကထံ ပြေးဝင်လေ၏။ အာဋ္ဌာဝက,က ခပ်ပြုံးပြုံးလုပ်၍

www.burmeseclassic.com

www.burmeseclassic.com



"ဒီလိုမှပေါ့ကွ"

ဟု ရေရွတ်ရင်း ချစ်မွှေး၏ လက်သီးချက်ကို အသာအယာပင် ရှောင်တိမ်း၏။

ချစ်မွှေးသည် လေကိုသာထိုးမိပြီး အရှိန်လွန်သွားစဉ် အာဥ္စာဝက၏ တံတောင်ချက်က ကျောပေါ်သို့ မိမိရရ ကျရောက်လာသောကြောင့် ကြမ်းပြင်သို့ မှောက်လျက်လဲပြိုသွား၏။

ထိုအခါ အာဠာဝကက

"တိုက်ခိုက်ချင်တယ်ဆိုရင် ရှောင်တတ်တိမ်းတတ်အောင် အရင်ဆုံး လေ့ကျင့်ထားရတယ်ကွ၊ အဲဒီနည်းကလေးတွေ ငါက မင်းကို ပြောပြမှာပေါ့"

ဟု ဆိုလေတော့၏။

ထိုအချိန်၌ ဒေါ်မိုးသည် ကြွက်ကလေးကို ချစ်မွှေးအား လူလွှတ်၍ ရှာဖွေနိုင်းသည်သာမက အခြားသူများကိုပါ ကြုံလျှင်ကြုံသလို ရှာဖွေပေးရန် အကူအညီတောင်းထားလေ၏။

ထိုအခါ ပုံနှိပ်တိုက်မှ စက်ဆရာက ယခုမှပင် တစ်စုံတစ်ရာကို သတိရပြီး ဒေါ်မိုးကို

"ဒေါ်မိုးကြီးကို ကျုပ် ပြောဖို့မေ့နေတယ်ဗျ၊ ချစ်မွှေးဟာ ကျုပ်တို့ ပုံနှိပ်တိုက်မှ အလုပ်



လုပ်ရင်း မြေညီထပ်က မသန်မစွမ်း လူကြီးတစ်ယောက်ရဲ့ လက်တိုလက်တောင်းခိုင်းတာတွေကို ကူညီပြီး လုပ်ပေးတတ်တယ်ဗျ၊ ဆိုင်သလား၊ မဆိုင်သလားဆိုတာတော့ ကျုပ်လည်း မသိဘူး၊ ချစ်မွှေးပျောက်သွားတဲ့ နောက်တစ်နေ့မှာပဲ အဲဒီလူကြီး အိမ်ပြောင်းသွားတယ်ဗျ၊ ဘယ်ကိုပြောင်းသလဲဆိုတာတော့ ကျုပ်လည်း မသိဘူး၊ တိုက်ခန်းရှင်ပြောတာတော့ အဲဒီလူကြီး ငှားရမ်းထားတဲ့အခန်းက စာချုပ်ပြည့်ဖို့ နှစ်လ၊ သုံးလ လိုသေးတယ်တဲ့"

ဟု သတင်းပေး၏။

အစဉ်အမြဲပြုံးရယ်တတ်သော ဒေါ်မိုးသည် မျက်နှာတည်ကာ

"တစ်ခါတစ်ရံ ဘယ်လိုမှဆက်စပ်လို့မရတဲ့ အကြောင်းတွေဟာ မထင်မှတ်ဘဲ ထဲထဲဝင်ဝင် ပတ်သက်နေတတ်တာပဲ၊ အဲဒီလူကြီးအကြောင်း ကျွန်မကို တစ်ခါက ချစ်မွှေး ပြောခဲ့ဖူးတယ်၊ သူဟာ မြန်မာပြည်အနှံ့က မိတ်ဆွေတွေဆီကို နေ့စဉ် စာတစ်စောင်စီ ပို့တယ်တဲ့၊

BURMESE CLASSIC .com

www.burmeseclassic.com

www.burmeseclassic.com



ဇာဲဒီတုန်းက လွှယ်လွှယ်ပဲမှတ်လိုက်ပေမဲ့ အခု တော့ ဇာဲဒီအချက်ဟာလည်း ထူးဆန်းနေသလို ခံစားရတယ်၊ ဘာပဲဖြစ်ဖြစ် ချစ်မွှေးဟာ ဘယ်နေရာရောက်ရောက် ဘေးမသီ ရန်မခ ရှိနေပါစေလို့ ဆုတောင်းရတော့မှာပေါ့"

ဟု ဆိုလေတော့၏။

ပန်းအိမ် ကွန်ပျူတာ

အမှတ်(၇) မျက်နှာစာတန်း၊ ကျိုက္ကသံလမ်း၊ ကျောက်မြောင်းဈေး၊ တာမွေ

BURMESE CLASSIC .com



ချစ်မွှေးသည် အပေါ်ပိုင်းဗလာကျင်း၍ လှုပ်ရှားရ လွယ်ကူရန် ရှမ်းဘောင်းဘီပွကြီးကို ဝတ်ဆင်ကာ အခန်း၏ အလယ်တွင် မားမားကြီးရပ်လျက်ရှိ၏။

တိုင်ကပ်နာရီမှ တဒေါင်ဒေါင်နှင့် (၆) နာရီထိုးပြီးနောက် မြေတိုက်ခန်း၏ အဖုံးသံပြားဝိုင်းပြီး ပွင့်လာ၏။

ထိုအခါ ချစ်မွှေး၏ မျက်လုံးအစုံက ဖျတ်ခနဲ တောက် ပြောင်လာပြီး တစ်ကိုယ်လုံးရှိ အကြောများကို ဖြေလျှော့ ထားလိုက်၏။

www.burmeseclassic.com

www.burmeseclassic.com



'အာဠာဝက'သည် သံပြားဝိုင်းအပေါက်မှ အစားအသောက်များ ထည့်ထားသည့်ကြိမ်ခြင်းကိုဆွဲ၍ ဆင်းသက်လာပြီးနောက်

"ကဲ. . . ညစာထမင်းမစားခင် လေ့ကျင့်ခန်း လုပ်ရအောင်"

ဟု ပြောလေ၏။

၎င်း၏စကားမဆုံးမီပင် ချစ်မွေးက ဝမ်းခေါင်းသံကြီးနှင့် အော်ဟစ်မာန်သွင်းကာ ခုန်ပျံ၍ ဝင်လာ၏။

သူသည် တစ်ချိန်လုံး အာဠာဝကကို ယှဉ်ပြိုင်တိုက်ခိုက်ရန် ကြံစည်အားထိုင်နေသူသာဖြစ်၏။ အကြိမ်တိုင်းလည်း အာဠာဝက၏ လက်ချက်ကို မရှုမလှခံရသည်ချည်း ဖြစ်၏။

ယခုလည်း တိုက်ခိုက်ပြီး မကြာမီတွင် ရှုံးပွဲနှင့် ရပ်တန့်သွား၏။ အာဠာဝက,ကမူ

"မဆိုးဘူး၊ လွန်ခဲ့တဲ့ တစ်လလောက်ကနဲ့
စာရင် မင်းရဲ့တိုက်ခိုက်မှုတွေ ပိုပြီးပြင်းထန်လာ
သလို ပိုပြီး သေသပ်တိကျလာတယ်"

ဟု ပြောလေ၏။

အာဠာဝက ပြန်လည်ထွက်ခွာသွားလျှင် ချစ်မွေးသည် ကြမ်းပြင်တွင်ထိုင်၍ မျက်လုံးကို မှိတ်ထားလိုက်၏။





လောလောဆယ် တိုက်ခိုက်ခဲ့သည့် တိုက်ပွဲ၏ပုံရိပ်များက သူ၏အာရုံထဲတွင် ပေါ်လာ၏။

ထို့နောက် မိမိ၏တိုက်ခိုက်မှုကို အာဠာဝက,က ခုခံရှောင်တိမ်းပုံ၊ ထိုးနှက်တိုက်ခိုက်ပုံတို့ကို စိတ်ကူးနှင့် ရှုပ်လုံးဖော်၏။

ထိုမှတစ်ဆင့် မိမိက မည်သို့ပြန်လည်ထိုးနှက်တိုက်ခိုက်ရမည်ကို မမောမပန်း လေ့ကျင့်လေတော့၏။

ချစ်မွေးသည် မြေတိုက်ခန်းထဲသို့ ရောက်ရှိလာသည်မှာ တစ်လခန့် ကြာမြင့်ခဲ့ပြီဖြစ်၏။ နေ့စဉ်ပင် အာဠာဝကနှင့် သုံးကြိမ်မျှ ယှဉ်ပြိုင်သတ်ပုတ်ရ၏။

ဤသို့ဖြင့် ချစ်မွေးသည် တိုက်ခိုက်သတ်ပုတ်ခြင်းနှင့် ယဉ်ပါးလာသလို တစ်ကိုယ်လုံးတွင်လည်း ဒဏ်ရာအမာရွတ်တို့ အထပ်ထပ် ဖြစ်ပေါ်လာ၏။

ထူးခြားသည်မှာ ချစ်မွေးသည် အာဠာဝကကို အနိုင်တိုက်၍ ထိုအခန်းတွင်းမှ လွတ်မြောက်မှုရရှိရန်ဖြစ်၏။

ထိုအချိန်ထိ မျက်နှာဖုံးနက်နှင့် လူထူးလူဆန်းအား အရိပ်အယောင်မျှပင် မမြင်တွေ့ရချေ။

ချစ်မွေးသည် နေ့စဉ်ပင် ဒေါ်မိုးတို့လင်မယားကို သတိရမိ၏။ မိမိအတွက် ထိုသူများ ပူပန်စိတ်ဖြစ်ပေါ်မည်မှာ [illegible]ပေ။



www.burmeseclassic.com

www.burmeseclassic.com



ညီမလေး ချစ်ပန်းမွေးကိုလည်း အခါမလပ် မြင်ယောင်နေမိ၏။ သူသည် အာဠာဝကအား အချိန်ကြာမြင့်စွာ ခုခံတိုက်ခိုက်လာနိုင်သောကြောင့် တဖြည်းဖြည်း အားတက်လာပြီး

"ငါမလွှတ်ရင် ဘာမှလုပ်နိုင်မှာမဟုတ်
ဘူး၊ အပြင်ကလူတွေကို သတိရလွမ်းဆွတ်နေ
လည်း ဒီဘဝနဲ့ ဘာယ်လိုလုပ်ဆုံတွေ့နိုင်မှာလဲ"

ဟု တွေးကာ အာဠာဝကအား အနိုင်တိုက်နိုင်မည့် နည်းလမ်းများကို ကြံစည်လေ့ကျင့်နေလေတော့၏။

တစ်နေ့တွင် ချစ်မွေး မျှော်လင့်နေသော မျက်နှာဖုံးနက်နှင့်လူ ရောက်ရှိလာ၏။ ထိုသူ၏ မျက်နှာဖုံးအပေါက်ဖောက်ထားသည့်အောက်မှ မျက်လုံးအစုံက အေးစက်မာကျောကာ အင်အားကြီးမားလှသည်ဟု ခံစားမိ၏။

ချစ်မွေးက ထိုသူကို

"ခင်ဗျား ကျုပ်ကိုလွှတ်ပေးပါ၊ ကျုပ်
မကျူးလွန်တဲ့ပြစ်မှုကို ကျုပ်ရင်ဆိုင်ရဲတယ်"

ဟု ပြောလိုက်၏။

ထိုအခါ မျက်နှာဖုံးနက်က စီးကရက်ကို မီးညှိပြီး ချစ်မွေးထံ မီးခိုးများကို မှုတ်ထုတ်ကာ

"အားနည်းတဲ့ တိရစ္ဆာန်ကလေးတွေ



BURMESE CLASSIC .com



တောင် ထွက်ပေါက်မရှိဘဲ ပိတ်ဆို့ခံထားရရင်
သူတို့ရဲ့အတွင်းစိတ်ထဲမှာ ကိန်းအောင်းနေတဲ့
စွမ်းအင်တွေ ထွက်ပေါ်လာတတ်သေးတာပဲ၊
အာဠာဝကပြောတာ မှန်နေပြီ၊ မင်းဟာ အရင်
ကလို မပျော့ညံ့တော့ဘူးတဲ့၊ ဒါဟာ မင်းရဲ့
လွတ်မြောက်ချင်စိတ်ကြောင့် ဖြစ်ပေါ်လာတဲ့
စွမ်းအားပဲ"

ဟု ဆိုလေ၏။ ချစ်မွေးက ခေါင်းယမ်းပြီး

"ဒါတွေ ကျုပ် နားမလည်ဘူး၊ ဒါပေမဲ့
ခင်ဗျားဟာ ကျုပ်ကို တစ်ခုခုအသုံးချဖို့ ကြံစည်
နေတာတော့ ကျုပ်ရိပ်မိတယ်"

ဟု ပြောလေရာ မျက်နှာဖုံးနက်က တိုးညှင်းစွာ ရယ်မောပြီး

"မင်းဘဝဟာ ငါ့လက်ထဲမှာရှိတယ်
ဆိုတာ မေ့သွားပြီလား"

ဟု ဆိုလိုက်၏။

ချစ်မွေးက ရယ်စရာပျက်လုံးတစ်ခုကို ကြားလိုက်ရသလို အော်ဟစ်ရယ်မောကာ

"ဟား ဟား ဟား. . . ကျုပ်ဘဝကို



www.burmeseclassic.com

www.burmeseclassic.com



ဘယ်သူမှပိုင်ဆိုင်လို့ မရဘူးဗျ၊ ဘယ်သူ့ရဲ့ အမိန့်ပေးစေခိုင်းမှုကိုမှလည်း လိုက်နာမှာ မဟုတ်ဘူး၊ ကျုပ် ဒီအခန်းထဲရောက်ကတည်းက ကျုပ်ရဲ့ဆိုးရွားလှတဲ့ဘဝကို အချိန်တိုင်း သုံးသပ်နေတယ်၊ ကျုပ်ဟာ လူတကာရဲ့ လိမ်ညာလှည့်ဖြားမှု၊ ရက်စက်ယုတ်မာမှု၊ ခေါင်းပုံဖြတ်မှုတွေကို ခံခဲ့ရတယ်၊ အဲဒီတုန်းက ဘာဖြစ်ဖြစ်ခံမှာပဲလို့ တွေးထားမိတာကိုးဗျ၊ အခုတော့ ဘယ်လိုမတရားမှုမျိုးကိုမှ မခံတော့ဘူးလို့ တွေးမိတဲ့အချိန်မှာ ကျုပ်ရင်ထဲမှာ အားတွေအလိုလိုပြည့်လာတယ်ဗျ၊ ဘယ်အရာကိုမှလည်း ကြောက်ရွံ့စိတ်မဖြစ်တော့ဘူး၊ ကျုပ်မှာ အဲဒီအမှန်တရားကို ဒီအလုံပိတ်ခန်းထဲ ရောက်တော့မှ ရှာတွေ့ခဲ့တယ်၊ လူမှာ အသက်တစ်ချောင်းပဲရှိတယ်၊ သေရင်လည်း တစ်ခါပဲသေရမယ်၊ အဲဒီတော့ အားလုံးကို ခေါင်းငုံ့ပြီး သေမလား၊ တိုက်ခိုက်တွန်းလှန်ပြီး သေမလားဆိုတဲ့ လမ်းနှစ်လမ်းပဲရှိတယ်"

ဟု ပြောလိုက်၏။





မျက်နှာဖုံးနက်၏အကြည့်က ချစ်မွေးထံ ဆတ်ခနဲရောက်လာကာ

"ကောင်းတယ်၊ မင်းဟာ ငါထင်တာထက် ပိုပြီး လျှင်လျှင်မြန်မြန်ကြီးကို ပြောင်းလဲသွားပါလား၊ ဒီအတိုင်းဆိုရင် ဒီနေရာက မင်း လွတ်မြောက်ဖို့ အချိန်သိပ်မလိုတော့ဘူး"

ဟု ဆိုလေရာ ချစ်မွေးက မေးကြောကြီးများထောင်အောင် အံကြိတ်၍

"ကျုပ်ကလည်း လွတ်မြောက်အောင် အပြင်းအထန် ကြိုးစားမှာပါပဲ"

ဟု ပြောလေရာ မျက်နှာဖုံးနက် ပြန်လည်ထွက်ခွာရန် ချစ်မွေးကို ကျောခိုင်းပြီး အေးစက်စက်လေသံနှင့်

"ဒီအခန်းက လွတ်မြောက်ရင်လည်း မင်းဘဝက ငါ့လက်ထဲမှာ ရှိနေတယ်ဆိုတာ သံသယမရှိပါနဲ့၊ ဟောဒီက ခါတ်ပုံလေးကို တစ်ဆိတ်လောက်ကြည့်ပြီး အဖြေရှာကြည့်စမ်းပါဦး"

ဟု ပြောဆိုကာ သံလှေကားမှတက်၍ သွားလေ၏။ ကြမ်းပြင်၌ မျက်နှာဖုံးနက်ချထားရစ်ခဲ့သော ဓာတ်ပုံ



www.burmeseclassic.com

တစ်ပုံက မှောက်လျက်ရှိနေ၏။

ချစ်မွေးသည် နားမလည်ဟန်နှင့် မျက်နှာဖုံး၏ ကျောပြင်ကို တွေတွေကြီး စိုက်ကြည့်ကာ ထိုသူပျောက်ကွယ်သွားမှ ဓါတ်ပုံကို ကောက်ယူလိုက်၏။

ချစ်မွေးသည် ဓါတ်ပုံကိုကြည့်ရှုပြီး နှလုံးသွေးရပ်တန့်သလို ဖြစ်သွား၏။

ထို့နောက် နာကျင်ခံခက်မှုကြောင့် ဖြစ်ပေါ်လာသည့် ဒေါသတို့က လှိုင်းတံပိုးများလို တလိပ်လိပ်ဖြစ်ပေါ်လာ၏။

သူသည် ရူတ်တရက်ပင် ရူးသွပ်သူကဲ့သို့ အခန်းတွင်းရှိ ပစ္စည်းများကို ရိုက်ချိုးဖျက်ဆီးရင်း ဝုန်းဒိုင်းကြဲသွား၏။

နှုတ်ဖျားမှလည်း ကျယ်လောင်စွာ အော်ဟစ်ကာ

"မျက်နှာဖုံးနက်၊ ကျုပ်ညီမလေးသာ တစ်ခုခုဖြစ်ရင် ခင်ဗျားကို ကျုပ် ဘယ်နည်းနဲ့မှ ခွင့်မလွှတ်ဘူး"

ဟု ပြောဆိုလေတော့၏။

ဓါတ်ပုံသည် ငယ်ရွယ်နုပျိုသော မိန်းမပျိုကလေး တစ်ယောက်၏ အဖြူအမည်းဓါတ်ပုံဖြစ်၏။

ထိုမိန်းမပျိုသည် ချစ်ပန်းမွေးဖြစ်၏။ ချစ်ပန်းမွေးမှာ ဓါတ်ပုံထဲ၌ အပူအပင်ကင်းမဲ့ဟန်နှင့် ပျော်ရွှင်ကြည်နူးနေဟန်



ရှိ၏။

သူမ၏ အသွင်အပြင်ကလည်း တံငါရွာကလေးမှ ဆင်းရဲသူမကလေးဟုပြောလျှင် ယုံနိုင်စရာမရှိအောင် အဖိုးတန်အဝတ်အထည်များကို သေသပ်ကျနစွာဝတ်ဆင်၍ မြို့ကြီးသူတစ်ယောက်လိုသာရှိ၏။

ချစ်မွေးသည် အားရအောင် အခန်းတွင်းရှိ ပစ္စည်းများကို ဖျက်ဆီးပြီးနောက် ရုတ်ချည်း ငြိမ်သက်သွားလေ၏။

မျက်နှာဖုံးနက်၏ခြေလှမ်းကို ရိပ်မိလိုက်ပြီဖြစ်သောကြောင့် ချစ်မွေး၏နားထဲ၌

"မင်းဘဝက ငါ့လက်ထဲမှာရှိတယ်ဆိုတာ သံသယမရှိပါနဲ့"

ဟူသော အသံက ပဲ့တင်ထပ်လျက်ရှိလေ၏။

www.burmeseclassic.com



ဒေါ်မိုးသည် တစ်နှစ်လုံး စုဆောင်းလာခဲ့သော ဝါးကျည်တောက် စုဘူးကြီးအား ဓါးမကြီးတစ်လက်နှင့် ထက်ပိုင်းခွဲချလိုက်၏။

ထိုအခါ စုဘူးထဲမှ ငွေအကြွေများက ဖွေးခနဲ ထွက်လာ၏။ အနီး၌ရှိသော ဦးတောင်ကျော်က တစ်စုံတစ်ရာကို စဉ်းစားမိဟန်နှင့် မျက်နှာညှိုးငယ်သွားကာ

"ဒီလိုတန်ခူးလရောက်ပြီဆိုရင် ငါ့စိတ်ထဲ ဟိုကောင်လေးကိုပါ ဒုလ္လဘမဲပေါက်တဲ့သူတွေနဲ့ အတူရောပြီး သင်္ကန်းစီးပေးဖို့ မှန်းထားတာကွ၊ အခုတော့ ချစ်မွေးတစ်ယောက် လောကကြီးထဲမှာ ရှင်မှန်းမသိ၊ သေမှန်းမသိ ဘယ်ကိုရောက်နေပါလိမ့်"



ဟု ရေရွတ်လေ၏။ ဒေါ်မိုးက ငွေအကြွေများကို ရေတွက်နေရာမှ ရပ်တန့်ပြီး ခေါင်းညိတ်ကာ

"သူပျောက်သွားတာ ဒီနေ့ဆိုရင် ခြောက်လတင်းတင်းပြည့်ပြီပဲ၊ ဒီထက်ပိုပြီး စိတ်မကောင်းဖြစ်ရတာက သူ့ညီမလေး ချစ်ပန်းမွှေးပါ ပျောက်ဆုံးနေတာပဲ"

ဟု ဆိုလေ၏။

ဒေါ်မိုးသည် ချစ်မွေး၏ရိုးသားမှုကြောင့် သား တစ်ယောက်လို သံယောဇဉ်ဖြစ်ပေါ်နေလေရာ ၎င်းပျောက်ဆုံးသွားကတည်းက နေ့စဉ်ပင် အခြားသူများအား အကူအညီတောင်း၍ ရှာဖွေစုံစမ်းခိုင်းခဲ့၏။

နှစ်လခန့်ကြာမြင့်သည်အထိ မည်သို့မျှ အကြောင်းမထူးသောကြောင့် ဦးတောင်ကျော်ကို

"ဒီမယ် ကိုတောင်ကျော်၊ ဒီကောင်လေးဟာ ရန်ကုန်မြို့ကြီးမှာ အလုပ်အကိုင် အဆင်မပြေလို့ သူ့ရဲ့ဇာတိ တံငါရွာကလေးကိုများ ပြန်သွားပြီလား မသိဘူး"

ဟု ပြောလိုက်၏။ ဦးတောင်ကျော်က ခေါင်းယမ်းပြီး

"ဘယ်ဖြစ်နိုင်မလဲကွ၊ ဒီကောင်က

www.burmeseclassic.com

www.burmeseclassic.com



ထွက်လာကတည်းက ကြီးပွားတိုးတက်မှ ရွာကို ခြေပြန်ချမယ်လို့ ကြိမ်းဝါးခဲ့တယ်ဆိုတာ မင်း လည်း သိသားပဲ"

ဟု ဆိုလေ၏။

ဒေါ်မိုးက ကွမ်းကို တစ်ယာပြီးတစ်ယာ ဝါးပြီးနောက် ဆုံးဖြတ်ချက်ကို ချလိုက်ဟန်နှင့်

"ဘာပဲဖြစ်ဖြစ် ကျုပ် သူ့ကို စုံစမ်း မေးမြန်းဖို့ လိုက်သွားမယ်"

ဟု ပြောလိုက်လေတော့၏။

ထို့နောက် ဒေါ်မိုးသည် အရက်ပုန်းဆိုင်ကလေးကိုပိတ်၍ ဦးတောင်ကျော်အား တားရစ်ကာ ချစ်မွေး၏ ဇာတိရွာကလေးသို့ ရောက်လာခဲ့၏။

တံငါရွာကလေးတွင် ချစ်ပန်းမွေးကို စုံစမ်းရ၏။ ထိုအခါ ရွာသားတစ်ယောက်က

"ချစ်ပန်းမွေး ရွာကထွက်သွားတာ မကြာသေးဘူးဗျ၊ ဟား ဟား. . ထွက်သွားတာ ကလည်း ချစ်မွေးက လူကြုံနဲ့ အမှာပါးလိုက် လို့ လိုက်သွားတာဗျ၊ ချစ်မွေးဆိုတဲ့ကောင်က ကြီးပွားချမ်းသာနေပြီဆိုပဲ"





ဟု သတင်းပေး၏။

ဒေါ်မိုးသည် ပါးစပ်အဟောင်းသားဖြစ်သွား၏။ တစ်လ၊ နှစ်လခန့် အချိန်ကလေးအတွင်း လူတစ်ယောက် ကြီးပွားချမ်းသာရန် မည်သို့မျှမဖြစ်နိုင်ဟု တွေးမိ၏။

ထိုသို့ ကြီးပွားချမ်းသာလျှင်လည်း သမ္မာအာဇီဝကျစွာ ရှာဖွေရရှိခြင်း မဖြစ်နိုင်ပေ။ ချစ်မွေးသည် ဒုစရိုက်အလုပ်များကို ရွံမုန်းသူဖြစ်ကြောင်း ဒေါ်မိုးက ယုံကြည်၏။

ဤသို့ဆိုလျှင် တစ်ခုခုတော့ လွဲချော်နေပြီဟု သံသယဖြစ်သွား၏။ သတင်းပေးသည့်ရွာသားက ဒေါ်မိုး၏အမူအရာကြောင့်

"ဘာလဲ၊ ခင်ဗျားက မယုံကြည်လို့လား၊ မယုံရင် ချစ်မွေးမရှိခင် ချစ်ပန်းမွေးကို စောင့်ရှောက်ထားတဲ့ သူတို့ရဲ့ ဆွေမျိုးနီးစပ်တော်တဲ့ ဒေါ်ကြီးအိမ်ကိုသာ သွားပြီးစုံစမ်းပေတော့၊ အဲဒီကြီးတော်ကြီးတောင် ချစ်မွေး လူကြုံပါးတဲ့ ငွေတွေရပြီး တဲစုတ်ကလေးကို ဖျက်ပြီး နှစ်ဆောင်မြိုင်အိမ်ကြီး ဆောက်နေလေရဲ့၊ ကျုပ်တို့ရွာမှာတော့ ဒီသတင်းက ဟိုးလေးတကြော်ကြော်ပဲဗျို့" း



www.burmeseclassic.com

www.burmeseclassic.com



ဟု ပြောလေ၏။

ဒေါ်မိုးလည်း ထိုသူ၏ လမ်းညွှန်မှုဖြင့် ရွာစွန်သို့ရောက်ရှိလာ၏။ ထိုအခါ လက်သမားများသည် အိမ်ကြီးတစ်ဆောင်ကို ဆောက်လုပ်နေသည်ကို တွေ့ရ၏။

ချစ်မွေးတို့၏ ကြီးတော်ကြီးဆိုသည့် အသားမဲမဲ ပိန်ခြောက်ခြောက် မိန်းမကြီးက ဒေါ်မိုးကို

"ကျုပ်တူကလေး တကယ့်ကိုနတ်သကြား ဘ၀ အရှင်လတ်လတ် ပြောင်းသွားသလား မှတ်ရတယ်၊ ရှင်မြင်တဲ့အတိုင်း ကျုပ်ကို ထောက်ပံ့လို့ မပူမပင်နေရတော့မယ်"

ဟု ပြောလေ၏။ ဒေါ်မိုးက အကြောင်းစုံကို မေးမြန်းလေရာ ထိုမိန်းမကြီးက ဆက်၍

"ချစ်မွေးဟာ ရွာကထွက်သွားကတည်းက အဆက်အသွယ်ကောင်းပြီး ဟိုရေခြားမြေခြားက ပီနန်ဆိုတဲ့ဒေသကို ရောက်သွားခဲ့တယ်ဆိုပဲ၊ အဲဒီမှာ ကျောက်တွင်းသူဌေးကြီးတစ်ယောက်နဲ့ မထင်မှတ်ဘဲတွေ့ပြီး သူကောင်းပြုခံရတယ်ဆိုပဲ"

ဟု ဆိုလေ၏။





ဒေါ်မိုးသည် ချစ်မွေး၏အဖြစ်အပျက်ကာ အမှန်နှင့် လုံး၀လွဲချော်နေသည်ကို တိတိကျကျ သိလိုက်ရ၏။

သို့သော် ဘာမျှမပြောတော့ဘဲ ဆက်၍ နားစိုက်ထောင်နေလေရာ မိန်းမကြီးက

"အဲဒီမှာ ကျုပ်ရဲ့တူကလေးကလည်း လူချမ်းသာ တစ်ယောက်ဖြစ်သွားတော့တာပေါ့၊ လွန်ခဲ့တဲ့ (၁၅)ရက်လောက်က ညကြီးမင်းကြီး သူ့ရဲ့မိတ်ဆွေတစ်ယောက် ကျုပ်အိမ်ရောက်လာပြီး အဲဒီသတင်းကိုပြောတော့ ကျုပ်ဖြင့် ၀မ်းသာလိုက်တာ မပြောပါနဲ့တော့၊ ချစ်ပန်းမွှေးကတော့ အဲဒီလူကို သေသေချာချာ မေးမြန်းစုံစမ်းတာပေါ့၊ အဲဒီလူက ငွေစက္ကူတစ်ထပ်ကြီးထုတ်ပြီးတော့ ချစ်မွေး လူကြုံပါးလိုက်တာလို့ ပြောတယ်၊ ပြီးတော့ ရန်ကုန်မြို့ကြီးက လိပ်စာတစ်ခုကိုလည်းပေးပြီး အဲဒီလိပ်စာအတိုင်းသွားရင် ချစ်မွေးနဲ့ အဆက်အသွယ်လုပ်လို့ရမယ်လို့ ပြောတယ်၊ မကြာခင်မှာ အဲဒီလူဟာ အရေးတကြီး ကိစ္စရှိလို့ ခရီးဆက်ရဦးမယ်ဆိုပြီး ထွက်သွားတော့တာပဲ၊ ဒါနဲ့ ချစ်ပန်းမွှေးဟာ



www.burmeseclassic.com

ချစ်မွေးနဲ့ အမြန်ဆုံး အဆက်အသွယ်ရအောင် လုပ်မယ်ဆိုပြီး နောက်တစ်နေ့မှာ ရန်ကုန်မြို့ ကြီးကို တစ်ယောက်တည်းလိုက်သွားတော့တာပဲ၊ သူမသွားခင်မှာ ကျုပ်ကို ကြီးတော်ကြီးကိုလည်း တစ်သက်လုံး ဆင်းဆင်းရဲရဲနေခဲ့ရတာ၊ အခု တော့ အိမ်ကောင်းကောင်းဆောက်ပြီး အေးအေးချမ်းချမ်း နေပေတော့လို့ပြောပြီး ချစ်မွေးပေးလိုက်တဲ့ငွေတွေထဲက ကျုပ်ကို ခွဲဝေ ပေးခဲ့တယ်"

ဟု ရှင်းပြလေ၏။ ဒေါ်မိုးက

"ဒါဆိုရင် မိန်းကလေးဆီက ချစ်မွေးနဲ့ ဆက်သွယ်ရမဲ့ လိပ်စာကိုတော့ သိမှာပေါ့"

ဟု မေးမြန်းလေရာ မိန်းမကြီးက ခေါင်းယမ်းပြီး

"ဘယ်သိပါ့မလဲတော်၊ ပြီးတော့ ကျုပ်က စာလည်းတတ်တာမဟုတ်ဘူး၊ လိပ်စာကို ချစ်ပန်းမွှေးယူသွားပြီပေါ့"

ဟု အဖြေပေးလေ၏။ ဒေါ်မိုးက ဆက်၍

"ဒီကြားထဲ ချစ်ပန်းမွှေးရဲ့သတင်းကို ရော ကြားရဲ့လား"





ဟု မေးမြန်းလိုက်၏။ မိန်းမကြီးက မျက်မှောင်ကြုတ်ပြီး နှုတ်ခမ်းကိုထော်လိုက်ကာ

"ဘာအသံမှမကြားရပါဘူးတော်၊ အဲဒီလို ဘာမှမကြားရတာကိုလည်း ကျုပ်သိတယ်၊ အမှန်ပြောရရင် ချစ်ပန်းမွှေးက ချစ်မွှေး လောက် ကျုပ်နဲ့ အစေးကပ်တာမဟုတ်ဘူး၊ လူကြီးမိဘဆုံးမရင် သူက ပိုပြီးသိနေတော့ ကျုပ်တောင် မဆုံးမရဲဘူး၊ ဒီကောင်မလေး ဟိုမှာ ချစ်မွေးနဲ့ အဆက်အသွယ်ရပြီး စည်းစိမ် တွေ ခံစားနေပြီပေါ့၊ ဒါကြောင့် ကျုပ်တို့ရဲ့ စုတ်ချာတဲ့ ရွာကလေးကို ပြန်မလာတာပေါ့"

ဟု ပြောလေတော့၏။

ဒေါ်မိုးသည် အကြောင်းရင်းကို သိပြီးလေရာ ခေါင်းကို ဖြည်းလေးစွာ ခါယမ်းပြီး သက်ပြင်းကိုသာ ချလိုက်မိ၏။

သူ့စိတ်ထဲ၌ ချစ်မွေးတို့မောင်နှမ၏ကံကြမ္မာအတွက် စိုးရိမ်ပူပန်မှုအပြည့် ဖြစ်ပေါ်နေချေပြီ။

ဒေါ်မိုးသည် တစ်နှစ်လျှင်တစ်ခါ လူဆိုးလူမိုက်များအား …လ္လာဘရဟန်းခံပေးပြီး ကောင်းမှုကုသိုလ်ပြုလုပ်ရန် စုဆောင်း ထားသည့် ဝါးစုဘူးကြီးကိုကြည့်၍ ငိုင်တွေနေ၏။



www.burmeseclassic.com

www.burmeseclassic.com



ဦးတောင်ကျော်မှာလည်း ထိုကဲ့သို့ ရှိနေဟန်နှင့် တိတ်ဆိတ်ငြိမ်သက်နေ၏။ ထိုအခိုက် ဆိုင်အတွင်းသို့ အရက်ဆိုင်ဖွင့်ချိန်မဟုတ်ပါဘဲ လူတစ်ယောက်ဝင်ရောက်လာပြီး အသံသြသြကြီးနှင့်

"ဆိုင်ရှင်တွေ ဘယ်ရောက်နေသလဲဟေ့၊
ငါလာတာကို ကောင်းကောင်းမကြိုဆိုရင်တော့
ဟောဒီဆိုင်ကို တစ်စစီဖြစ်အောင် လုပ်ပစ်လိုက်
မယ်"

ဟု ကြိမ်းဝါးလေ၏။

ဦးတောင်ကျော်သည် ထိုမျှအတင့်ရဲသူကို အခန်းတွင်းမှ လှမ်း၍မမြင်ရသော်လည်း ဒေါ်မိုးနှင့်တွေ့ပြီဟု မှတ်လိုက်မိ၏။ တစ်ချိန်တည်းမှာ ဒေါ်မိုးသည် ခုန်၍ထကာ အခန်းပေါက်သို့ ရောက်ရှိသွား၏။

လူကြီးတစ်ယောက်သည် ပြောင်းဖူးဖက်ဆေးလိပ်ကြီးကို မီးခိုးတထောင်းထောင်းထအောင်ဖွာလျက် ဒေါ်မိုးကို စူးစိုက်ကြည့်ရှုနေ၏။

ဒေါ်မိုးကလည်း ထိုလူကြီးကို ပြန်၍စူးစိုက်ကြည့်ရှုရင်းမှ မျက်နှာဝင်းထိန်ကာ

"ချစ်မွေး မကြာခဏပြောတဲ့ သူ့ကို





ချောက်ချလိုက်တဲ့ လူကြီး၊ လူတွေကို အသိတရားရအောင် လိုက်လံနှိုးဆော်တတ်တယ်ဆိုတဲ့လူကြီး၊ နိဗ္ဗာန်ဆော်ကြီးရေ . . . ရှင်ဟာ ကျွန်မမှာ အခက်အခဲ အကြပ်အတည်းတွေ တွေ့ကြုံနေတဲ့အချိန်မှာ မထင်မှတ်ဘဲ ရောက်လာတတ်တယ်နော်၊ အခု ကျွန်မဆီကို နိဗ္ဗာန်ဆော်ကြီး ချောက်တွန်းပြီး မရောက်ရောက်အောင်ပို့လိုက်တဲ့ ကောင်လေး၊ အခု ဒီကို ရောက်နေပြီထင်ပါရဲ့ရှင်"

ဟု ပြောဆိုလိုက်တော့၏။



www.burmeseclassic.com

www.burmeseclassic.com



ချစ်မွှေးသည် မြေတိုက်ခန်းကြမ်းပြင်ပေါ် ဆန့်ဆန့်ကြီး လဲကျနေသော အာဋ္ဌာဝကကို ငုံ့၍ကြည့်ရှုနေ၏။

သူသည် အာဋ္ဌာဝကကို အနိုင်တိုက်ခိုက်နိုင်ပေပြီ။ ထိုနေရာမှလည်း လွတ်မြောက်ပြီဖြစ်၏။

သူ၏ကိုယ်ခန္ဓာက လွတ်မြောက်သွားသော်လည်း သူ့ဘဝကို အရိပ်မည်းကြီးပမာ အုပ်မိုးထားသည့် မျက်နှာဖုံးနက်နှင့် လူကို သူ မည်သို့မျှ တွန်းလှန်ခြင်းမပြုနိုင်သေးချေ။

မျက်နှာဖုံးနက်၏လက်ထဲ၌ ညီမလေး ချစ်ပန်းမွှေးရှိနေ၏။





မျက်နှာဖုံးနက်က သူ့ကို

"မင်းညီမလေးဟာ အခုအချိန်မှာ ကောင်းကောင်းမွန်မွန်နဲ့ စိတ်ချမ်းသာ ကိုယ်ချမ်းသာရှိနေတယ်၊ ဒါပေမဲ့ မင်းရဲ့သဘောထားပေါ်မူတည်ပြီး သူ့ရဲ့အခြေအနေနဲ့ ဘဝဟာ အချိန်မရွေး ပြောင်းလဲသွားနိုင်တယ်ဆိုတာ သတိပြုပါ၊ မင်းသာ ငါ့ရဲ့စကားကို တသွေမတိမ်း လိုက်နာမယ်ဆိုရင် မင်းတို့မောင်နှမ နှစ်ယောက် တစ်နေ့မှာ ပြန်ဆုံတွေ့ပြီး စည်းစိမ်ချမ်းသာအပြည့်နဲ့ နေစေရမယ်"

ဟု ပြောခဲ့၏။ ထိုအခါ ချစ်မွှေးက မျက်နှာဖုံးနက်ကို

"ခင်ဗျား ဘာအဓိပ္ပါယ်နဲ့ ဒီလိုလုပ်နေတာလဲ"

ဟု မေးမြန်းလိုက်၏။ မျက်နှာဖုံးနက်က ခေါင်းညိတ်ပြီး

"ငါတို့ရဲ့ မျိုးရိုးစဉ်ဆက်က ရှိခဲ့တဲ့ သွေးကြွေးကိုဆပ်ဖို့ မင်း ငါ့ကို ကူညီရမယ်၊ အဲဒီအတွက် မင်းဟာ အန္တရာယ်ကြားထဲ ကျင်လည်ရလိမ့်မယ်၊ ဒီကိစ္စကြီးအောင်မြင်ရင်တော့ မင်းတို့မောင်နှမအတွက် ရလာမဲ့အကျိုး



www.burmeseclassic.com

www.burmeseclassic.com



ကျေးဇူးက စွန့်စားရတာထက် ထိုက်တန်ပါတယ်၊ ဘယ်လိုပဲဖြစ်ဖြစ် မင်းအတွက် ရွေးချယ်စရာ ဒီတစ်လမ်းပဲ ရှိတယ်"

ဟု ဆိုလေ၏။ ချစ်မွေးက

"ခင်ဗျားမှာ ဥစ္စာစနေပြည့်စုံပြီး အစွမ်းထက်တဲ့ လူတွေရှိရဲ့နဲ့ ကျုပ်ကို ဘာကြောင့် ခြိမ်းခြောက်စေခိုင်းနေရတာလဲ"

ဟု ပြောလိုက်ရာ မျက်နှာဖုံးနက်က

"ဒါဟာ မင်းရဲ့ကံကြမ္မာပဲ၊ လူသတ်မှုဖြစ်ပွားတဲ့အခိမ်မှာ မင်းကို မထင်မှတ်ဘဲတွေ့ပြီး ငါ့ရဲ့စိတ်ကူးထဲမှာ ရုတ်တရက် အကြံအစည်တစ်ခုပေါ်လာခဲ့တယ်၊ အဲဒီအကြံအစည်ကို အကောင်အထည်ဖော်ဖို့ မင်းဟာ အသင့်တော်ဆုံးလူပဲဆိုတာ ချက်ချင်းပဲသိလိုက်တယ်"

ဟု ပြောဆိုခဲ့လေ၏။

ထို့ကြောင့်ပင် ချစ်မွေးသည် အာဋ္ဌာဝကကြီးကို အနိုင်ယူခဲ့ သော်လည်း မျက်နှာဖုံးနက်၏ ကြိမ်းခြောက်အကြပ်ကိုင်မှုကို ခံနေရဆဲ ဖြစ်၏။

သူသည် မျက်နှာဖုံးနက်၏စကားကို အပြန်ပြန် အလှန်





လှန် စဉ်းစားခဲ့ပြီးဖြစ်၏။ ထိုသူပြောသည့်အတိုင်းပင် သူ့အတွက် ရွေးချယ်စရာ တစ်လမ်းသာရှိ၏။

သူ့အသက်ထက် ချစ်ပန်းမွေးကို ပို၍တန်ဖိုးထား၏။ ထို့နောက် မျက်နှာဖုံးနက်ရောက်ရှိလာသောအခါ ချစ်မွေးက

"ခင်ဗျားစေခိုင်းမှုအတိုင်း ကျုပ် လိုက်နာပါ့မယ်၊ ခင်ဗျားဘက်ကလည်း ကတိတည်ပါစေ"

ဟု ပြောလိုက်တော့၏။

ဤသို့ဖြင့် မျက်နှာဖုံးနက်သည် ချစ်မွေးကို လာစဉ်က အတိုင်းပင် ညအချိန်၌ မျက်လုံးကို အဝတ်နှင့်စည်းနှောင်ကာ ကားတစ်စင်းဖြင့် ခေါ်ဆောင်လေ၏။

လမ်းတွင် မျက်နှာဖုံးနက်က

"မင်း အခုချိန်ကစပြီး ခရီးရှည်ကြီးထွက်ရတော့မယ်၊ နေ့မကူးခင်ဘဲ ရှမ်းပြည်နယ်ဘက်ကိုသွားမဲ့ ကုန်တင်ကားတစ်စီးနဲ့ ခရီးကြို လိုက်ပါရလိမ့်မယ်၊ မင်းအတွက် ခရီးဆောင်အိတ်တစ်လုံး ပြင်လာခဲ့တယ်၊ ငွေကြေး အလုံအလောက်လည်း ထည့်ထားတယ်"

ဟု မှာလေ၏။



www.burmeseclassic.com

www.burmeseclassic.com



ထိုသို့သွားလာရင်း နှစ်နာရီကျော်ခန့်ကြာသောအခါ ကားက ရပ်တန့်သွား၏။ ထိုအခါ မျက်နှာဖုံးနက်က ချစ်မွှေးကို

"ကဲ. . . မင်းနဲ့ငါ လမ်းခွဲရမဲ့နေရာ ရောက်ပြီ၊ ဒီကိစ္စကြီး မြန်မြန်ပြီးဆုံးမှ မင်းရဲ့ ညီမလေးနဲ့ မြန်မြန်ဆုံတွေ့ရမယ်ဆိုတာ လည်း မမေ့နဲ့၊ မင်း အခု ရှမ်းပြည်နယ်က မိုးနဲဆိုတဲ့ မြို့ကလေးကိုသွားပါ၊ အဲဒီမြို့က လည်ပင်းမှာ ရွေးစေ့လောက် အမှတ်ကြီးရှိတဲ့ ဦးအံ့မောင်ဆို တဲ့ လူကြီးကိုရှာပါ၊ ပြီးရင် သူ့ရဲ့ ယုံကြည်စိတ်ချ ရတဲ့ မိတ်ဆွေတစ်ယောက်ဖြစ်အောင် ပေါင်း သင်းပါ"

ဟု မှာလေ၏။

ချစ်မွှေးသည် ကားပေါ်မှဆင်းသက်ပြီးနောက် မျက်လုံး ကို စည်းနှောင်ထားသည့် အဝတ်စကို ဖယ်လိုက်၏။

မျက်နှာဖုံးနက်၏ကားကမူ နောက်ကြောင်းသို့ ပြန်လှည့် ကာ တစ်ရှိန်ထိုး မောင်းထွက်သွားချေပြီ။

မလှမ်းကမ်းရှိ လမ်းမကြီးနဘေးတွင် မီးအလင်းရောင် များကို မြင်တွေ့ရသော်လည်း ချစ်မွှေးရှိရာ လမ်းမထက်၌ အမှောင်ထုက ကြီးစိုးထား၏။



ချစ်မွှေးက ခရီးဆောင်အိတ်ကိုဖွင့်၍ စစ်ဆေးကြည့်လိုက် ၏။ အိတ်တွင်း၌ လက်နှိပ်ဓါတ်မီးတစ်လက် အသင့်တွေ့လေ၏။

ထို့အပြင် အဝတ်အထည်အချို့နှင့် ခရီးသွားရာတွင် မရှိ မဖြစ်လိုအပ်သော ရေဘူး၊ ဘောလိုက်ဓါးမြှောင် စသည်တို့ကိုပါ တွေ့ရ၏။

သားရေအိတ်တစ်ခုအတွင်း၌မူ ငွေစက္ကူထစ်ထပ်နှင့် ကျော့ခေါင်းတံဆိပ် ရွှေဒင်္ဂါး (၅) ပြားကို ထည့်၍ထား၏။

ခပ်လှမ်းလှမ်းရှိ အလင်းရောင်ထွက်ပေါ်နေသော နေရာ မှာ ညအိပ်ထမင်းဆိုင်တစ်ဆိုင်ဖြစ်၏။ ဆိုင်ရှေ့တွင်လည်း ကုန်တင်ကားကြီး သုံးလေးစီးရပ်တန့်ထား၏။

သူသည် ထမင်းဆိုင်သို့ရောက်မှပင် ထိုအရပ်ဒေသသည် မင်္ဂလာဒုံမြို့စွန်နှင့် အနည်းငယ် အလှမ်းဝေးသော အဝေးပြေး လမ်းမကြီးနံဘေး တစ်နေရာဖြစ်ကြောင်း သိရ၏။

ချစ်မွှေးသည် ထိုမှနေ၍ ရှမ်းပြည်ဘက်သို့ထွက်ခွာမည့် ကုန်ကားတစ်စီးနှင့် ခရီးကြုံလိုက်ပါခွင့်ရ၏။ ရှမ်းပြည်နယ်သို့ ရောက်လျှင် ခရီးဆက်ဆင့်ကိုသွားလာပြီးနောက် အင်းလေး ကန်၏ အရှေ့စူးစူး အရပ်ရှိ မိုးနဲမြို့ကလေးသို့ ရောက်ရှိလာ ခဲ့၏။

ထိုအရပ်ဒေသသည် အလွန်ချမ်းအေးလေရာ ချစ်မွှေး

www.burmeseclassic.com

www.burmeseclassic.com



သည် လမ်းခရီးမှ ထူးထဲလုံခြုံသော အဝတ်များကို ဝယ်ယူဝတ်ဆင်ခဲ့ရ၏။

ရှေးမြန်မာဘုရင်များ အုပ်ချုပ်စိုးစံခဲ့သော ခေတ်အဆက်ဆက်မှစ၍ ရှမ်းပြည်နယ်တွင် ရှမ်းစော်ဘွားများက အကြီးအကဲအဖြစ် အုပ်ချုပ်ခဲ့ကြ၏။

မြန်မာတစ်နိုင်ငံလုံး အင်္ဂလိပ်လက်အောက်သို့ ကျရောက်သောအခါ ဗြိတိသျှအစိုးရက တောင်တန်းနှင့် ပြည်မကို သွေးခွဲအုပ်ချုပ်ခဲ့၏။

တောင်တန်းဒေသများကို ဗြိတိသျှဘုရင်ခံလက်အောက်တွင် တိုက်ရိုက်ထားရှိကာ ရှမ်းပြည်နယ်အားလုံးကို သီးခြားပဒေသရာဇ်စနစ်ဖြင့် အုပ်ချုပ်ခဲ့၏။

ထိုသို့ စော်ဘွားများကို အုပ်ချုပ်စေခဲ့သော်လည်း ကာကွယ်ရေး အာဏာ၊ ဘဏ္ဍာရေးအာဏာ၊ နိုင်ငံရေးအာဏာများကို အင်္ဂလိပ်တို့က ချုပ်ကိုင်ထားကြ၏။

စော်ဘွားတို့က အင်္ဂလိပ်ဘုရင်မင်းမြတ်အပေါ် သစ္စာရှိ၍ တော်လှန်ပုန်ကန်ခြင်းမပြုပါ။ လူများကို အကြောင်းမဲ့သတ်ဖြတ်ခြင်း မပြုပါ။ အစိုးရဘဏ္ဍာတော်ငွေများကို ထိပါးခြင်းမပြုပါဟု ပဋိညာဉ် ပေးထားရ၏။

သို့သော် ချစ်မွှေးရောက်ရှိနေရော မိုးနဲစော်ဘွားတစ်ဦး



သည် အင်္ဂလိပ်တို့ကို တော်လှန်တိုက်ခိုက်ရာတွင် ရှေ့တန်းမှပါဝင်ခဲ့သော မျိုးချစ်တော်လှန်ရေး ခေါင်းဆောင်တစ်ယောက်ဖြစ်ခဲ့၏။

ချစ်မွှေးသည် မိုးနဲမြို့ကလေးသို့ လာရာလမ်းတွင်ပင် မြန်မာစကားကို ကျွမ်းကျင်စွာပြောဆိုတတ်ပြီး အောက်ပြည်အောက်ရွာများသို့ ကုန်သွယ်ခြင်း အမှုပြုနေသော လူတစ်ယောက်နှင့် ခင်မင်ရင်းနှီးခဲ့၏။

ထိုသူ၏အမည်မှာ 'စိုင်းရီ' ဖြစ်၏။ စိုင်းရီသည် မိုးနဲမြို့ကလေးနှင့် အလှမ်းမဝေးလှသော တောင်ပေါ်ရွာကလေးတွင် နေထိုင်၏။

ထိုအခါ ချစ်မွှေးက စိုင်းရီထံတွင် ဦးအုံ့မောင်ဟူသော လူကြီး၏ အကြောင်းကို စုံစမ်းလေ၏။ စိုင်းရီက ချစ်မွှေးကို မသင်္ကာဟန်နှင့် ကြည့်ကာ

"ဒီဒေသမှာ ဒီအမည်မျိုးက ရှားပါတယ်၊
ပြီးတော့ ဦးအုံ့မောင်ဆိုတဲ့ လူကြီးရဲ့လည်ပင်းမှာ
ရွှေစေ့လောက်ရှိတဲ့ အမှတ်ကြီးရှိတယ် မဟုတ်
လား"

ဟု မေးမြန်းလေ၏။

ချစ်မွှေးသည် ခရီးမရောက်မီပင် ဦးအုံ့မောင်၏သတင်း

www.burmeseclassic.com

www.burmeseclassic.com



ကို စုံစမ်းသိပြီးဖြစ်သောကြောင့် ဝမ်းသာကာ ဟုတ်မှန်ကြောင်း ပြောဆိုလိုက်၏။ စိုင်းရီက မျက်မှောင်ကြုတ်ပြီး

"မောင်ရင်က အဲဒီလူကြီးနဲ့ ဘယ်လို ပတ်သက်နေသလဲ"

ဟု မေးမြန်းပြန်၏။ ထိုအခါ ချစ်မွှေးက အမှန်တစ်ဝက်၊ မုသားတစ်ဝက်နှင့်

"ဒီလိုပါဗျာ၊ ကျုပ်က မိဘတွေကျန်ရစ်တဲ့ အမွေကလေးတွေနဲ့ ဘယ်လိုစီးပွားရေး လုပ်ကိုင်ရင်ကောင်းမလဲလို့ စဉ်းစားနေတုန်း မိတ်ဆွေတစ်ယောက်က ဦးအုံ့မောင်ဆီသွားပါလို့ လမ်းညွှန်လိုက်တယ်ဗျာ၊ ကျုပ်ကလည်း ဦးအုံ့မောင်နဲ့ မသိကျွမ်းပေမဲ့ ဘာပဲဖြစ်ဖြစ် ဒေသန္တရ ဗဟုသုတရတာပဲဆိုပြီး ထွက်လာခဲ့တာပါဗျာ"

ဟု အဖြေပေးလိုက်ရာ စိုင်းရီက

"မိုးနဲ့ရောက်ရင် တောင်ထိပ်ပန်းကို ရောက်အောင်သွားပါဗျာ၊ ခင်ဗျားတွေ့ချင်တဲ့သူကို တွေ့ရပါလိမ့်မယ်၊ ဒါပေမဲ့ ကျုပ် စေတနာနဲ့ သတိပေးပါရစေ၊ လူတော်တော်များများ





ကတော့ ဦးအုံ့မောင်ကို မြွေပွေးလို့သတ်မှတ်ပြီး ဝေးဝေးကရှောင်ကြတယ်ဗျ၊ ခင်ဗျားလည်း အဲဒီလူကြီးနဲ့ပေါင်းရင် မြွေပွေးခါးပိုက်ပိုက်ထားသလို ဖြစ်လိမ့်မယ်"

ဟု သတိပေး၏။

ထို့နောက် စိုင်းရီက ချစ်မွှေးနေထိုင်ရန် တည်းခိုခန်းငယ်တစ်ခုပါ လမ်းညွှန်ပေးခဲ့၏။ ချစ်မွှေးသည် တည်းခိုဆောင်သို့ ရောက်လျှင် ခုတင်ထက်၌ လဲလျောင်း၍ နဖူးပေါ် လက်တင်ကာ

"အင်း... ငါတွေ့ရမဲ့လူက လူတွေ အော့နှလုံးနာအောင် ဆိုးသွမ်းနေတဲ့လူ ဖြစ်နေပါလား"

ဟု ရေရွတ်မိ၏။

ပန်းအိမ် ကွန်ပျူတာ
အမှတ်(၄) မျက်နှာစာတန်း၊ ကျိုက္ကဆံဘုရား ကျောက်မြောင်းဈေး တာမွေ



www.burmeseclassic.com

www.burmeseclassic.com



ချစ်မွေးနေထိုင်ရာ တည်းခိုဆောင်ကို ရှမ်းလူမျိုး အဘွား အို တစ်ယောက်ပိုင်ဆိုင်ပြီး မြို့၏အစွန်အဖျား တောင်စောင်း တစ်ခုတွင် တည်ရှိ၏။

ချစ်မွေးသည် ခရီးပမ်းမှုကြောင့် တည်းခိုဆောင်သို့ ရောက်ရှိပြီး မကြာမီတွင် အိပ်ပျော်သွားလေရာ ညနေစောင်း မှပင် နိုးလာ၏။

ထိုအခိုက် တည်းခိုဆောင် အလုပ်သမားလူငယ်လေး တစ်ယောက်ရောက်ရှိလာပြီး

"ညစာအတွက် အသင့်ဖြစ်ပါပြီ

အစ်ကိုကြီး"

ဟု ပြောလေ၏။





သူသည် တည်းခိုဆောင်ပိုင်ရှင်အား အစားအသောက် အတွက်ပါ တာဝန်ယူ၍ ချက်ပြုတ်ပေးရန် ကြိုတင်ပြောထားပြီး ဖြစ်၏။

ထို့နောက် ချစ်မွေးသည် တည်းခိုဆောင်နောက်ဘက်ရှိ ကျောင်းတုံးများစီထားသော အိမ်သို့ရောက်လာ၏။

ထိုအိမ်မှာ အဘွားအို၏အိမ်ဖြစ်သလို ချစ်မွေးလည်း အဘွားအို၏မိသားစုနှင့်အတူ ဝိုင်းဖွဲ့စားနသောက်ရမည်ဖြစ်၏။

အဘွားအိုတွင် မိသားစုဝင်ဟူ၍ များများစားစားမရှိချေ။ သူမ၏ခင်ပွန်း ဆုံးပါးပြီးကတည်းက အသက် (၃၀) ခန့် 'နန်းမွန်' ဟူသော သမီးအပျိုကြီးကိုသာ အားထားရ၏။

နန်းမွန်သည် ဘဝပေးကံမကောင်း၍ ချောမောပြေပြစ်သူ မဟုတ်လေရာ ထိုအသက်အရွယ်အထိ ကြင်ဖက်နှင့် အလှမ်း ဝေးနေ၏။

သို့သော် သူမသည် မိန်းမတို့၏ အိမ်ထောင်ထိန်းသိမ်းမှု အတတ်တွင် ကျွမ်းကျင်သလို ယောကျ်ားတစ်ယောက်လိုလည်း ကြမ်းတမ်းသော အလုပ်များကို လုပ်ကိုင်နိုင်သူဖြစ်၏။

ထမင်းစားသောက်သောအခါ အဘွားအိုးသည် ဦးဆုံး လက်စသပ်သွားလေရာ ချစ်မွေးနှင့် နန်းမွန်သာ ကျန်ရှိတော့၏။

ထိုအခါ နန်းမွန်က ချစ်မွေးကို



www.burmeseclassic.com

www.burmeseclassic.com



"မင်း ဒီက အစားအသောက်တွေကို ခံတွင်းတွေ့ပါ့မလားလို့ စိုးရိမ်နေတာ၊ ဒီမှာ တည်းခိုပြီး အခကြေးငွေပေးပြီး စားသောက်ရတယ်ဆိုပေမဲ့ အစ်မက ဖွယ်ဖွယ်ရာရာ ကျွေးမွေးချင်တယ်၊ မင်းလည်း ကိုယ့်အိမ်လို သဘောထားပြီးနေထိုင်ပါ"

ဟု ပြောကာ ကြက်သားနှင့် မုံညှင်းချဉ် ရောချက်ပြုတ်ထားသည့် ဟင်းကို ချစ်မွေး၏ပန်းကန်ထဲသို့ ထည့်ပေးလေ၏။

ချစ်မွေးက အပူအစပ်ကဲသော အစားအသောက်များကို မြိန်ယှက်စွာ စားသောက်ရင်း

"ကျုပ် ဒီက အစားအစာတွေကို ကြိုက်ပါတယ်"

ဟု ဆိုလိုက်ရာ နန်းမွန်က အလှပဆုံးဖြစ်အောင် ပြုံးရယ်ပြီး

"ဒါဆိုရင်တော့ အစ်မရဲ့ ဟင်းချက်လက်ရာတွေကြောင့် မင်း ဒီက မခွာနိုင်ဖြစ်နေမှာ မြင်ယောင်မိသေးတယ်"

ဟု ပြောလေ၏။

ထမင်းစားသောက်ပြီးသော်လည်း နန်းမွန်က လက်ဖက်



ရည်ကြမ်းဝိုင်းနှင့် ဧည့်ခံပြန်၏။ ထိုအခိုက် တည်းခိုဆောင် အလုပ်သမားကလေး ရောက်ရှိလာကာ နန်းမွန်ကို အရေးတကြီးဟန်နှင့်

"ထမုံကြီးရဲ့ တပည့်တွေ ရောက်နေတယ်ဗျ"

ဟု သတင်းပေးလေ၏။

နန်းမွန်၏ ကြည်လင်နေသော မျက်နှာက ရုတ်ချည်းပင် တင်းမာ၍

"အယ်... ဒီကောင်တွေ လူမှုဟုတ်သေးရဲ့လား၊ အခွန်တော်ငွေတွေလည်း အကြေပေးပြီးတဲ့နောက်မှာတောင် သုံးရက်ဆက်တိုက်လာပြီး ငွေတောင်းနေသေးတယ်၊ ဒါတွေကို ထမုံကြီး သိမှာမဟုတ်ဘူး၊ ဒီကောင်တွေနဲ့ ဒီနေ့တော့ အပြတ်ရှင်းရမယ်"

ဟု ပြောကာ ချစ်မွေးကို အားနာဟန်နှင့်ကြည့်ပြီး

"မောင်လေး... ဒီမှာ နေခဲ့ဦး"

ဟု ဆိုကာ ဖျတ်လတ်စွာပင် တည်းခိုဆောင်သို့ ထွက်ခွာသွားလေ၏။

မကြာမီ နန်းမွန်သည် တည်းခိုဆောင်တွင်း၌ အခန်းထား

www.burmeseclassic.com

www.burmeseclassic.com



ရှိနေသည့် လူတစ်စုကို တွေ့လိုက်လေရာ

"ဟေ့... နင်တို့ ဘာလာလုပ်တာလဲ၊ ဒီတစ်ကြိမ်တော့ နင်တို့ကို ငွေမပေးနိုင်ဘူး၊ နံရံမှာချိတ်ထားတဲ့ ဆောင်ပါးကိုသာ ကြည့်ပေတော့"

ဟု ကြိမ်းဝါးလိုက်၏။ လူစုထဲမှ နှုတ်ခမ်းမွှေးစစနှင့် ပုက္ကက္ကွ လူက ပခုံးကိုတွန့်ပြီး

"ဒီလိုကြီးမရမ်းပါနဲ့ နန်းမွန်ရယ်၊ ဒီတစ်ခါ ငါတို့အတွက် ပျော်ပွဲလုပ်ရအောင် လာတာ မဟုတ်ပါဘူး၊ နင်တို့ဆီကို လူစိမ်းတစ်ယောက်တည်းခိုနေတယ်ဆိုတာကြားလို့ ထမုံကြီးအမိန့်နဲ့ စစ်ဆေးဖို့ ရောက်လာတာပဲ၊ ဟဲ ဟဲ... ဘာလဲ၊ နင်က ထမုံကြီးအမိန့်ကို ဖီဆန်ချင်လို့လား၊ ဟိုတစ်နေ့က ငွေခွန်မှူးအိမ်တော်ကို သူခိုးကပ်တယ်ဆိုတာ ကြားလိုက်တယ် မဟုတ်လား"

ဟု ပြောလေ၏။ နန်းမွန်က နှုတ်ခမ်းကိုကိုက်ပြီး

"ငါ့တည်းခိုဆောင်က ချောင်ချတော့ စည်သည်ပါးတယ်၊ လောလောဆယ် မြေပြန့်က





ဒီကို ကုန်ရောင်းကုန်ဝယ်လုပ်ဖို့ လာ လေ့လာတဲ့ လူတစ်ယောက်ပဲရှိတယ်၊ သူ့အတွက် ငါ အာမခံတယ်"

ဟု ဆိုလိုက်ရာ ရှမ်းခမောက်ဆောင်း၍ မုတ်ဆိတ်မွှေး ထူလပျစ်နှင့်လူက ခေါင်းယမ်းပြီး

"ဒီလို အာမခံရုံနဲ့မရဘူး၊ တို့ကိုယ်တိုင် စစ်ဆေးရမယ်၊ အဲဒီလူဘယ်မှာလဲ"

ဟု မေးမြန်းလေ၏၊ ထိုအခိုက် ချစ်မွေးရောက်ရှိလာကာ

"ကျုပ်ပါပဲဗျာ၊ ချစ်မွေးလို့ ခေါ်ပါတယ်"

ဟု ပြောလေ၏။

ထမုံဟူသည် သူကြီးကို ခေါ်ခြင်းဖြစ်၏။ ချစ်မွေးသည် ထိုသူများ မိမိကို အပြစ်ရှာမည်ဖြစ်ကြောင်း ရိပ်မိ၏။ ထိုသူများနှင့် မိမိကျင်လည်ခဲ့ဖူးသော ဆိပ်ကမ်းမှ ကုလီများမှာ ကွာခြားမှုမရှိလှပေ။ ရုတ်တရက်ပင် ချစ်မွေးသည် အကောင်းဆုံးသော နည်းလမ်းတစ်ခုကို စဉ်းစားမိ၏။

ထို့ကြောင့် တစ်စုံတစ်ရာ ပြောမည့်ဟန်ပြင်နေသော နှုတ်ခမ်းမွှေးစစနှင့်လူကို

"ဒီမှာ မိတ်ဆွေ၊ ကျုပ်ဟာ ဒေသန္တရ ဗဟုသုတအတွက် ခရီးထွက်လာတာပါ၊ ဒီနေ့



www.burmeseclassic.com

www.burmeseclassic.com



မှာ ကျုပ်နဲ့ သိကျွမ်းရင်းနှီးသူ တစ်ယောက်မှ မရှိပါဘူး၊ ဒါကြောင့် ကျုပ်က မိတ်ဆွေတို့နဲ့ ခင်မင်ချင်ပါတယ်၊ ခင်မင်မှု အမှတ်တရအနေနဲ့ ကျုပ်က မိတ်ဆွေတို့ရဲ့ စိတ်တိုင်းကျ ကျွေးမွေး ပြုစုချင်တယ်၊ အဲဒီတော့မှ ကျုပ်ကို ကြိုက်သလို စစ်ဆေးပါ"

ဟု ပြောလိုက်၏။

ငွေသည် လူဆိုးလူမိုက်များ၏ ပါးစပ်ကို ပိတ်နိုင်ရုံမျှမက ရိုသေလေးစားမှုကိုပါ ရနိုင်သည်ကို ချစ်မွေး သဘောပေါက်ပြီး ဖြစ်၏။

ချစ်မွေး၏စကားကြောင့် အစွမ်းကုန် တင်းမာခက်ထန်ထားသော နှုတ်ခမ်းမွေးစစနှင့်လူ၏မျက်နှာမှာ ရေဆေးချလိုက်သလို ပြောင်ချော်ချော်ဖြစ်သွားပြီး

"ဟဲ ဟဲ... အဲဒီအစီအစဉ် သိပ်ကောင်းတာပေါ့"

ဟု သဘောတူလေ၏။

ကျန်လူများသည်လည်း ထိုအတိုင်းပင် တစ်ယောက် တစ်ပေါက် ထောက်ခံကြ၏။ ရှမ်းခမောက်ဆောင်းထားသူကလည်း သွားကို အစွမ်းကုန်ဖြဲကာ





"ဒါဆိုရင် ကျုပ်တို့အားလုံး တောင်ထိပ်ပန်းကို သွားကြမယ်"

ဟု ဆော်ဩလေ၏။ ထိုအခိုက် နန်းမွန်က လက်ကာပြပြီး

"တစ်နယ်သားကို နင်တို့ ဒီလိုမလုပ်ပါနဲ့"

ဟု ဟန့်တားလိုက်၏။ ချစ်မွေးက

"ကျုပ်အတွက် အပန်းမကြီးပါဘူး၊ အခု ချက်ချင်းပဲ တောင်ထိပ်ပန်းကိုသွားဖို့ မိတ်ဆွေတို့ ဦးဆောင်ပေတော့"

ဟု ပြောလိုက်လေတော့၏။

တောင်ထိပ်ပန်းဟူသည်မှာ မည်သည့်အရာမှန်းမသိသော ချစ်မွေးအတွက်လည်း အခွင့်အရေးတစ်ခုပင် ဖြစ်ပေတော့၏။



www.burmeseclassic.com

www.burmeseclassic.com



ချစ်မွေးသည် ထိုလူစုနှင့်အတူ ညမှောင်မှောင်၌ မီးတုတ်များ၊ လက်နှိပ်ဓါတ်မီးများကို အသုံးပြု၍ သွားလာရ၏။

သူတို့လူစုသည် မြို့တွင်းသို့ ဦးတည်ခြင်းမဟုတ်ဘဲ မြို့၏ အရှေ့ဘက်တောင်စောင်းအားခြေရှိ လှိုဏ်ကြီးတစ်ခုထဲသို့ သွားလာလေ၏။

ထိုမှနေ၍ လိမ္မော်ခြံ၊ သစ်တော်ခြံများကို ကျော်လွန်လိုက်လျှင် မီးများထိန်လင်း၍ ပွဲတော်တမျှ လူများနှင့် စည်ကားနေသော ခြံဝင်းကျယ်ကြီးတစ်ခုသို့ ရောက်ရှိလာကြ၏။

ခြံဝင်းကျယ်ကြီးထဲတွင် အုတ်ဖြင့်စီ၍ ဆောက်လုပ်ထားသော အဆောက်အဦးငယ်ကလေးများအား အစီအရီရှိ၏။





ထိုအဆောက်အဦးငယ်ကလေးများ၏ ရွှေမြေကွက်လပ်တိုင်းတွင် အားကောင်းစွာ တောက်လောင်၍ အလင်းပေးနေသော မီးတုတ်ကြီးများ စိုက်ထူထား၏။

လူများသည် အဆောက်အဦးငယ်ကလေးများကို ဝင်ချည်ထွက်ချည် ကူးသန်းသွားလာနေ၏။ ထိုအခါ ချစ်မွေးက နှုတ်ခမ်းမွေးစစနှင့်လူကို

"ဒီမှာ မိတ်ဆွေ၊ တောင်ထိပ်ပန်းဆိုတာ ဒီနေရာလား"

ဟု မေးမြန်းလိုက်၏။

တောင်ထိပ်ပန်းဟုဆိုသော်လည်း ချိုင့်ဝှမ်းလွင်ပြင်လို နေရာတွင် တည်ဆောက်ထား၏။ နှုတ်ခမ်းမွေးစစနှင့်လူက ခေါင်းညိတ်ပြီး

"သိပ်ဟုတ်တာပေါ့၊ တောင်ထိပ်ပန်းကို မရောက်ဖူးရင် မင်းရဲ့ဒေသန္တရ ဗဟုသုတခရီးဟာ ဘယ်လိုမှပြည့်စုံမှာ မဟုတ်ဘူး၊ တောင်ထိပ်ပန်းမှာ မိတ်ဆွေ ဘာလိုချင်သလဲ၊ လိုချင်တာ အကုန်ရနိုင်တယ်"

ဟု ပြောလေ၏။

တောင်ထိပ်ပန်းသည် အရက်မျိုးစုံ၊ စားသောက်



www.burmeseclassic.com

www.burmeseclassic.com



အစုံအလင်နှင့် ကံကြမ္မာကိုလောင်းကြေးထပ်၍ အလောင်းအစား ပြုလုပ်ရသော လောင်းကစားဝိုင်းမျိုးစုံရှိ၏။

ထိုခေတ်က ရှမ်းပြည်နယ်တခွင်တွင် လူမှုရေးနှင့် ဘာသာရေးဆိုင်ရာ ပွဲလမ်းသဘင်များပြီး ပွဲတိုင်းတွင် လောင်းကစားပွဲများက မပါမဖြစ် ပါဝင်၏။

ဗြိတိသျှအစိုးရက လောင်းကစားပွဲများကို တရားဝင်ကျင်းပခွင့်ပေးထားပြီး ထိုစကားပွဲများမှရသော အခွန်ငွေကို စော်ဘွားတို့အား ဆုတော်လာဘ်တော်အဖြစ် ပေးသနားထားသည်ဆို၏။

ချစ်မွှေးကို ခေါ်ဆောင်လာသည့် နှုတ်ခမ်းမွှေးစစနှင့် လူ၏ အမည်မှာ မန်းနောင်ဟု ခေါ်၏။ မန်းနောင်ဟူသည် ရှမ်းအများစုက အင်းထဲတွင်နေသော မြန်မာများကို ခေါ်တွင်ခြင်းသာဖြစ်၏။

ထို့ကြောင့် ဒေသခံများက မြန်မာသွေးပါသူ နှုတ်ခမ်းမွှေးစစနှင့် လူ၏ဇာတိကို အစွဲပြုကာ 'မန်းနောင်' ဟု ခေါ်ခြင်းဖြစ်ကြောင်းသိရ၏။

မန်းနောင်သည် အလုပ်အကိုင် မယ်မယ်ရရမရှိဘဲ ပေပေတေတေ နေထိုင်သူသာဖြစ်၏။ မန်းနောင်တို့လူစုသည် ဆင်းရဲသားကျောမွဲများသာဖြစ်လေရာ တောင်ထိပ်ပန်းဟူသော





နေရာတွင် ပျော်ပျော်ပါးပါး လောင်းကစားရန် ငွေကြေးတတ်နိုင်သူများ မဟုတ်ချေ။

ချစ်မွှေးက ခေါ်ဆောင်လာသောကြောင့် ဝမ်းသာအားရနှင့် ရောက်ရှိလာကြခြင်းဖြစ်၏။ ချစ်မွှေးသည် တန်းလျားရှည်ကဲ့သို့ တည်ဆောက်ထားသော အုတ်တိုက်အဆောက်အဦးတစ်ခုထဲတွင် ထိုသူများအား ပျော်ရွှင်စွာ စားသောက်စေ၏။

စားသောက်ပြီး၍ အချိန်အတန်ကြာလျှင် မူးယစ်လာပြီဖြစ်သော မန်းနောင်က ချစ်မွှေး၏ပခုံးကိုဖက်၍

"မင်းကို ငါတို့ စစ်မေးစရာ မလိုတော့ပါဘူး၊ မင်းဟာ သဘောကောင်းတဲ့လူတစ်ယောက်ဆိုတာ ငါတို့သိပြီ"

ဟု ပြောလေ၏။ အရက်ကို အနံ့မျှမခံဘူးသော ချစ်မွှေးက အစားအစာများကိုသာစားရင်း

"ကျုပ်ကို ယုံကြည်တယ်လို့ကြားရတာ ဝမ်းသာပါတယ်၊ ကျုပ်အတွက် ခင်ဗျားတို့လို မိတ်ဆွေအပေါင်းအသင်းတွေနဲ့ ကြုံတွေ့ရတာ တအားတက်ပါတယ်"

ဟု ဆိုလိုက်၏။

ထိုအခါ မုတ်ဆိတ်မွှေး ဗရပျစ်နှင့် အိုက်ခမောင်း



www.burmeseclassic.com

တဟားဟား အော်ဟစ်ရယ်မောကာ ကျောတွင် လွယ်ပိုးထားသော ဓါးရှည်ကို ပုတ်ပြ၍

"ဒီမှာ မောင်ချစ်မွေး၊ ကျုပ်တို့နဲ့ မိတ်ဆွေဖြစ်ပြီဆိုတော့ ဘယ်လိုအနှောင့်အယှက်မျိုးကိုမဆို ကျုပ်တို့ ရင်ဆိုင်ဖြေရှင်းပေးမယ်"

ဟု ခပ်ကြွားကြွားဆိုလေ၏။ ထိုအခါ ချစ်မွေးက

"ဦးအုံ့မောင်ဆိုတဲ့ လူကြီးအကြောင်း ခင်ဗျားတို့သိမှာပေါ့၊ ကျုပ် ဒီနယ်ရောက်ကတည်းက သူ့သတင်းကို ကြားခဲ့ရတယ်"

ဟု မေးမြန်းလိုက်ရာ အိုက်မောင်း၏ ရယ်မောသံက တစ်ဝက်တစ်ပျက်နှင့် ရပ်တန့်သွားကာ လေသံတိုးတိုးနှင့်

"မောင်ရင် သူ့အကြောင်း သေသေချာချာ မသိသေးဘူးထင်တယ်၊ ဒါကြောင့် သူ့ကို အမည်တပ်ပြီးခေါ်ရဲတာ ထင်ပါရဲ့၊ လူတိုင်းက သူ့ကို တောင်ထိပ်ပန်းသခင်ကြီးလို့ပဲ ခေါ်ရတယ်"

ဟု ပြောလေ၏။ ချစ်မွေးက မျက်မှောင်ကြုတ်၍

"တောင်ထိပ်ပန်းဟာ ဦးအုံ့မောင် ပိုင်ဆိုင်တာပေါ့"



ဟု ဆိုလေရာ မန်းနောင်က ခေါင်းညိတ်ပြီး

"ဟုတ်တယ်ဟေ့၊ မင်း သူ့အမည်ကို တောင် စကားထဲ ထည့်မပြောပါနဲ့ကွာ၊ အန္တရာယ်များလွန်းလို့ပါ၊ အဲ. . . ဒီမှာတော့ မင်းစိတ်ကြိုက် ပျော်ရွှင်လို့ရပါတယ်၊ တောင်ထိပ်ပန်းသခင်ကြီးက အားလုံးကို လွတ်လပ်ခွင့်ပေးထားတယ်၊ လောင်းကစားဝိုင်းတွေမှာ ပျော်ချင်သလား၊ ဒါမှမဟုတ် မူးယစ်လာပြီး သွေးစမ်းချင်လို့ တိုက်ခိုက်ချင်တယ်ဆိုရင် ဒီအဆောက်အဦးရဲ့ နောက်မှာ မြေကွက်လပ်ကြီး လုပ်ထားတယ်၊ အဲဒါကို 'နပန်းကွင်း' လို့ ခေါ်တယ်၊ တစ်ယောက်နဲ့တစ်ယောက် စိန်ခေါ်ပြီး စိတ်ကြိုက်တိုက်ခိုက်နိုင်တယ်၊ တောင်ထိပ်ပန်းသခင်ကြီးက အဲဒီတိုက်ပွဲတွေကို ကြည့်ရှုပြီး အစွမ်းရှိရင် ထိုက်သင့်သလို ချီးမြှောက်တတ်သေးတယ်ကွ"

ဟု ပြောလေ၏။ ထိုအခါ ချစ်မွေးက

"ကျုပ် အဲဒီပွဲကို စိတ်ဝင်စားတယ်ဗျ"

ဟု ဆိုလေရာ အိုက်မောင်းက အရက်ပုလင်းကိုမြှောက်၍

www.burmeseclassic.com



"ဟုတ်တယ်ဟေ့. . . ငါလည်း ကိုယ်ထဲ
ကို အရက်ရောက်သွားရင် သွေးကြွလာတယ်၊
နပန်းကွင်းကိုသွားပြီး တစ်ယောက်ယောက်ကို
စိန်ခေါ်မယ်လို့ ဆုံးဖြတ်လိုက်ပြီ"

ဟု ပြောလိုက်လေ၏။

သူတို့လူစုသည် လောင်းကစားဝိုင်းများသို့ ခြေဦးမလှည့်တော့ဘဲ နပန်းကွင်းသို့ ရောက်လာကြ၏။

နပန်းကွင်းတွင် အလင်းရောင် ကောင်းစွာရစေရန် ပြုလုပ်ထား၏။ လူအချို့ကလည်း ကွင်းအတွင်း သတ်ပုတ်နေသော လူနှစ်ယောက်ကိုကြည့်၍ အသံသေး အသံကြောင်များနှင့် အော်ဟစ်နေကြ၏။

အိုက်မောင်းက တိုက်ခိုက်နေသူနှစ်ယောက်ကိုကြည့်ပြီး မျက်နှာကြီးရှုံ့မဲ့ကာ

"ဒီကောင်တွေ တိုက်ခိုက်နေတာကြည့်ရ
တာ ပျင်းရိလာပြီ"

ဟု ပြောကာ လူများကြားသို့ အတင်းတိုးဝှေ့ပြီး နပန်းကွင်း အတွင်းသို့ ဝင်ရောက်သွား၏။

ထို့နောက် တစ်ယောက်ကိုတစ်ယောက် မည်သို့မျှ ထိခိုက်အောင် မစွမ်းဆောင်နိုင်ကြသော လုံးထွေးနေသူနှစ်ယောက်ကို





အော်ဟစ်၍

"ဟေ့ကောင်တွေ. . . မင်းတို့နဲ့ ဒီနပန်း
ကွင်းနဲ့ မတန်ဘူးကွ"

ဟု ပြောလိုက်၏။

ထို့နောက် အိုက်မောင်းသည် ထိုသူနှစ်ယောက်၏ လည်ကုတ်ကို တစ်ဖက်တစ်ချက်စီ ဆွဲ၍မကာ ကွင်းအပြင်သို့ ပစ်လွှင့်လိုက်တော့၏။

ထိုအခိုက် ချည်ကြမ်းစောင်ကြီးကို လွှမ်းခြုံထားသူ တစ်ယောက်က နပန်းကွင်းအတွင်း လွှားခနဲ ခုန်ဝင်လာပြီး အိုက်မောင်းကို

"ဟေ့ကောင်. . . မင်း ငါ့ကို မထိမဲ့မြင်နဲ့
တွန်းတိုက်သွားတာ အခုပြန်ပြီးပေးဆပ်ရမယ်"

ဟု ပြောကာ စိန်ခေါ်လေ၏။ ခြုံစောင့်နှင့်လူအား အိုက်မောင်းက နပန်းကွင်းအတွင်း ဝင်လာလမ်းတွင် တွန်းထိုးရင်း ထိခိုက်မိဟန်ရှိ၏။

ချစ်မွေး၏အနီး၌ရှိသော မန်းနောင်က

"အိုက်မောင်းတော့ မလွယ်ဘူး၊ သူ့ကို
စိန်ခေါ်တဲ့ကောင်ကြီးကို ငါ ကောင်းကောင်းသိ
တယ်၊ စော်ဘွားကြီးအိမ်မှာ အိမ်တော်စောင့်



www.burmeseclassic.com

www.burmeseclassic.com



လုပ်ဖူးတယ်၊ လွန်ခဲ့တဲ့ နှစ်နှစ်လောက်ကမှ အလုပ်ကထွက်ပြီး ပျောက်သွားတာ အခုမှ ပြန်ပေါ်လာတော့တာပဲ"

ဟု ပြောလေ၏။

ခြံစောင့်နှင့်လူသည် အိုက်မောင်းကို စိန်ခေါ်ပြီးလျှင် ခြံစောင်ကို ဖယ်လိုက်၏။ ထိုအခါ သူ၏ ကိုယ်ကြပ်သားရေအင်္ကျီ လက်ပြတ်ဝတ်ဆင်ထားသော ကိုယ်ခန္ဓာအထက်ပိုင်းမှ အမြောင်းအမြောင်းထနေသော ကြွက်သားစိုင်ကြီးများက အထင်းသား ပေါ်လာ၏။

သူ၏ခါးတွင်လည်း သားရေခါးပတ်ပြားကြီးနှင့် ခါးကောက် တစ်လက်ကို ချိတ်ဆွဲထား၏။ နပန်းကွင်းတွင် လက်နက်မဲ့သာ တိုက်ခိုက်ရမည်ဟူသော စည်းကမ်းချက်ရှိ၏။

ထို့ကြောင့် သူတို့သည် လက်နက်များကို စွန့်လိုက်ကြ၏။ အိုက်မောင်းသည် မျက်လုံးအစုံနီရဲ၍ သွေးကြွနေလေရာ ကိုယ်ကြပ်အင်္ကျီနှင့် လူထွားကြီးကို မြင်တွေ့နေရသော်လည်း တုန်လှုပ်ဟန်မရှိဘဲ တိုက်ခိုက်ရန်သာ စိတ်စောနေ၏။

ထိုအခိုက်တွင် ပွဲကြည့်ပရိသတ်တွင်းမှ လူအချို့ လှုပ်လှုပ်ရှားရှားဖြစ်ကာ ထိုနေရာသို့ လူတစ်ယောက်က ကုလားထိုင်မြင့်ကြီးတစ်လုံး လာရောက်ချလေ၏။





မန်းနောင်က ချစ်မွှေးကို တစ်တောင်နှင့်တွက်ကာ ထိုနေရာသို့ ညွှန်ပြပြီး

"မင်းတွေ့ချင်နေတဲ့ တောင်ထိပ်ပန်းသခင်ကြီး ရောက်လာပြီဟေ့၊ သူလာကြည့်ပြီဆိုရင်တော့ ဘယ်သူမှ ညာညာတာတာ တိုက်ခိုက်ရဲမှာမဟုတ်တော့ဘူး၊ သူက တိုက်ပြီဆိုရင် ရေကုန်ရေခန်း အသေအလဲတိုက်မှကြိုက်တာကွ"

ဟု ပြောလေ၏။

ချစ်မွှေး၏အကြည့်က ထိုနေရာသို့ လျှင်မြန်စွာ ရောက်ရှိသွား၏။ ဟရုတ်လူမျိုးများ ဝတ်ဆင်တတ်သော ပိုးဝတ်ရုံ အနီရဲရဲကြီးကို ဝတ်ဆင်ထားသော အသက် (၅၀)ခန့် လူကြီးတစ်ယောက်က ကုလားထိုင်မြင့်ကြီးတွင် အခန့်သားရှိနေ၏။

သူ၏ အဖြူရောင်သန်းနေပြီဖြစ်သော ဆံပင်ရှည်တို့ကို နဖူးမှလှန်၍ သေသပ်စွာ ဖီးသင်ထား၏။ သူ၏ သိမ်းငှက်နှုတ်သီးကဲ့သို့ ကောက်ချိတ်နေသော နှာခေါင်းက အထင်းသားရှိနေသလို ကျဉ်းမြောင်း၍ အရောင်တဖျတ်ဖျတ်လက်နေသော မျက်လုံးအစုံကလည်း စူးရှလှ၏။

ဖင်းသည် ဆင်စွယ်စွပ်တံဘွင် တပ်ထားသော စီးကရက်



www.burmeseclassic.com

www.burmeseclassic.com



ကို ဖွာရှိုက်ပြီးနောက်

"တိုက်ပေတော့ပေါ့"

ဟု အော်ဟစ်လိုက်၏။

ထိုသူမှာ တောင်ထိပ်ပန်းသခင်ကြီးခေါ် ဦးအုံ့မောင်ဖြစ်၏။ ထိုလူကြီး၏အနီး၌ နောက်လိုက်လေးငါးယောက်က အသင့်အနေအထားနှင့် ခပ်တည်တည်ရပ်တန့်နေကြ၏။

သားရေကိုယ်ကြပ်နှင့်လူသည် နပန်းကွင်း၏ တစ်ဖက်ထိပ်တွင် ရောက်ရှိနေသလို အိုက်မောင်းက တစ်ဖက်ထိပ်တွင် မျက်နှာချင်းဆိုင်ရှိနေ၏။

သူတို့၏ အသွင်အပြင်မှာ တင်းမာခက်ထန်၍ တကယ့်ကို ရေကုန်ရေခန်း တိုက်ခိုက်ရန် ဆုံးဖြတ်ထားကြပုံရ၏။ ချစ်မွှေးက မန်းနောင်ကို

"ခင်ဗျားလူ အိုက်မောင်း၊ အခြေအနေ ကောင်းပါ့မလား"

ဟု မေးမြန်းလိုက်၏။ မန်းနောင်က မေးစေ့ကို လက်နှင့်ပွတ်ပြီး

"လက်စလက်နကတော့ တော်တော် ကောင်းတယ်၊ ဒါပေမဲ့ ဟိုကောင်ကြီးကလည်း အတွေ့အကြုံရင့်နေတာကွ၊ အိုက်မောင်း တစ်





ချက်မှားတာနဲ့ ခံရမှာပဲ"

ဟု အဖြေပေးလေ၏။

ထိုအချိန်တွင်ပင် တိုက်ခိုက်မည့်သူနှစ်ယောက်စလုံးသည် ဝမ်းခေါင်းသံကြီးများနှင့် မာန်တင်းအော်ဟစ်ပြီး မျက်နှာချင်းဆိုင် ပြေးဝင်ကြ၏။

ပရိသတ်၏ အော်ဟစ်သံကလည်း ဆူညံစွာ ထွက်ပေါ်လာ၏။ သားရေကိုယ်ကြပ်နှင့်လူသည် လျှင်မြန်စွာ ပြေးလွှားလာရင်း အိုက်မောင်းနှင့် ရင်ဆိုင်မိခါနီးတွင် ခလုတ်တိုက်၍ လားမသိ။

ဟန်ချက်ပျက်၍ ယိမ်းယိုင်သွား၏။ အိုက်မောင်းသည် ထိုအချက်ကို အခွင့်ကောင်းယူ၍ ပိုင်ပိုင်နိုင်နိုင် အသုံးချလိုက်၏။

နှစ်ယောက်သားဆုံတွေ့ချိန်တွင် အိုက်မောင်းက လေထဲသို့ခုန်၍ တက်လိုက်ပြီး ဟန်ချက်ပျက်သွားသော တစ်ဖက်လူ၏ မျက်နှာကို ဒူးဖြင့် တိုက်ချလိုက်၏။

သားရေကိုယ်ကြပ်နှင့်လူမှာ နောက်သို့လည်ထွက်သွားပြီး မြေပေါ်သို့ ဒူးထောက်ကျသွား၏။ သူသည် လဲပြိုမသွားစေရန် မြေပြင်ကိုလည်း လက်တစ်ဖက်ဖြင့် ထောက်ထားလိုက်ရ၏။

ကျန်လက်တစ်ဖက်နှင့်မူ မျက်နှာကို ပွတ်သပ်ပြီးနေ၏



www.burmeseclassic.com

www.burmeseclassic.com



သွေးစများကို ကြည့်ရှု၍

"မင်းကို ဒီနေ့ အာသေသတ်မှဖြစ်မယ်"

ဟု အိုက်မောင်းကို ကြိမ်းဝါးလိုက်တော့၏။

ချစ်မွှေးက ပွဲမှာ ထင်သည်ထက်ပို၍ ကြမ်းတမ်းလာတော့မည်ဖြစ်ကြောင်း ရိပ်မိကာ မန်းနောင်ကို

"ဒီလို တိုက်ခိုက်ရင်း တစ်ယောက်ယောက်

သေဆုံးသွားရင် ဘယ်လိုလုပ်မလဲ"

ဟု မေးမြန်းလိုက်၏။ မန်းနောင်က တိုက်ပွဲဆီမှ အကြည့်ကို မရွှေ့ရှားဘဲ

"သေရင် သက်ဆိုင်တဲ့လူတွေက လာ

သယ်ပြီး မြေမြှုပ်ပစ်လိုက်တာပေါ့၊ ပိုင်ရှင်

မရှိရင်လည်း တောင်ထိပ်ပန်းသခင်ကြီးက

တာဝန်ယူတယ်၊ ကိုယ့်သဘောနဲ့ကိုယ် တိုက်ခိုက်

ကြတဲ့အတွက် သေရင်လည်း ကျန်တဲ့သူအတွက်

ဘာပြဿနာမှမရှိဘူး"

ဟု အဖြေပေးလေတော့၏။





မန်းနောင်သည် တိုက်ပွဲကိုကြည့်ရှုရင်း မုးယစ်မှုပင် ကြက်ပျောက်၊ ငှက်ပျောက် ပျောက်ကာ မျက်လုံးပြူးကျယ်သွား၏။

အိုက်မောင်းသည် တိုက်ပွဲအစတွင် ကံကောင်းထောက်မ၍ ကိုယ်ကြပ်အကျီနှင့်လူထွားကြီးကို အနာတရဖြစ်အောင် တိုက်ခိုက်လိုက်နိုင်ခြင်းသာ ဖြစ်ပေတော့၏။

တိုက်ပွဲက ကြာမြင့်လာသည်နှင့်အမျှ ၎င်းသည် မရှုမလှ ခံရင်း အရှုံးဘက်သို့ ဦးတည်နေ၏။

တောင်ထိပ်ပန်းသခင်ကြီးကမူ လူနှစ်ဦး ရက်ရက်စက်စက် တိုက်ခိုက်နေသည့်မြင်ကွင်းကို ခေါင်းတဆတ်ဆတ်ညိတ်ရင်း မြိန်ရည်ယှက်ရည် ကြည့်ရှုနေ၏။



www.burmeseclassic.com

www.burmeseclassic.com



နောက်ဆုံးတွင် အိုက်မောင်းသည် ဒက်ရာဗရပွနှင့် မြေပြင်သို့ အဝတ်တစ်စကို ပစ်ချလိုက်သလို ပုံလျက်သား လဲပြို သွား၏။

ပရိသတ်၏ အော်ဟစ်အားပေးသံက ဘဝင်အထိ ညံနေသည်ဟုပင် ထင်မှတ်ရ၏။ ကိုယ်ကြပ်အကျီနှင့်လူထွားက ထန်းသီးလုံးခန့်ရှိမည့် လက်သီးလုံးကြီးနှစ်လုံးကို လေထဲတွင် ဝှေ့ယမ်းပြီး နှုတ်ဖျားက ကျားဟိန်းသံကဲ့သို့အသံနက်ကြီးဖြင့် အော်ဟစ်ကာ အောင်မြင်မှုကို ဟစ်ကြွေးလိုက်၏။

ထို့နောက် နပန်းကွင်းအတွင်း ခြေလှမ်းကြဲကြီးများနှင့် လူးလာခေါက်တုန့် လျှောက်လှမ်းကာ ပရိသတ်၏ အားပေးမှုကို ခံယူနေ၏။

တောင်ထိပ်ပန်းသခင်ကြီးက လက်ခုပ်တီး၍ ချီးကျူး လိုက်မှုက ပရိသတ်၏ ဆူညံမှုကြားတွင် ပျောက်ကွယ်နေ၏။

ထို့နောက် သားရေကိုယ်ကြပ်နှင့် လူထွားကြီး၏ခြေလှမ်းက အိုက်မောင်းဆီသို့ ဦးတည်လာ၏။ အိုက်မောင်းသည် သတိကင်းလွတ်ခြင်းမရှိသေးချေ။ သူသည် လူထွားကြီး၏လက်ချက်ဖြင့် နောက်ဆုံးအချိန်သို့ရောက်ရန် နီးကပ်ပြီဖြစ်ကြောင်း သဘောပေါက်လိုက်၏။

သားရေကိုယ်ကြပ်အကျီနှင့် လူထွားကြီးသည် အိုက်





မောင်း၏ ကိုယ်ခန္ဓာကို ဆုပ်ကိုင်ပြီး လေထဲသို့ မြှောက်လိုက်၏။

အိုက်မောင်းသည် လူထွားကြီး၏လက်ကွင်း၌ မလှုပ်သာ၊ မလွန့်သာနှင့် ပါသွား၏။

လူထွားကြီးက အိုက်မောင်းကို နှစ်ပတ်သုံးပတ်မျှ ကိုင်မြှောက်၍ လှည့်ကာ သူကိုယ်တိုင်ကမူ မြေပြင်သို့ ဒူးတစ်ဖက်ထောက်၊ ဒူးတစ်ဖက်ထောင် ထိုင်ချလိုက်၏။

အိုက်မောင်း၏ကိုယ်ခန္ဓာမှာ လူထွားကြီး၏ ဒူးပေါ်တင်၍ ရိုက်ချိုးသတ်ဖြတ်ခြင်းကို မရှုမလှ ခံရပေတော့မည်။

ထို့ကြောင့်ပင် မန်းနှောင်သည် တိုက်ပွဲကိုကြည့်ရှုရင်း မူးယစ်မှုပင် ကြက်ပျောက်၊ ငှက်ပျောက် ပျောက်ကာ မျက်လုံးပြူးကျယ်သွားခြင်း ဖြစ်၏။

ထိုအခိုက် နပန်းကွင်းအတွင်းသို့ လူရိပ်တစ်ရိပ်က လွှားခနဲ ခုန်ဝင်လိုက်ပြီး

"ရပ်လိုက်စမ်း"

ဟု သားရေကိုယ်ကြပ်နှင့် လူထွားကြီးကို အမိန့်ပေး လိုက်၏။

လူထွားကြီး၏ အေးစက်စက်အကြည့်က ထိုလူရိပ်ထံ ရောက်ရှိလာ၏။ မန်းနှောင်သည် ထိုလူရိပ်ကို မြင်တွေ့လျှင် မျက်လုံးက ပို၍ပြူးကျယ်သွားကာ



www.burmeseclassic.com

www.burmeseclassic.com



"ဟာ. . . ဒီကောင်လေး သေတော့မှာပဲ"

ဟု အော်ဟစ်လိုက်မိ၏။

ချစ်မွှေးသည် အိုက်မောင်း၏ အဖြစ်ဆိုးကို တားဆီးရန် အလိုအလျောက်ပင် မသိစိတ်က တွန်းပို့လိုက်သလို တိုက်ပွဲအတွင်း ခုန်ဝင်သွားခဲ့မိ၏။

ထိုလူထွားကြီးကို ကြည့်ရသည်မှာ သူနှင့် အမြဲလို ယှဉ်ပြိုင်သတ်ပုတ်ခဲ့သည် အာဠာဝကကြီးလိုပင် သန်မာ၍ တိုက်ခိုက်မှုတွင် ကြမ်းတမ်းလိမ့်မည်လို့ တွက်ဆပြီးဖြစ်၏။

မည်သို့ပင်ဖြစ်စေ သူသည် ထိုသူကို တိုက်ခိုက်ရပေတော့မည်။

ထိုအခိုက် တောင်ထိပ်ပန်းသခင်ကြီးက ချစ်မွှေးကို စူးစူးရဲရဲ စိုက်ကြည့်ရင်း မျက်မှောင်ကြုတ်ပြီး အနီးရှိ နောက်လိုက်တစ်ယောက်ကို တစ်စုံတစ်ရာ မေးမြန်းလေ၏။

နောက်လိုက်ကာ ခေါင်းကိုယမ်းပြလျှင် သူ၏အကြည့်က နပန်းကွင်းဘက်သို့ ပြန်ရောက်လာ၏။

မထင်မှတ်သောအဖြစ်အပျက်ကြောင့် ပရိသတ်များ ရုတ်ချည်းတိတ်ဆိတ်သွား၏။ ထိုအခိုက် ချစ်မွှေးက ကွင်းလယ်တွင် သက်သောင့်သက်သာရပ်တန့်ပြီး လူထွားကြီးကို လေသံ



အေးအေးနှင့်

"ခင်ဗျား သူ့ကို ချမ်းသာပေးလိုက်ပါ"

ဟု ထပ်မံပြောဆိုလိုက်၏။

လူထွားကြီးက အိုက်မောင်းကို မြေပြင်သို့ချ၍ တံတွေးဖြင့် တို့ခနဲထွေးကာ ချစ်မွှေးကို စေ့စေ့ကြည့်ပြီး

"သူ့ကို လွှတ်ပေးလိုက်ပြီ၊ သူ့အစား မင်းက ဝင်ပြီး ခါးစားခံရမယ်"

ဟု ပြောလေ၏။

ချစ်မွှေးသည် ဘာမျှပြောဆိုခြင်းမရှိတော့ဘဲ တိုက်ပွဲအတွက် အသင့်ပြင်ထားလိုက်တော့၏။

သူတို့၏ ကိုယ်ခန္ဓာချင်းက ဆင်နှင့်ဆိတ်ပမာ ကွာခြား၏။ ပရိသတ်က လူငယ်ကလေးတစ်ယောက် ကွင်းထဲသို့ဝင်လာကတည်းက ထိုလူငယ်ကလေးမှာ မိုက်ရူးရဲကလေးတစ်ယောက်ဟုသာ ထင်မှတ်ပြီးဖြစ်၏။

မကြာမီ ထိုလူငယ်ကလေးသည် လူထွားကြီး၏လက်တွင်း၌ စိစိညက်ညက် အချေခံရမည်ကိုလည်း မြင်ယောင်မိကြပြီးဖြစ်၏။

ထိုအခိုက် မန်းနောင်နှင့်အခြားတစ်ယောက်က အိုက်မောင်းကို ကွင်းပြင်သို့ သယ်ထုတ်သွားကြ၏။ လူထွားကြီးက

www.burmeseclassic.com

www.burmeseclassic.com



လည်း ချစ်မွေးအပေါ်တွင် ပရိသတ်ကဲ့သို့ ထင်မြင်ဟန်ရှိကာ

"ဟေ့ကောင်လေး. . မလောက်လေး
မလောက်စားနဲ့ မင်းအတွက် အခွင့်အရေးတစ်ခု
ပေးလိုက်မယ်၊ ငါ့ကို အရှိအသေပေးပြီး ကွင်းထဲ
ကထွက်သွားစမ်း"

ဟု ပြောလေရာ ချစ်မွေးက မြေပြင်တွင် ခြေထောက်နှစ်ချောင်းကို ခွဲ၍ရပ်တန့်ပြီး

"ဘယ်သူက အရှိအသေပေးပြီး ကွင်းထဲ
ကထွက်သွားရမလဲ ဆိုတာ ကိုက်ခိုက်ပြီးရင်
အဖြေထွက်လိမ့်မယ်"

ဟု ဆိုလိုက်၏။

လူထွားကြီးသည် တရှူးရှူးဖြစ်သွား၏။ ထို့နောက် မုန်ယိုနေသော ဆင်တစ်ကောင်လို ချစ်မွေးထံ တစ်ရှိန်ထိုးပြေးဝင်လာ၏။

လူထွားကြီးက ချစ်မွေးကို အင်အားဖြင့် အနိုင်ယူကာ ပူးသတ်ရန် ကြံရွယ်၏။ ချစ်မွေးက ပေါ့ပါးဖျတ်လတ်စွာ ရှောင်တိမ်းရင်း အလစ်အငိုက်ကို စောင့်ကာ ကိုက်ခိုက်၏။

လူထွားကြီးက လက်နှစ်ဖက်ဖြင့် ချုပ်ကိုင်ရန် ကြိုးစား၏။ ချစ်မွေးက မြွေတစ်ကောင်လို လျှောခနဲထွက်ကာ ဒူး၊ တတောင်





တစ်ခုခုနှင့် တိုက်ခိုက်သွား၏။

ချစ်မွေးက မထိခလုတ် ထိခလုတ် တိုက်ခိုက်ခြင်းဖြစ်သော်လည်း ထိချက်ကိုင်းက သူ့အတွက် တိုက်ခိုက်ရေးပညာကို အခြေခံကျကျ တတ်ကျွမ်းခြင်းမရှိသော်လည်း အာဠာဝကကြီးနှင့် သတ်ပုတ် တိုက်ခိုက်ခဲ့စဉ်က တကယ့်ရင်ဆိုင်တိုက်ပွဲများတွင် တစ်ချက်ကောင်း တိုက်ကွက်များကို အသုံးပြုတတ်အောင် လေ့ကျင့်ထားသလိုရှိ၏။

ချစ်မွေးက ထိုကဲ့သို့ပြုလုပ်လေ လူထွားကြီး၏ဒေါသကို ပို၍ နှိုးဆွသလိုဖြစ်စေလေ၏။ ပရိသတ်ကမူ ချစ်မွေး၏အစွမ်းကို သိသွားပြီဖြစ်၏။

ထို့ကြောင့် ချစ်မွေးက လူထွားကြီးကို တစ်ချက်ထိုးနှက် တိုက်ခိုက်လိုက်တိုင်း သူတို့၏အော်ဟစ်သံက ပို၍ဆူညံသွားမြဲဖြစ်၏။

တစ်ချီတွင် လူထွားကြီး၏ လက်သီးချက်ကို ချစ်မွေးက နောက်သို့ကော့၍ ရှောင်တိမ်းလိုက်ပြီး အလိုက်သင့်ပင် ရှူးမိနပ်ဦးက လူထွားကြီး၏မျက်နှာနှင့် မိတ်ဆက်သွား၏။

လူထွားကြီးသည် အိုက်မောင်းနှင့် ပွဲအစတွင်ပင် ရရှိခဲ့သော ဒဏ်ရာဟောင်းကို ထိသွားလေရာ ခေါင်းထဲတွင် ကြယ်မြင်လမြင် ဖြစ်သွား၏။



www.burmeseclassic.com

www.burmeseclassic.com



ထိုတဒင်္ဂအချိန်ကလေးကိုပင် ချစ်မွေးက ကောင်းစွာ အသုံးချလိုက်၏။ ချစ်မွေးသည် မြားတစင်းပမာ လူထွားကြီးထံ ပြေးဝင်လာ၏။

မည်သို့ပင်ဖြစ်စေ သန်မာတောင့်တင်းသူဖြစ်ပါစေ၊ ကိုယ်ခန္ဓာတွင် ပျော့ကွက်များစွာရှိ၏။ ချစ်မွေးသည် ထိုပျော့ကွက်များကို တိုက်ခိုက်ရန် လေ့ကျင့်ထားသူ ဖြစ်လေ၏။

မကြာမီ လူထွားကြီးသည် ရုပ်သေးကြိုးပြတ်လို မြေပြင်သို့ ပိုင်းခနဲလဲကျသွားတော့၏။ ချစ်မွေးလည်း တိုက်ခိုက်မှုကို ချက်ချင်းရပ်တန့်ကာ သူ့ကိုမော့၍ အံ့သြဟန်နှင့် ကြည့်ရှုနေသော လူထွားကြီးကို စာနာဟန်နှင့်

"ကျုပ်ကို ခွင့်လွှတ်ပါဗျာ၊ အခြေအနေက
မလွှဲသာဘဲ တိုက်ခိုက်ဖို့ ဖြစ်လာလို့ပါ"

ဟု တောင်းပန်ကာ ထိုနေရာကို ကျော်ခိုင်းလိုက်လေ၏။

တောင်ထိပ်ပန်းသခင်ကြီးသည်လည်း တိုက်ပွဲအစအဆုံး မျက်တောင်မခတ်တမ်း ကြည့်ရှုလာခဲ့ပြီး ချစ်မွေးထွက်ခွာသွားမှပင် လှုပ်လှုပ်ရှားရှား ဖြစ်လာ၏။

ထို့နောက် အနီးရှိ နောက်လိုက်တစ်ယောက်ကို

"အဲဒီကောင်လေး ဘယ်သူလဲဆိုတာ
အမြန်ဆုံးစုံစမ်းပြီး ငါ့ဆီကို သတင်းပို့စမ်း"





ဟု အမိန့်ပေးလိုက်၏။

ချစ်မွေးသည်အပြန်လမ်းတစ်လျှောက် တိုက်ပွဲအကြောင်း တစ်ယောက်တစ်ပေါက်ပြောဆိုကာ မိမိအား ချီးမွမ်းလာသော မန်းနောင်တို့လူစုကြားတွင် တိတ်ဆိတ်စွာ လိုက်ပါလာခဲ့၏။

သူတို့နှင့်အတူ ခေါ်ဆောင်လာသော အိုက်မောင်းမှာမူ လူထွားကြီးလက်ချက်နှင့် အိပ်ရာထဲတွင် တစ်ပတ်ခန့် အနားယူရပေဦးမည် ဖြစ်၏။

သာရဓိလှိုင်စာပေ
အမှတ် (၇)၊ အသောကလမ်း၊ ကျောက်မြောင်း၊
ရန်ကုန်မြို့။



www.burmeseclassic.com

www.burmeseclassic.com



ဒေါ်မိုးသည် အခါတိုင်းအချိန်ထက် ပို၍တည်ငြိမ်ကာ ပို၍ အေးချမ်းနေ၏။

၎င်းသည် သက်တော်အိုးမင်းလှပြီဖြစ်သော ဆရာတော်ကြီး၏ တရားရေအလျှင်တွင် စီးမျောရင်း ပျပ်ဝပ်ကျိုးနွံစွာ ရှိနေ၏။ နောက်ဆုံးတွင် ဆရာတော်ကြီးက

"ကဲ ကဲ. . .. ဒကာမကြီး၊ ဒီလို ရဟန်းခံ ရှင်ပြုအလှူတော်မင်္ဂလာရဲ့ ကောင်းမှုကုသိုလ် အကျိုးတရားတွေကို သုံးဆယ့်တစ်ဘုံမှာ ကျင်လည်နေကြတဲ့ ဝေနေယျသတ္တဝါ၊ ဒုက္ခိတ သတ္တဝါ၊ သုခိတ သတ္တဝါအပေါင်းကို ရေစက်ချပြီး အမျှဝေကြရအောင်"

ဟု မိန့်လေတော့၏။



ဒေါ်မိုးနည်းတူ အနီးတွင်ရှိနေသော အလှူ့ဒါယိကာ ဦးတောင်ကျော်ပါ ရေစက်ခွက်ကို ကောက်၍ကိုင်လိုက်၏။

သူတို့သည် "ဗားကရာ" ဘက်ရှိ ချောင်ကျလှသော ဘုန်းတော်ကြီး ကျောင်းသို့ ရောက်ရှိနေခြင်းဖြစ်၏။

မကြာမီက ဒေါ်မိုးရည်ရွယ်ထားသည့် ဒုလ္လဘရဟန်းခံပွဲက ပြီးစီးသွားခဲ့ချေပြီ။ သံဃာစင်ထက်၌ ကမ်းနားလူမိုက် ဖိုးထိန်နှင့်အတူ အလစ်သမား ကြွက်ကလေး၊ အရက်သမား မြဆိုင်စသူတို့ ပြောင်းလဲကာ ရဟန်းတို့၏ နှစ်ရာ့နှစ်ဆယ့်ခုနှစ် သွယ်သော သိက္ခာပုဒ်ကို စောင့်ထိန်းရင်း ကြည်ညိုဖွယ်ရာ ဝံမြန်းနေကြကုန်၏။

ရေစက်ချ၍ အမျှအတမ်းဝေပြီးလျှင် ဆရာတော်ကြီးက ဒေါ်မိုးအား

"ဒကာမကြီးလည်း နှစ်စဉ်နှစ်တိုင်း ဒီလို အလှူအတန်းပြုနေရုံနဲ့ မပြီးသေးဘူး၊ ကိုယ်တိုင် လည်း ကောင်းတဲ့အသက်မွေးဝမ်းကျောင်းမှု ကို ပြုသင့်တယ်"

ဟု ရှင်းရှင်းပင် မိန့်လေရာ ဒေါ်မိုးက ရိုကျိုးစွာနှင့်

"မှန်ပါ့ဘုရား၊ တပည့်တော်မ အဲဒီလို ပြောင်းလဲပစ်ဖို့ အကြိမ် ကြိမ် စဉ်းစားမိပါတယ်

www.burmeseclassic.com

www.burmeseclassic.com



ဘုရား၊ ဒါပေမဲ့ ဒီအလုပ်ဟာ တပည့်တော်မ မလုပ်ရင်လည်း တစ်ပါးသူက လုပ်ကိုင်မှာပါ ဘုရား၊ တပည့်တော်မ လုပ်တဲ့အတွက် နီးစပ်ရာ ပတ်ဝန်းကျင်က အတွေးမှား၊ အယူမှားတဲ့ သူတွေကို နားချပြီး တစ်နှစ်တစ်ကြိမ် သာသနာ့ ဘောင် သွတ်သွင်းပေးနိုင်တာပါ ဘုရား၊ တပည့် တော်မသာမရှိရင် ဒီလူတွေပိုပြီး ဆိုးရွားလာဖို့ပဲ ရှိပါတယ် ဘုရား၊ မနှစ်က ဒုလ္လဘမဲပေါက်ပြီး ရဟန်းဘောင်ဝင်တဲ့ ယစ်ထုပ်ကြီးတစ်ယောက် ဆိုရင် သာသနာ့ဘောင်မှာ အပြီးတိုင် တရား အားထုတ်တော့မယ်လို့ ဆုံးဖြတ်သွားတာ အဆိုး ထဲက အကောင်း သိသာထင်ရှားတဲ့ နမူနာပါပဲ ဘုရား၊ တပည့်တော်မရဲ့ ရည်ရွယ်ချက်က တတ်နိုင်သလောက် သူတို့ကို အသိအမြင်မှန် ရစေချင်တာပါပဲ ဘုရား၊ ဒါကြောင့် ဒီအလုပ်ကို ပျော်ပျော်မွေ့မွေ့နဲ့ပဲ လုပ်နေမိတာ ခွင့်လွှတ်ပါ ဘုရား"

ဟု လျှောက်လေ၏။ ဆရာတော်ကြီးက ခေါင်းကိုဖြည်း လေးစွာ ညိတ်တော်မူကာ



"မြတ်စွာဘုရားရှင်တောင် ကျွတ်ထိုက်တဲ့ သူကိုမှ ချွတ်လို့ရတာမျိုးပဲ၊ အခု ကျုပ်ရဲ့ကျောင်း မှာလည်း နောက်ဆုံးတွက်သက်ရောက်မှ အသိတရားရလာတဲ့ လူတစ်ယောက်လာပြီး မှီခို နေတယ်ကွယ့်၊ ကျန်းမာရေးကလည်း မကောင်း ရှာဘူး၊ ဘုန်းကြီးရဲ့ကျောင်းကလည်း တစ်ခြား ကျောင်းတွေလို လာဘ်လာဘမရွှင်တော့ သူ့ကို လည်း ကောင်းကောင်းပြုစုစောင့်ရှောက်ဖို့ မတတ်သာဘူးဖြစ်နေတယ်၊ သူ့ကို ကျောင်း နောက်က ဇရပ်မှာထားပြီး ကပ္ပိယကြီးကပဲ တော်သလို ပြုစုစောင့်ရှောက်နေရတယ်"

ဟု အရိပ်အမြွက်မျှ မိန့်လေ၏။ ထိုအခါ ဒေါ်မိုးက

"တပည့်တော်မ သူ့ကို သွားကြည့်ပြီး တတ်နိုင်သမျှ ကူညီစောင့်ရှောက်ပါ့မယ်ဘုရား"

ဟု လျှောက်ထား ကတိပေးလိုက်၏။ ထို့နောက် ကပ္ပိယကြီးက ဒေါ်မိုးကိုခေါ်၍

"ဒီလိုဗျ ရဟန်းအစ်မကြီးရဲ့၊ ကျုပ်တို့ ကျောင်းမှာလာပြီး မှီခိုနေတဲ့သူက တစ်ချိန်တုန်း က ဧရာဝတီမြစ်ဝကျွန်းပေါ်ဘက်မှာ သူ့

www.burmeseclassic.com

www.burmeseclassic.com



အမည်ကြားတာနဲ့ လူတိုင်း ဖိန့်ဖိန့်တုန်အောင် ကြောက်ရွံ့ကြရတဲ့ တောပုန်းခေါင်းပြကြီး တစ်ယောက်ပေါ့ဗျာ၊ ခါးပြဖြစ်တဲ့အပြင် မိန်းမ ဆိုရင် အပျို၊ အအိုမရွေး သိမ်းပိုက်ပြီး ကာမေသုမိစ္ဆာစာရကံကိုလည်း ကောင်းကောင်း ကြီး ကျူးလွန်ဖောက်ဖျက်သူပေါ့၊ အဲဒီမှာ ရှေးက ကံအကျိုးတရားကလေးကလည်း ကျန်သေး တော့ ထောင်တွေ တန်းတွေလွတ်နေပြီး ဘဝ ဟောင်းကိုစွန့်၊ ဘဝသစ်နဲ့ ဇာတ်မြှုပ်နေတဲ့ အချိန်ထိ တပည့်သား၊ မြေးတွေနဲ့ ချမ်းသာသုခ ရနေသေးဆိုပဲဗျ၊ ဒါပေမဲ့ ရှေးကံအကျိုးပေးက ကုန်ခမ်းသွားတော့ အသက်အရွယ် ထောက် လာတဲ့အခါမှာ တပည့်သားမြေးတွေရဲ့ နှိပ်စက် မှုနဲ့ပဲ စည်းစိမ်ဥစ္စာတွေ ပျောက်ပျက်ဆုံးပါးပြီး ဖွတ်ကျောပြာစုဘဝကို ရောက်ရတော့တာပဲ၊ အဲဒီမှားပြုခဲ့မိတဲ့ အကုသိုလ်ကံက ဆက်လိုက် လာပြန်တော့ စားရမဲ့မဲ့၊ သောက်ရမဲ့မဲ့ဘဝမှာ တောင် ရောဂါဘယမျိုးစုံက ထုထောင်းလိုက် သေးတယ်ဗျ၊ ဒီလိုနဲ့ တောင်းရမ်းစားသောက်၊





လှည့်လည်နေရင်းက ကျုပ်တို့ကျောင်းမှာ ဆရာ တော်ကြီးရဲ့ မေတ္တာထားမှုနဲ့ အမှီသဟဲပြုရင်း နောက်ဆုံး အကုသိုလ်ကံရဲ့အကျိုးကို ခံစားရဖို့ စောင့်နေတဲ့ဘဝကို ရောက်နေတာပေါ့ဗျာ"

ဟု ရှင်းပြလေ၏။

မကြာမီ ဒေါ်မိုးတို့လူစုသည် ကျောင်းနောက်ဘက်ရှိ ဇရပ်အိုကလေးသို့ ရောက်ရှိလာကြ၏။ အသက်အရွယ်နှင့်မမျှ အောင် အိုမင်း၍ ရောဂါဘယ၏ ဖိစီးနှိပ်စက်မှုကို ခံနေရသော လူကြီး တစ်ယောက်သည် အိပ်ရာထက်တွင်ရှိနေ၏။

ဒေါ်မိုးက လူနာ၏အခြေအနေကိုကြည့်ပြီး ခေါင်းယမ်း ကာ ဦးတောကျော်ကို

"နေ့လား၊ ညလားပဲ ကိုတောကျော်ရေ၊ ဒါပေမဲ့ သူ့ကို ဆေးဝါးကုသဖို့ ကြည့်မြင်တိုင် ဘူတာနားက ကုလားဆရာဝန်ကြီးကို ပင့်ရ မယ်၊ ခြေကြွခ ဘယ်လောက်ဖြစ်ဖြစ်ပေးပါ့ မယ်ဆိုပြီး ပင့်ခဲ့ပါတော်"

ဟု ပြောဆိုခိုင်းလေ၏။ ကုလားဆရာဝန်ကြီးရောက်လျှင် လူနာကို စမ်းသပ်ကြည့်ရှုပြီး

"ဒီလို ရောဂါပေါင်းစုံနေတဲ့လူနာကို



www.burmeseclassic.com

ကုသဖို့ ဒီကမ္ဘာကြီးမှာ ဆေးမပေါ်သေးဘူး၊
ကျုပ် သူ့ကို အားဆေးကောင်းကောင်းတော့
ထိုးပေးခဲ့မယ်၊ အားရှိမဲ့ အစားအစာတွေကို
လည်း ဝင်သလောက် ကျွေးရမယ်"
ဟု ပြောလေ၏။

ဆရာဝန်ကြီး၏ ခိုင်းစေချက်အတိုင်းပင် ဒေါ်မိုးလည်း အလှူပွဲပြီး၍ မပြန်နိုင်သေးဘဲ လူနာအတွက် လိုအပ်သည်များကို ဈေးတွင်ဝယ်၍ ဘုန်းကြီးကျောင်းတွင်ဝင် ချက်ပြုတ်ရလေ၏။ ထို့နောက် ဒေါ်မိုးက ဦးတောကျော်ကို

"ရှင် ဆိုင်ကိုပြန်ပေတော့၊ လူနာက ဒီည
တောင် ကူးပါ့မလား မသိဘူး၊ ကျွန်မ မိန်းမ
ဖော်တစ်ယောက်ခေါ်ပြီး လူနာကိုစောင့်ကြည့်
ချင်တယ်၊ တစ်ခုခုဖြစ်တယ်ဆိုျင် ကျွန်မ ရှိနေ
သင့်တယ်၊ ကျောင်းမှာက ဆရာတော်ကြီးနဲ့
ကပ္ပိယကြီးပဲရှိတာ မဟုတ်လား"
ဟု ပြောကာ ပြန်လွှတ်လေ၏။

ညသို့ရောက်လျှင် ဒေါ်မိုးသည် အခြားမိန်းမဖော် တစ်ယောက်နှင့်အတူ ဇရပ်တွင် အကြမ်းအိုး၊ လက်ဖက်ပွဲနှင့် လူနာစောင့်လေ၏။



ဆရာတော်ကြီးက ဇရပ်တွင် ထွန်းညှိရန် အောက်လင်းမီးအိမ်ကြီးကို ထားပေး၏။

ကပ္ပိယကြီးမှာမူ ကျောင်းနှင့်ဇရပ်ကို ကူးချည်သန်းချည် သွား လာနေ၏။ ည၉နာရီအတန်နက်လျှင် လူနာက လှုပ်ရှားလာပြီး

"ကျုပ်ကို ထူပေးပါဗျာ၊ စကားနည်းနည်း
လောက် ပြောချင်လို့ပါ၊ ဒီလိုမှမပြောလိုက်ရရင်
ကျုပ်သေတာတောင် အသေဖြောင့်မှာ မဟုတ်
ဘူး"
ဟု တောင်းဆိုလေ၏။

ဒေါ်မိုးနှင့် မိန်းမဖော်လည်း လူနာ၏ဆန္ဒအတိုင်း ပြုလုပ်ပေးရ၏။ ထိုအခါ လူနာက လွန်ခဲ့သော အနှစ်သုံးဆယ်ကျော်က စိတ်ဝင်စားဖွယ် အဖြစ်အပျက်တစ်ခုကို ပြောပြလေ၏။

စိတ်ဝင်စားဖွယ် အဖြစ်အပျက်ဟုဆိုသော်လည်း ထိုအထဲတွင် ရက်စက်မှုများ၊ ယုတ်မာကောက်ကျစ်မှုများက အပြည့်အဝ ပါဝင်နေ၏။

နားစိုက်၍ ထောင်နေသော ဒေါ်မိုး၏မျက်နှာမှာလည်း ပုံသဏ္ဌာန်အမျိုးမျိုး ပြောင်းလဲနေ၏။

လူနာသည် အဖြစ်အပျက်တစ်ခုလုံးကို ဝေဒနာကြားမှ အားယူ၍ ပြောရင်း၊ နားရင်းနှင့်ပင် နောက်ဆုံး၌ အသက်ကုန်

www.burmeseclassic.com



သွားတော့၏။ လူနာ၏ နောက်ဆုံးစကားမှာ အဖြစ်အပျက်နှင့် ဘာမျှ မသက်ဆိုင်သလိုရှိ၏။

သို့သော် ထိုစကားက ဒေါ်မိုးကို လှုပ်လှုပ်ရှားရှား ဖြစ်သွားအောင် စိတ်ဝင်တစား ရှိသွား၏။ ဒေါ်မိုးသည် လူနာ သေဆုံးသွားသည်ကိုပင် သတိမပြုနိုင်တော့ဘဲ

"ချစ်ပန်းမွှေး၊ ချစ်ပန်းမွှေးဆိုတဲ့အမည်က တော်တော်ရှားတယ်၊ ချစ်မွှေးရဲ့ညီမလေးများ ဖြစ်နေမလား၊ ဘာပဲဖြစ်ဖြစ် စုံစမ်းကြည့်ရင် အဖြေပေါ်မှာပဲ၊ အားလုံးကတော့ ရှုပ်ရှုပ်ထွေးထွေးတွေ ဖြစ်ကုန်ပြီ၊ ဒီလိုကိစ္စမျိုးတွေမှာ အားကိုးရတဲ့ နီဗွာန်ဆော်ကြီးနဲ့ ငါ တွေ့ဖို့ လိုအပ်နေပြီ"

ဟု ရေရွတ်နေလေတော့၏။



ချစ်မွှေးသည် နောက်ပိုင်းရက်များတွင် တောင်ထိပ်ပန်းသို့ ခြေဦးမလှည့်ဖြစ်ချေ။ အဘယ်ကြောင့်ဆိုသော် နန်းမွန်က ချစ်မွှေးကို

"မင်း တောင်ထိပ်ပန်းကိုသွားတဲ့ညက လူတစ်ယောက်နဲ့ သတ်ပုတ်ခဲ့သေးတယ်ဆိုတာ ငါသိပြီးပါပြီ၊ မင်းလို ဒေသန္တရ ဗဟုသုတ အတွက် ရိုးရိုးသားသား အလည်အပတ်ရောက်လာတဲ့ လူမျိုးဟာ အဲဒီနေရာတွေနဲ့ မသင့်တော်ပါဘူး၊ အခိက,ကတော့ ထောင်ထိပ်ပန်း သခင်ကြီးဆိုတဲ့ လူယုတ်မာကြီးနဲ့ မင်းကို မပတ်သက်စေချင်လို့ပဲ"

ဟု တားလေ၏။

www.burmeseclassic.com

www.burmeseclassic.com



ချစ်မွေးက မျက်ခုံးနှစ်ဖက်မြင့်တက်ကာ

"အဲဒီလူကြီးကို ဒီနယ်မှာ ဘယ်သူမှ ဒီလိုမပြောရဲဘူး"

ဟု ရေရွတ်လေရာ နန်းမွန်သည် တစ်စုံတစ်ရာကို တွေးမိဟန်နှင့် မျက်လုံးမှ မျက်ရည်များရစ်ဝိုင်းကာ နှုတ်ခမ်းကိုကိုက်၍

"သူ့ကို ငါမကြောက်ရွံ့ပါဘူး၊ တတ်နိုင်ရင် အမှုန့်တောင် ချေပစ်ချင်တယ်၊ ငါ့ရဲ့ အမေအိုကြီးကို ငဲ့ကွက်ပြီး သည်းခံနေတာပါ၊ မင်းကိုလည်း ငါ့မောင်ကလေး အရင်းတစ်ယောက်လိုသတ်မှတ်လို့ အဲဒီလူယုတ်မာကြီးရဲ့ စက်ကွင်းထဲကို မထင်မှတ်ဘဲ တိုးဝင်မိပြီး အန္တရာယ်ဖြစ်မှာစိုးလို့ သတိပေးတာပါ"

ဟု ပြောရင်း မျက်လုံးမှ မျက်ရည်များ စီးကျလာ၏။ အတန်ကြာမှ နန်းမွန်က မျက်ရည်စများကိုသုတ်၍ အဝေးသို့ ငေးမျှော်ကာ

"တကယ်ဆိုရင် လွန်ခဲ့တဲ့ တစ်နှစ်ကျော်ကျော်လောက်က သေဆုံးသွားခဲ့တဲ့ ငါ့မောင်လေးလို အဖြစ်ဆိုးမျိုး ကြုံတွေ့မှာစိုးရိမ်လို့ပါကွယ်"





ဟု ဆိုလေ၏။ ချစ်မွေးက လှုပ်လှုပ်ရှားရှားဖြစ်ကာ

"မနန်းမွန်ရဲ့မောင်လေး ဘာကြောင့် သေဆုံးသွားတာလဲ"

ဟု မေးမြန်းလိုက်ရာ နန်းမွန်က

"လူယုတ်မာကြီး ဦးအုံ့မောင်က လုပ်ကြံသတ်ဖြတ်လိုက်တာပေါ့၊ ငါ့မောင်လေးအမည်က 'စိုင်းလုံ' လို့ခေါ်တယ်၊ သူဟာ လူငယ် သဘာဝ ဦးအုံ့မောင်ရဲ့ တစ်ဦးတည်းသော သမီးအချော အလှကလေးကို တစ်ဖက်သတ်စွဲလမ်းလာခဲ့မိတော့ ဒီလိုအဖြစ်ဆိုးနဲ့ ကြုံခဲ့ရတာပဲ"

ဟု အဖြေပေးလေ၏။

ချစ်မွေးသည် ယခုမှပင် ဦးအုံ့မောင်၌ သမီးတစ်ယောက်ရှိသည်ကို သိရ၏။ ထို့ကြောင့် စိတ်ဝင်တစားဖြင့် ဆက်လက်နားစွင့်နေလေရာ နန်းမွန်က

"စိုင်းလုံက အဲဒီလို စွဲလမ်းခဲ့ရတယ်ဆိုပေမဲ့ မိန်းကလေးကို ချစ်ခွင့်ပန်ဖို့နေနေသာသာ မျက်နှာကလေးမြင်ရရုံတောင် သူ့အတွက် ခက်ခဲပါတယ်၊ ဒါပေမဲ့ အချစ်စိတ်ကြီးမားနေတဲ့ စိုင်းလုံကတော့ မိန်းကလေးကို



www.burmeseclassic.com

www.burmeseclassic.com



ချစ်ခွင့်ပန်ဖို့ ကြံစည်ကြိုးစားနေတာပါပဲ၊ တစ်နေ့တော့ မြို့ပေါ်က ဘုရားပွဲတစ်ခုမှာ မိန်းကလေးကို မထင်မှတ်ဘဲ တွေ့ပြီး ချစ်ခွင့်ပန်လိုက်မိတယ်၊ အဲဒီအချိန်က မိန်းကလေးဟာ သူ့ရဲ့အဖော်တွေနဲ့ လူစုကွဲနေတော့ စိုင်းလုံအတွက် အခွင့်ကောင်း ဖြစ်ခဲ့တာပေါ့၊ ဒါကို တခြားမြင်တွေ့ခဲ့ရတဲ့သူတွေက ပြောပြလို့ သိရတာပါ၊ ဘာကြောင့်လဲဆိုရင် စိုင်းလုံဟာ အဲဒီညက အိမ်ကို ပြန်မရောက်ခဲ့ပါဘူး၊ နောက်တစ်နေ့မှာ သူ့ရဲ့အလောင်းကို မြို့ပြင်က ချောက်ကမ်းပါးထဲမှာ တွေ့ကြရတာပါပဲ၊ သူဟာ ရက်ရက်စက်စက် အသတ်ခံလိုက်ရတာပါ၊ လူသတ်မှုက လက်သည်မပေါ်ပေမဲ့ လူယုတ်မာ ထောင်ထိပ်ပန်းသခင်ကြီးရဲ့ လက်ချက်ဆိုတာ အားလုံးသိကြပါတယ်"

ဟု ပြောလေ၏။ ချစ်မွေးက သက်ပြင်းချ၍

"မနန်းမွန်ရေ ကောင်းလေးရဲ့ ဖြစ်က စိတ်မကောင်းစရာပဲ၊ ကျုပ် ဒီတောင်ထိပ်ပန်းကို သွားလာနေတာ ဆင်ခြင်ပါ့မယ်ဗျာ"



ဟု ကတိပေးလိုက်၏။ ထိုအခါ မနန်းမွန်က

"ဒီလူကြီးရဲ့ မကောင်းတဲ့လုပ်ရပ်တွေကို စော်ဘွားကြီးကိုယ်တိုင် မသိချင်ယောင်ဆောင်နေပုံရတယ်၊ ဘာကြောင့်လဲဆိုရင် ဗြိတိသျှအစိုးရဟာ စော်ဘွားတွေအပေါ်မှာ ကြီးကြပ်အုပ်ချုပ်ဖို့ အင်္ဂလိပ်လူမျိုး အရေးပိုင်၊ နယ်ပိုင်ဝန်ထောက်တွေကို ခန့်ထားတယ်၊ တို့ရဲ့ တောင်ပိုင်းရှမ်းပြည်နယ်အတွက် အုပ်ချုပ်ဖို့ တောင်ကြီးမြို့မှာ အရေးပိုင်ရုံးစိုက်တယ်၊ တောင်ထိပ်ပန်းသခင်ကြီးဟာ အဲဒီအရေးပိုင်ကြီးနဲ့ အလွန်ပဲရင်းနှီးတယ်လို့ဆိုတယ်၊ သူဟာ အဲဒီလိုရင်းနှီးမှုကို အခွင့်ကောင်းယူပြီး ဒီနယ်မှာ စိတ်ထင်တိုင်းကြဲနေတော့တာပေါ့၊ ဒါပေမဲ့ စော်ဘွားကြီးကိုတော့ တလေးတစားနဲ့ အမြဲပဲ လက်ဆောင်ပဏ္ဏာတွေ ဆက်သလေ့ရှိတယ်၊ သူ့ရဲ့သမီးကိုတောင် စော်ဘွားရဲ့ သားတော် ကျွမ်းမိုင်းကလေးနဲ့ လက်ဆက်ဖို့ ကမ်းလှမ်းခဲ့ဖူးတယ်၊ ဒါပေမဲ့ စော်ဘွားကြီးက အမျိုးမတူတဲ့ အပြင် တခြားမကြိုက်တဲ့ အချက်တွေကြောင့်

www.burmeseclassic.com

www.burmeseclassic.com



ငြင်းပယ်ခဲ့တယ်"

ဟု ပြောလေ၏။

ချစ်မွေးသည် ဦးအံ့မောင်၏အကြောင်းကို အတော်အတန်သိခဲ့ရ၏။ သို့သော် မျက်နှာဖုံးနက်၏ အမိန့်အတိုင်း ထိုသူနှင့် ရင်းနှီး ကျွမ်းဝင်ရန် မည်သို့ပြုလုပ်ရမည်ကို မသိသေးချေ။

သူသည် ထိုရက်ပိုင်းတွင် (၅) ရက်တစ်ဈေးနေ့များ၌ နန်းမွန်နှင့်လိုက်၍ ဈေးဝယ်ခြင်း၊ မန်းနောင်တို့လူစုနှင့်အတူ အနီးပတ်ဝန်းကျင်သို့ လှည့်လည်သွားလာရင်းသာ အချိန်ကုန်ခဲ့၏။

မန်းနောင်တို့လူစုမှာ ဦးကျိုးသွားပေပြီ။ ချစ်မွေးကို တလေးတစားပင် ဆက်ဆံကာ နန်းမွန်တို့တည်းခိုအိမ်ကလေးကိုလည်း နှောင့်ယှက်ခြင်းမရှိတော့ချေ။

တစ်နေ့တွင် ချစ်မွေးသည် ထုံးစံအတိုင်း နန်းမွန်နှင့်အတူ ဈေးသို့ရောက်လာခဲ့၏။ ရှမ်းပြည်နယ်ရှိ ဈေးများအားလုံးငါးရက် တစ်ကြိမ်ဖွင့်သည့် ဈေးများဖြစ်၏။

ဥပုသ်နေ့များ၊ ဘာသာရေးဆိုင်ရာ နေ့ထူးနေ့မြတ်များနှင့် တိုက်နေပါက ဈေးနေ့မတိုင်မီ ဈေးပိတ်နေ့ကို ဈေးနေ့အဖြစ်ပြုလုပ်ကြ၏။



ချစ်မွေးသည် ဈေးထဲ၌ ကုန်ပစ္စည်းများကို ကျွဲ၊ နွားလှည်း၊ မြင်း၊ လား စသည့် ဝန်တင်များနှင့် ပခုံးထမ်း၊ ခေါင်းရွက်၊ ပလိုင်းများကိုလွယ်ကာ လှည့်လည်ရောင်းချသူများကို ငေးမောရင်း သွားလာနေ၏။

ချစ်မွေးသည် မရောက်ဖူးသည့်ဒေသ၏ အလေ့အထ၊ အရောင်းအဝယ်ဖောက်ကားမှုများကို ကြည့်ရှုရင်း နန်းမွန်နှင့်အတူ လူရှင်းရာ လမ်းမကြီးနံဘေးရှိ ရှမ်းခေါက်ဆွဲဆိုင်သို့ ရောက်လာကြ၏။

ထို့နောက် ရှမ်းခေါက်ဆွဲစားနေစဉ် နန်းမွန်က တစ်နေရာသို့ လက်ညှိုးညွှန်ပြ၍ ချစ်မွေးကို

"ဟိုမှာလေ. . . အထည်ဆိုင်ကထွက်ပြီး
မြင်းရထားစီးသွားတဲ့ မိန်းကလေးဟာ တောင်
ထိပ်ပန်းသခင်ကြီးရဲ့ သမီးပေါ့"

ဟု သတင်းပေးလေ၏။

ချစ်မွေးသည် ထိုနေရာသို့ကြည့်ရှုပြီး ခေါလက်စပင်ရပ်တန့်သွား၏။ သူသည် တစ်လောကလုံးကို မေ့လျော့၍ မိန်းကလေးထံသို့သာ အကြည့်က စူးစိုက်ထား၏။

မိန်းကလေးသည် ခေါင်းတက်၌ ပုဂါဖြူတစ်စကို စည်းနှောင်ထား၏။ သူမသည် နှိုးရှိုးယဉ်ယဉ် မြန်မာအဝတ်အစား

www.burmeseclassic.com

www.burmeseclassic.com



ကိုသာ ဝတ်ဆင်ထား၏။

မိန်းကလေးက မြင်းရထားဆီသို့ရောက်လျှင် ရထားမောင်းသမား ဖွင့်ပေးသည့် တံခါးမှ အသာဝင်ကာ ပျောက်ကွယ်သွား၏။

အလုံပိတ်မြင်းရထားထွက်ခွာသွားသည်အထိ ချစ်မွေး၏အကြည့်က လိုက်ပါသွား၏။ ထို့နောက် ၎င်းသည် နှုတ်ဖျားမှ လေသံတိုးတိုးနှင့်

"မြသဲညှာ၊ မြသဲညှာ ဟုတ်တယ်၊ သူဟာ ငါ ကုလီဘဝတုန်းက ဆိပ်ကမ်းမှာဆုံခဲ့ဖူးတဲ့ မိန်းကလေးပဲ၊ သူ့ရဲ့အမည်စာလုံးထိုးထားတဲ့ ရင်ထိုးကလေးတောင် ငါ အမှတ်တရ သိမ်းထားမိခဲ့သေးတယ်"

ဟု ရေရွတ်မိ၏။ မနန်းမွန်က ချစ်မွေး၏အမူအရာကို စူးစိုက်ကြည့်ပြီး

"မင်းက မိန်းကလေးရဲ့အမည်ကိုတောင် သိနေပါလား"

ဟု ပြောလေရာ ချစ်မွေးက ခေါင်းညိတ်ပြီး

"တစ်ခါတုန်းက ရန်ကုန်မြို့ကြီးမှာရှိတဲ့ ဆိပ်ကမ်းတစ်ခုမှာ တွေ့ခဲ့ဖူးတယ်ဗျ"



ဟု ပြောလိုက်၏။ နန်းမွန်က

"မင်းပြောတာ မြသဲညှာ အိမ်ကထွက်သွားတဲ့အချိန် ဖြစ်မှာပေါ့၊ မိန်းကလေးက မင်းမြင်တဲ့အတိုင်း ရိုးရိုးယဉ်ယဉ်ကလေး၊ စိတ်ဓါတ်ကလည်း သူ့အဖေနဲ့ ဆန့်ကျင်ဘက်ပါပဲ၊ ဒါကြောင့် သူဟာ အိမ်ကမသိအောင် တစ်နေရာကိုထွက်သွားပြီး ကျောင်းဆရာမကလေး လုပ်နေတယ်လို့ ကြားလိုက်မိတယ်၊ နောက်တော့ သူ့အဖေက ရှာတွေ့လို့ ပြန်ရောက်လာတာပဲ၊ ဒါပေမဲ့ မြသဲညှာက သူ့အဖေနဲ့ အတူမနေဘူး၊ စော်ဘွားကြီးရဲ့ ဟော်နန်းကိုသွားတဲ့ လမ်းဘေးက တစ်ထစ်တိုက်ကလေးမှာ အဖော်မိန်းမကြီးတစ်ယောက်နဲ့ အတူနေတယ်၊ ဘာလဲ၊ မင်း မြသဲညှာကို စိတ်ဝင်စားနေပြီလား"

ဟု ပြောဆိုကာ မေးမြန်းလေ၏။

ချစ်မွေးသည် ဆိပ်ကမ်း၌တွေ့တွေ့ခြင်းပင် မြသဲညှာကို စိတ်ဝင်စားခဲ့သူဖြစ်လေရာ မလုံမလဲနှင့် ခေါင်းကိုခါယမ်းပြမိ၏။

ထိုအခါ နန်းမွန်က မျက်နှာကိုတည်ကာ

www.burmeseclassic.com

www.burmeseclassic.com



"စိတ်မဝင်စားတာ ကောင်းပါတယ်ကွယ်၊
စိုင်းလုံရဲ့အဖြစ်ဆိုးကို မင်း အမြဲသတိရနေပါ"
ဟု ပြောလေ၏။

သို့သော် ချစ်မွေးကမူ မြသဲညာအား ယခုပင် သွား၍ တွေ့ဆုံချင်စိတ်က တားမရ၊ ဆီးမနိုင် ဖြစ်ပေါ်နေလေတော့၏။

**ပန်းအိမ် ကွန်ပျူတာ**

အမှတ်(၄) [illegible] ကျောက်မြောင်းဈေး [illegible]

သရဖီလိုင်စာပေ



ဒေါ်မိုးသည် နိဗ္ဗာန်ဆော်ကြီးဟူသော လူကြီး ယူဆောင်လာသော သတင်းစာများကို စိတ်ဝင်တစားကြည့်ရှုနေလေ၏။

နိဗ္ဗာန်ဆော်ကြီးက ပြောင်းဖူးဖက်ဆေးလိပ်ကို မီးညှိ၍

"ဒီလိုဗျ၊ ခင်ဗျားကြားခဲ့ရတဲ့ ချစ်ပန်းမွေးရဲ့အကြောင်းကို မပြောခင် အရင်ဆုံး ရှုပ်ထွေးနေတယ်လို့ထင်ရတဲ့အကြောင်းတွေကို ရှင်းရမယ်၊ အဲဒီတော့ ခင်ဗျား ဇရပ်မှာ တွေ့ဆုံခဲ့တဲ့ သူတောင်းစားကြီး မသေခင်ပြောခဲ့တာတွေကို ထပ်ပြောစမ်းပါကွယ်"

ဟု တောင်းဆိုလေ၏။

သရဖီလိုင်စာပေ

www.burmeseclassic.com

www.burmeseclassic.com



ဒေါ်မိုးက ပါးစောင်တွင်းရှိကွမ်းကို တစ်ချက်နှစ်ချက်မျှ ဝါးကာ

"ပြောရရင်တော့ အဲဒီလူကြီးက ဓါးပြကြီးဖြစ်ခဲ့ဖူးတယ်၊ အဲဒီလို ဓါးပြမဖြစ်ခင်ကလည်း မြန်မာပြည်တောင်ဘက်စွန်းက ကမ်းရိုးတန်းတစ်ဂိုက်မှာ ပင်လယ်ဓါးပြလုပ်ခဲ့ ဖူးတယ်၊ သူတို့ ပင်လယ်ဓါးပြအဖွဲ့ဟာ တိုက်ရဲခိုက်ရဲ၊ သေရဲသတ်ရဲတဲ့ လက်ရွေးစင်တွေကိုပဲ ဖွဲ့စည်းထားတာဖြစ်လို့ သူတို့အဖွဲ့ရဲ့အမည်ဖြစ်တဲ့ ကင်းမြီးကောက်ဆိုတဲ့အသံကို ကြားရုံနဲ့ အားလုံးက ထိတ်လန့်နေကြရတယ်၊ သူတို့အဖွဲ့မှာ ခေါင်းဆောင်အပါအဝင် လူ(၉)ယောက်ရှိတယ်၊ သူတို့ရဲ့ခေါင်းဆောင်ဟာ ပင်လယ်ဓါးပြဖြစ်နေပေမဲ့ အပြစ်မဲ့လူတွေကို သတ်ဖြတ်ညှင်းဆဲတာ လက်မခံဘူး၊ အောက်လက်ငယ်သားတွေအပေါ်မှာလည်း စည်းကမ်းတကျ အုပ်ချုပ်သလို တိုက်ရာပါပစ္စည်းတွေကို အချိုးကျခွဲဝေပေးတယ်၊ ခေါင်းဆောင်ဟာ ဗေဒင်၊ နက္ခတ်တွေကို အလွန်ပဲယုံကြည်တယ်လို့ဆိုတယ်၊ သူတို့ အဖွဲ့ကို





စတင်ဖွဲ့စည်းတဲ့ တန်ဆောင်မုန်းလကိုမူတည်လို့ တန်ဆောင်မုန်းလရဲ့ရာသီက ဗြိစ္ဆာ၊ စန်းယှဉ်နက္ခတ်က ကြတ္တိကာ၊ စသည်ဖြင့် တွက်ချက်ပြီး အဖွဲ့ရဲ့ အမည်ကိုလည်း ရာသီရုပ်ဖြစ်တဲ့ 'ကင်းမြီးကောက်'ကို အစွဲပြုမှည့်ခေါ်ခဲ့တယ်၊ ဒါ့အပြင် ဗေဒင်အလိုအရ ရာသီကို ကိုးစိတ်စိတ်ပြီး တစ်စိတ်ကို နဝင်းလို့ အမှတ်သညာပြုတဲ့အတွက် အဖွဲ့ဝင်အားလုံးရဲ့အမည်တွေ အစား နဝင်း တစ်၊ နဝင်းနှစ်၊ နဝင်းသုံးဆိုပြီး ပြောင်းလဲခေါ်ဝေါ်စေခဲ့တယ်၊ ခေါင်းဆောင်ကြီးကိုယ်တိုင်လည်း 'ကိုးနဝင်း'လို့ ပြောင်းလဲခဲ့တယ်၊ ခေါင်းဆောင်ဟာ ပင်လယ်မထွက်ခင်မှာ နက္ခတ်တွေကြည့်တာ၊ ဗလိနတ်စာကျွေးတာတွေကိုလည်း ပြုလုပ်တတ်သေးတယ်၊ ဒါဟာ 'ကင်းမြီးကောက်'ဆိုတဲ့' ပင်လယ်ဓါးပြအဖွဲ့ရဲ့ ပုံကြမ်းပါပဲ"

ဟု ပြောလေ၏။ နိဗ္ဗာန်ဆော်ကြီးက ခမးစေ့ရှိ နှုတ်ဆတ်မွှေး ငုတ်စိဖြူဖြူများကို ပွတ်သပ်၍ ငြိမ်သက်စွာ နားထောင်ပြီးနောက်



www.burmeseclassic.com

www.burmeseclassic.com



"ဒီအထိရှင်းပါပြီ၊ ကင်းမြီးကောက်အဖွဲ့ဟာ တစ်နေ့မှာ ကိုးနဝင်းဆိုတဲ့ခေါင်းဆောင်ကြီး အမိန့်နဲ့ပဲ ဖျက်သိမ်းခဲ့တယ် မဟုတ်လား၊ သူတို့အတွက် ချမ်းချမ်းသာသာနေနိုင်လောက်တဲ့ ရတနာတွေလည်း ခွဲဝေရရှိခဲ့ကြတယ်၊ အဲဒီမှာတင် ကင်းမြီးကောက်အဖွဲ့ ပျက်သွားပြီပေါ့"

ဟု ဆိုလေရာ ဒေါ်မိုးက ခေါင်းယမ်းပြီး

"ဇာတ်လမ်းက အခုမှစတာဖြစ်တယ်၊ ကင်းမြီးကောက်အဖွဲ့ဝင်တွေထဲက နဝင်း အချို့ဟာ ခွဲဝေရရှိခဲ့တဲ့ ရတနာတွေထက်ပိုပြီး လောဘတက်ခဲ့တယ်၊ သူတို့အားလုံးဟာ လူစုခွဲပြီး ကိုယ်နှစ်သက်ရာ ဒေသမှာ ဇာတ်မြှုပ်နေထိုင်ကြဖို့ ဆုံးဖြတ်ကြတယ်၊ ဒါကြောင့် နဝင်း အချို့က နိုင်ငံရပ်ခြားဘက်ကို ထွက်ခွာသွားပေမဲ့ ကျန်တဲ့ နဝင်း တစ်၊ နှစ်၊ သုံး၊ လေး တွေကတော့ ခေါင်းဆောင်ကြီး 'ကိုးနဝင်း' ပိုင်ဆိုင်တဲ့ ရတနာပစ္စည်းတွေကို လောဘတက်ပြီး အပိုင်စီးဖို့ ကြံစည်ခဲ့တယ်၊ သူတို့ရဲ့





အကြံကလည်း အောင်မြင်ခဲ့တယ်၊ အဲဒီမှာ သူတို့ဟာ ခေါင်းဆောင်ကြီးရဲ့ ရတနာပစ္စည်းတွေကို ရယူနိုင်ပြီး ခေါင်းဆောင်ကြီးနဲ့အတူ သူ့ရဲ့ဇနီးသည်ကိုပါ သတ်ဖြတ်ခဲ့တယ်၊ ဒါပေမဲ့ (၅) နှစ်အရွယ်လောက်ရှိတဲ့ ကိုးနဝင်းရဲ့သားကလေးကတော့ လွတ်မြောက်သွားခဲ့တယ်၊ အဲဒီကလေးဟာ ကံကောင်းထောက်မပြီး ပီနန်ဘက်ကို ရောက်သွားခဲ့တယ်၊ ပြီးတော့ သူဌေးကြီးတစ်ယောက်ရဲ့ မွေးစားသားအဖြစ် ကြွယ်ဝချမ်းသာလာခဲ့တယ်၊ အဲဒီနောက် အရွယ်ရောက်လာတဲ့ ကိုးနဝင်းရဲ့မျိုးဆက်သွေးဟာ မမေ့မလျော့ဘဲ သွေးကြွေးဆပ်ဖို့ မြန်မာပြည်ကို အရောက်လာပြီး လူသတ်မှုတွေကို ကျူးလွန်တော့တာပဲ"

ဟု ပြောလိုက်၏။ ဒေါ်မိုးက ကွမ်းအစ်ကိုဖွင့်၍ နိဗ္ဗာန်ဆော်ကြီးကို ကြည့်ကာ

"ကျွန်မကို မသေခင် နောက်ဆုံးစကားပြောခဲ့တဲ့ သူတောင်းစားကြီးဟာ နဝင်းတစ်ယောက်ပဲ၊ သူဟာ ဆင်းရဲမွဲတေပြီး ရော



www.burmeseclassic.com

www.burmeseclassic.com



ဘယထူပြောနေတဲ့အပြင် ရန်သူရဲ့လက်က လည်း လွတ်အောင် ရှောင်ပုန်းနေရတယ်"

ဟု ဆိုလေရာ နိဗ္ဗာန်ဆော်ကြီးက သတင်းစာများကို လှမ်းယူပြီး

"ဟောဒီသတင်းစာတွေက ဖော်ပြထားတဲ့ လူသတ်မှု နှစ်မှု၊ အကြောင်းကိုဆက်မယ်၊ ဟောဒါက ကင်းဘဲ(လ်)လမ်း လူသတ်မှုပဲ၊ လူသတ်မှုတရားခံကို အခုထိ လက်ရဖမ်းဆီးနိုင်ခြင်းမရှိသေးဘူး၊ ပိုပြီးသိသာထင်ရှားတာက အသတ်ခံရသူရဲ့နံဘေးကစားပွဲမှာ သွေးနဲ့ ကိုးနဝင်းဆိုတဲ့စာလုံးကို ရေးသားထားတာပဲ၊ ဒီတော့ အသတ်ခံရသူဟာ နဝင်းတစ်ယောက်ဆိုတာ မြေကြီးလက်ခတ်မလွဲဘူး၊ နောက်တစ်မှုက ကျုပ်တို့အတွက် ပိုပြီးစိတ်ဝင်စားဖို့ကောင်းတယ်၊ ဘာဖြစ်လို့လဲဆိုတော့ ပျောက်ဆုံးနေတဲ့ ချစ်မွှေးနဲ့ ဆက်စပ်နေလို့ပဲ'

ဟု ပြောလိုက်၏။ ဒေါ်မိုးက သတင်းစာကိုကြည့်ရှုပြီး

"ကျောက်မြောင်း၊ မေ့ဝိဟာရလမ်းထဲက လူသတ်မှုပဲ၊ သေသူဟာ အောက်ပိုင်းမသန်





မစွမ်းဖြစ်နေတဲ့အတွက် ဘီးတပ်ကုလားထိုင်နဲ့ သွားလာနေရတယ်လို့ဆိုတယ်၊ သူဟာ မြေညီထပ် တိုက်ခန်းတစ်ခုမှာ တစ်ကိုယ်တည်း နေထိုင်သူဖြစ်ပြီး ဘယ်သူနဲ့မှ အဆက်အဆံ မလုပ်ဘဲနေတယ်၊ ထူးခြားချက်ကတော့ အနီးအပါးက ကလေးငယ်တစ်ယောက်ကို နေ့စဉ် စာတစ်စောင်ကျ စာတိုက်ပုံးထဲ ထည့်ခိုင်းခဲ့တယ်တဲ့၊ ဒါ့အပြင် သေသူဟာ ကျောက်မြောင်းအရပ်ကို ပြောင်းရွှေ့လာတာလည်း ရက်အနည်းငယ်သာရှိသေးတယ်လို့ ဆိုတယ်၊ သေဆုံးပုံကတော့ ကင်းဘဲ(လ်)လမ်း လူသတ်မှုလိုပဲ ရင်ဝမှာ ဓါးတန်းလန်းနဲ့ သေဆုံးသလို နံရံမှာလည်း သွေးနဲ့ရေးသားထားတဲ့ ကိုးနဝင်းဆိုတဲ့ စာလုံးကြီးကို တွေ့ကြရပြန်တယ်တဲ့၊ ဒီအမှုကြောင်းကိုဖတ်ပြီး တစ်ခုခုကို သိလိုက်သလိုရှိပေမဲ့ စဉ်းစားကြည့်တော့လည်း မသိပြန်ဘူး"

ဟု ဆိုလိုက်ရာ နိဗ္ဗာန်ဆော်ကြီးက ခေါင်းတဆတ်ဆတ် ညိတ်၍

"ရှုပ်ထွေးနေတဲ့ချည်ခင်ကို အရမ်းသွား



www.burmeseclassic.com

www.burmeseclassic.com



ဆွဲရင် ပိုပြီးရှုပ်ထွေးကုန်မှာပေါ့၊ စိတ်ရှည်လက်ရှည်နဲ့ တွေ့တဲ့အစကလေးအတိုင်း လိုက်ရမယ့်ဗျ"

ဟု ပြောလေ၏။ ဒေါ်မိုးက

"ဟုတ်ပြီလေ၊ အဲဒီဘီးတပ်ကုလားထိုင်နဲ့ သွားလာနေတဲ့လူကြီးဟာ ချစ်မွှေးပြောခဲ့ဖူးတဲ့ လူကြီးဆိုတာ မြေကြီးလက်ခတ်မလွဲပါပဲ"

ဟု ဆိုလိုက်ရာ နိဗ္ဗာန်ဆော်ကြီး သတင်းစာများကို ထပ်မံကြည့်ရှုပြီး

"ဟောဒီက ပထမဆုံး ဟင်းဘဲ(လ်)လမ်း လူသတ်မှုဖြစ်ပွားတဲ့ နေ့ရက်ဟာ ချစ်မွှေး ပျောက်ဆုံးသွားတဲ့နေ့ရက်ပဲဗျ၊ ဒီလိုစဉ်းစားကြရအောင်ဗျာ၊ အဲဒီ မသန်မစွမ်းလူကြီး နေရာမှာ ကျုပ်သာဆိုရင် သူတို့နဝင်းတွေကို သွေးကြွေးဆပ်ဖို့လိုက်ရှာနေတဲ့ ကိုးနဝင်းရဲ့ သတင်းကိုရလိုက်ရင်ပဲ တုန်လှုပ်ခြောက်ခြားသွားမှာပဲဗျ၊ ဒီလိုပဲ သူတို့ နဝင်းချင်း အဆက်အသွယ်ရှိတဲ့သူကိုလည်း လှမ်းပြီး သတိပေးရမှာပေါ့၊ ဒါကြောင့် သူ အမြဲတမ်းခိုင်းစေနေတဲ့





ချစ်မွှေးကိုခေါ်ပြီး ဟင်းဘဲ(လ်)လမ်းက နဝင်းဒါမှမဟုတ် အခြားနဝင်းတစ်ယောက်ယောက်ဆီကို အကြောင်းကြားဖို့လွှတ်မှာပဲဗျ၊ ကျုပ်တို့စုံစမ်းမိသလောက်ကလည်း ချစ်မွှေးဟာ အလုံက မြင်းလှည်းငှားစီးပြီး ရွှေဂုံတိုင်ကို သွားတယ်လို့သိရတယ်မဟုတ်လား၊ တကယ်တော့ ခိုင်းစေသူရဲ့ဆန္ဒအရ ရွှေဂုံတိုင်ကတစ်ဆင့် ဟင်း(ဘဲ)လမ်းကို နောက်တစ်ဆင့် မြင်းလှည်း ပြောင်းစီးရင် နောက်ယောင်ခံလိုက်တဲ့ သူတွေလည်း မျက်ခြေပြတ်ကုန်တော့မှာပေါ့"

ဟု ပြောလေ၏။ ဒေါ်မိုးက နားမလည်ဟန်ဖြင့်

"အဲဒီလိုခိုင်းလိုက်တာကို လက်ခံလို့ရပါပြီ၊ ဒါပေမဲ့ ဘာကြောင့် ချစ်မွှေးက ပျောက်သွားရတာလဲ"

ဟု မေးမြန်းလိုက်ရာ နိဗ္ဗာန်ဆော်ကြီးက ပြောင်းဖူးဖက်ဆေးလိပ်ကို မီးညှိလိုက်ပြီးမှ

"အခု ချစ်မွှေးကိုခိုင်းတယ်ဆိုတဲ့အစကလေးကို ခဏထားပြီး ဟိုဘက်က အစကလေးကို ထပ်ပြီးဖော်ကြရအောင်ဗျာ၊ အဲဒီ



www.burmeseclassic.com

www.burmeseclassic.com



အစပေါ်မှ ချစ်မွေးဘက်ကအစက ထွက်လာမှာဗျ"

ဟု ဆိုလိုက်၏။ ထိုအခါ ဒေါ်မိုးက ခေါင်းညိတ်၍

"ချစ်ပန်းမွေးရဲ့အကြောင်း မဟုတ်လား၊ ဒီလိုပါ ကျွန်မရှေ့မှာ သေဆုံးသွားတဲ့ သူတောင်းစားကြီးဟာ ကိုးနဝင်းရန်ကို ရှောင်တိမ်းနေရတယ်ဆိုတာ ပြောခဲ့ပြီးပါပြီ၊ အဲဒီလို ရှောင်တိမ်းရင်း မထင်မှတ်ဘဲ သူဟာ ဆွမ်းခံရင်း ငှက်သင့်တိုက်ဆိုင်စွာနဲ့ပဲ ကိုးနဝင်းနဲ့ ရင်ဆိုင်လိုက်ရတယ်၊ အဲဒီအချိန်က သူဟာ ရွှေတိဂုံဘုရားရဲ့ မြောက်ဘက်မုခ် ခြသေ့ကြီးနှစ်ကောင်းဘေးက အုတ်ခုံမှာ တစ်ပဲတစ်မူးတောင်းပြီး အသက်ဆက်နေရတယ်လို့ဆိုတယ်၊ စောင်းတန်းအတိုင်း ဆင်းလာတဲ့ စုံတွဲကို တွေ့တော့ ဒေးမျှော်ကြည့်ရင်း တောင်းရမ်းဖို့ပြင်တဲ့ အခါ စုံတွဲကလူငယ်ဟာ ကိုးနဝင်းရဲ့သားဆိုတာ သူမှတ်မိလိုက်တော့ ထိတ်လန့်တကြားဖြစ်သွားခဲ့တယ်၊ ကိုးနဝင်းဟာ သူ့ဖခင် ခါးပြကြီး ကိုးနဝင်းရဲ့ရုပ်ရည်နဲ့ ခွဲမရအောင် တူနေ





တာကိုး၊ ဒါကြောင့် သူဟာ အုတ်ခုံဘေးကို တိုးကပ်ပြီး မတောင်းရမ်းဘဲ ငြိမ်သက်နေလိုက်တယ်၊ သူ့အနီးကို စုံတွဲရောက်လာတဲ့ အခါမှတော့ မိန်းမပျိုကလေးကစပြီး ကျွန်မ သည်းမခံနိုင်တော့ဘူး၊ ကျွန်မအစ်ကိုနဲ့ အမြန်ဆုံးတွေ့ချင်တယ်၊ အချိန်တွေ ကြာလာတာနဲ့ အမှုရှင် ကျွန်မကို လိမ်ညာလှည့်ဖြားပြီး ခေါ်လာတယ်ဆိုတာ သိပြီလို့ ပြောတော့တာပဲ၊ အဲဒီအခါ ကိုးနဝင်းက အချိန်တန်ရင် တွေ့ရမှာပါ၊ မင်းအစ်ကိုကို ငါ အရေးကြီးတဲ့အလုပ်တစ်ခု ခိုင်းထားတယ်လို့ရှင်းပြတယ်၊ မိန်းကလေးက လက်မခံဘဲ ကျွန်မအစ်ကိုကို မတွေ့ရရင် ဒီကပဲ ထွက်သွားတော့မယ်ဆိုတော့ ကိုးနဝင်းက မိန်းကလေးရဲ့လက်ကို ဆုပ်ကိုင်ပြီး ချစ်ပန်းမွေး၊ လူကြားထဲမှာ ရှုတ်ရှုတ် ရှုတ်ရှုတ် မလုပ်စမ်းနဲ့၊ ငါ ဒေါသဖြစ်လာရင် မင်း မလွယ်ဘူးလို့ ကြိမ်းဝါးတုန်းမှာ မိန်းကလေးက ရုန်းကန်ပြီး ထွက်ပြေးဖို့ပြင်တယ်၊ ဒါပေမဲ့ ကိုးနဝင်းကို အသင့်စောင့်နေဟန်ရှိတဲ့ ကားတစ်စီးက



www.burmeseclassic.com

www.burmeseclassic.com



ချက်ချင်းရောက်လာပြီး မိန်းကလေးလည်း ကားပေါ်ပါသွားတော့တာပဲတဲ့၊ ဒါဟာ သူတောင်းစားကြီး မြင်တွေ့ခဲ့ရတဲ့ မြင်ကွင်း အတိုင်းပါပဲ၊ သူဟာ အဲဒီကားနံပါတ်ကို ကောင်းကောင်း မှတ်မိလိုက်တယ်ဆိုပြီး ကျွန်မကို ကားနံပါတ်ပြောပြတယ်၊ ပြီးတော့ သူဟာ တစ်သက်လုံး မကောင်းမှုတွေ ကျူးလွန်လာတာ ပါတဲ့၊ တတ်နိုင်ရင် မိန်းကလေးရဲ့သတင်းတွေ ပုလိပ်ကို အကြောင်းကြားပြီး ဖော်ထုတ်ပေး စေချင်ပုံရတယ်၊ သူ့အတွက်လည်း ကောင်းမှု ကလေးတစ်ခု ပြုခဲ့ရတာပေါ့တဲ့"

ဟု ဆိုလေ၏။ နိဗ္ဗာန်ဆော်ကြီးက တစ်စုံတစ်ရာကို တွေးမိ ဟန်နှင့် ဟက်ခနဲ ရယ်ကာ

"အဲဒီလူကြီးက ကောင်းမှုလုပ်ချင်လို့ မဟုတ်ဘူးဗျ၊ လူလည်ကျသွားတာ၊ ဘာဖြစ်လို့ လဲဆိုတော့ ချစ်ပန်းမွှေးရဲ့အကြောင်း ပုလိပ် ကို သတင်းပေးရင်း ကိုးနဝင်းဆိုတဲ့ လူသတ် သမားကိုလည်း ဖမ်းမိအောင်လို့၊ တစ်ချက်ခုတ် နှစ်ချက်ပြတ်လုပ်သွားတာဗျ"





ဟု ပြောလေတော့၏။ ထိုအခါ ဒေါ်မိုးက

"ဒါဆိုရင် ကိုးနဝင်းက ချစ်ပန်းမွှေးကို ဖမ်းပြီး ချစ်မွှေးကို ခြိမ်းခြောက်ခိုင်းစေထား တယ်ဆိုတာ ရုပ်လုံးပေါ်လာပြီပေါ့"

ဟု ဆိုလိုက်ရာ နိဗ္ဗာန်ဆော်ကြီးက ခေါင်းညိတ်၍

"ကျုပ် ရမ်းသမ်းပြီးပြောရရင်တော့ ကိုးနဝင်းရဲ့ နောက်ထပ်နဝင်းတွေကို အပြတ် ရှင်းဖို့ကိစ္စအတွက် ချစ်မွှေးကို အသုံးချတာပဲ ဖြစ်ရမယ်"

ဟု ပြောလေ၏။ ဒေါ်မိုးက ကွမ်းသွေးကို ပစ်ခနဲထွေး၍

"ဟုတ်ပါပြီလေ၊ ချစ်ပန်းမွှေးရဲ့ကိစ္စကို ဘယ်လိုရှင်းမလဲ"

ဟု မေးမြန်းလိုက်ရာ နိဗ္ဗာန်ဆော်ကြီးက

"ရန်ကုန်မြို့ကြီးမှာ ကားနံပါတ်သိရင် လိပ်စာကိုစုံစမ်းဖို့ လွယ်ပါတယ်၊ ကံကောင်း ထောက်မရင်တော့ ကျုပ်တို့ ချစ်ပန်းမွှေးဆိုတဲ့ မိန်းကလေးကို တွေ့နိုင်လောက်ပါရဲ့ဗျာ"

ဟုပြောဆိုလေ၏။

ထို့နောက် နိဗ္ဗာန်ဆော်ကြီးက ပြောင်းဖူးဖက်ဆေးလိပ်ကို



www.burmeseclassic.com

www.burmeseclassic.com



ဖွာ၍

"ကျုပ်အထင်ကလေးတွေ ပြောဖို့ကျန်သေးတယ်ဗျ၊ ဟဲဟဲ. . . ဟိုနဝင်းဟာ ချစ်ပန်းမွေးကို ဘုရားတွေဘာတွေ ခေါ်လာတယ်ဆိုကတည်းက ဘာပဲဖြစ်ဖြစ် သံယောဇဉ်ရှိနေပုံရတယ်ဗျ၊ ဟားဟား. . . အကြမ်းအရမ်းတွေထဲမှာ လွမ်းခန်းတော့ ပါလာဦးမလား မသိဘူး"

ဟုပြောလိုက်လေတော့၏။

ပန်းအိမ် ကွန်ပျူတာ

အမှတ်(၄) မျက်နှာစာတန်း၊ ကျိုက္ကဆံလမ်း၊ ကျောက်မြောင်းဈေး တာမွေ





ချစ်မွေးသည် မထင်မှတ်ဘဲ တောင်ထိပ်ပန်းသခင်ကြီးက ဆက်သွယ်လာသောကြောင့် အံ့သြသွားမိ၏။

သူသည် တည်းခိုဆောင်၌ရှိနေစဉ် လူတစ်ယောက် ရောက်ရှိလာပြီး

"ခင်ဗျားကို တောင်ထိပ်ပန်းသခင်ကြီးက ဒီညအတွက် ညစာစားပွဲနဲ့ ဧည့်ခံပြီးတွေ့ဆုံချင်တဲ့အတွက် မပျက်မကွက် လာရောက်ဖို့ အကြောင်းကြားတာပါ"

ဟုပြောခဲ့လေ၏။



www.burmeseclassic.com

www.burmeseclassic.com



ထိုအကြောင်းကိုသိလျှင် နန်းမွန်က စိုးရိမ်တကြီးနှင့် ချစ်မွေးကို

“မင်း အဲဒီညစာစားပွဲကို မသွားရဘူး၊ ဘယ်လိုအကြောင်းနဲ့ဖြစ်ဖြစ် အဲဒီလူကြီးနဲ့ မပတ်သက်တာအကောင်းဆုံးပဲ”

ဟု တားလေရာ ချစ်မွေးက

“ကျွန်တော့်အတွက် စိုးရိမ်ပေးတာ ကျေးဇူးတင်ပါတယ်ဗျာ၊ ညစာစားပွဲကို ကျွန်တော်ကိုယ်တိုင်လည်း သွားချင်ပါတယ်၊ ကိုယ့်အတွက် အန္တရာယ်မဖြစ်အောင်လည်း သတိထားနေပါမယ်၊ မနန်းမွန်ရဲ့စကားကို နားမထောင်တဲ့အတွက် ကျွန်တော့်ကို ခွင့်လွှတ်ပါဗျာ”

ဟုပြောကာ ညသို့ရောက်လျှင် အဝတ်အစားကို သေသပ်စွာ ဝတ်ဆင်ပြီး တောင်ထိပ်ပန်းသို့ တစ်ကိုယ်တည်း ထွက်ခွာလာခဲ့၏။

တောင်ထိပ်ပန်းခြံဝင်းကျယ်ကြီးတွင်းသို့ရောက်လျှင် လူတစ်ယောက်က ချစ်မွေးကို ခရီးဦးကြိုပြု၍ အစွန်ဆုံး အဆောက်အဦးတစ်ခုသို့ ခေါ်ဆောင်လာ၏။





ထိုနေရာသည် အခြားအဆောက်အဦးများနှင့် အနည်းငယ် အလှမ်းဝေးကာ သီးသန့်တည်ရှိနေ၏။

အဆောက်အဦးမှာ အတွင်း၌ ခန်းမကျယ်ကြီးသာရှိ၍ ကြီးမားသော ထမင်းစားပွဲကြီးတစ်ခု ပြင်ဆင်ထား၏။

တောင်ထိပ်ပန်းသခင်ကြီးသည် စားပွဲထိပ်တွင် အသင့်ရှိနေလေ၏။ ၎င်းက ခရီးရောက်မဆိုက်ပင် ချစ်မွေးကို

“မောင်ရင် လွန်ခဲ့တဲ့ရက်က နပမ်းကွင်းထဲမှာ တိုက်ခိုက်သွားတဲ့တိုက်ပွဲကို ကျုပ် သဘောကျတယ်၊ ဒါကြောင့် မောင်ရင် စိတ်ဝင်စားမယ်ဆိုရင် ကျုပ်ဆီမှာ အလုပ်ကောင်းကောင်းရှိတယ်”

ဟုပြောလေ၏။ ချစ်မွေးကလည်း

“ဘာအလုပ်လဲဆိုတာ သိပါရစေ”

ဟုမေးမြန်းလိုက်ရာ တောင်ထိပ်ပန်းသခင်ကြီးက လက်ကို ဝှေ့ရမ်းပြီး

“ကဲ. . . စားသောက်ရင်း စကားပြောကြတာပေါ့”

ဟုပြောလေ၏။ ထို့နောက်မှာ ၎င်းက

“အလုပ်ကတော့က ပေါပါတယ်၊ မောင်ရင်နဲ့



www.burmeseclassic.com

www.burmeseclassic.com



ကိုက်ညီမဲ့အလုပ်ကိုတော့ ကျုပ်ကိုယ်တိုင်
ရွေးချယ်နေတုန်းပဲ"

ဟု ဆိုလေ၏။

ထိုအခိုက် အပြင်ဘက်ဆီမှာ မသဲမကွဲနှင့် ညည်းညူသံများ ထွက်ပေါ်လာပြီး တစ်ပြိုင်နက်ပင် လူရိပ်များက လျှင်မြန်ဖျတ်လတ်စွာပင် အခန်းတွင်းသို့ ဝင်ရောက်လာကြ၏။

ထိုသူများအားလုံး အနက်ရောင်ကိုယ်ကြပ်ဝတ်စုံများကို ဝတ်ဆင်ကာ မျက်နှာများကို ဖုံးအုပ်၍ ဆောင်ဓါးများကိုင်ဆောင်ထားကြ၏။

တောင်ထိပ်ပန်းသခင်ကြီးသည် ထိုသူများကို မြင်တွေ့လျှင် မျက်နှာပျက်သွား၏။ ဝတ်စုံနက်နှင့်လူများက ချက်ချင်းပင် ထမင်းစားပွဲကို ဝိုင်းရံလိုက်ကြ၏။

ဝတ်စုံနက်ထဲမှ ခေါင်းဆောင်ဖြစ်ဟန်တူသူက

"တောင်ထိပ်ပန်းသခင်ကြီး၊ ခင်ဗျား
လူတွေရဲ့ အကူအညီကို မျှော်လင့်မနေနဲ့၊ အပြင်
က အစောင့်တွေအားလုံး လောကကြီးနဲ့
အဆက်ပြတ်ကုန်ကြပြီ၊ ဒီနေ့တော့ ခင်ဗျားနဲ့
ကျုပ်တို့ ရာဇဝင်ကြွေးကလေးတွေ ရှင်းရပြီပေါ့
ဗျာ"



ဟု ကြိမ်းဝါးကာ ကျန်လူများကို မျက်ရိပ်ပြလိုက်တော့၏။

ထိုအခါ ဝတ်စုံနက်အချို့က တောင်ထိပ်ပန်းသခင်ကြီးကို ပြေးဝင်တိုက်ခိုက်ကြ၏။ တောင်ထိပ်ပန်းသခင်ကြီးသည် အရွယ်နှင့် မမျှအောင် ပေါ့ပါးဖျတ်လတ်ကာ ရန်သူကို ခုခံတိုက်ခိုက်ရင်း ချစ်မွေးကို စစ်ကူတောင်း၏။

"မောင်ရင် ကျုပ်ကို ကူပါဦး"

ဝတ်စုံနက်တစ်ယောက်က လမ်းဖွင့်ပေးပြီး ချစ်မွေးကို

"မင်း ဒီနေရာက မြန်မြန်ထွက်သွားစမ်း၊
မင်းနဲ့ငါတို့ ဘာရန်ငြိုးမှမရှိဘူး၊ မဆိုင်တဲ့သူကို
မသတ်ချင်ဘူး၊ မင်း ဒီက မြန်မြန် ထွက်သွား
စမ်း"

ဟု ပြောကာ ထွက်ခွာခွင့်ပေး၏။

ချစ်မွေးက ရုတ်ချည်းပင် ဆုံးဖြတ်ချက်ချကာ ခေါင်းယမ်းပြီး

"ကျုပ် မထွက်သွားနိုင်ဘူး"

ဟု ပြောလိုက်ပြီး အနီးဆုံးရှိနေသည့် ဝတ်စုံနက်တစ်ယောက်ကို အလစ်အငိုက် စတင်တိုက်ခိုက်လိုက်တော့၏။

ထိုသို့ တိုက်ခိုက်နေရသော်လည်း ချစ်မွေးတို့မှ လက်နက်မဲ့ တိုက်ခိုက်နေရခြင်းဖြစ်၏။

www.burmeseclassic.com

www.burmeseclassic.com



ထို့ကြောင့် ကြာရှည်ရင်ဆိုင်ရန် မလွယ်ကူပေ။ တိုက်ခိုက်ရင်း ချစ်မွှေးနှင့် တောင်ထိပ်ပန်းသခင်ကြီးတို့ ကျောချင်းကပ်မိသွား၏။

ထိုအခါ တောင်ထိပ်ပန်းသခင်ကြီးက

"မောင်ရင် ကျုပ် ဒီက ဖောက်ထွက်မယ်၊
အပြင်ရောက်ရင် အကူအညီခေါ်လို့ရတယ်၊
မောင်ရင်က ခုခံပေးထားပါ"

ဟု ပြောလေ၏။

ထို့နောက် သူတို့နှစ်ယောက်သည် ပြင်းထန်စွာ တိုက်ခိုက်နေသော ဝတ်စုံနက်များကြားမှ ဖောက်ထွက်ကာ တံခါးဝအနီးသို့ ရောက်ရှိလာ၏။

တောင်ထိပ်ပန်းသခင်ကြီးက သူ့ရှေ့ရှိ ဝတ်စုံနက် တစ်ယောက်ကို လှဲသိပ်ပြီး တံခါးမှ လွှားခနဲ ခုန်ထွက်သွားတော့၏။

ချစ်မွှေးသည် သူ့ကိုဝိုင်း၍ အမဲဖျက်မည့် ဝတ်စုံနက်များကို ကြံကြံခံ၍ တိုက်ခိုက်လေရာ မကြာမီတွင် ခေါင်းကို တစ်စုံတစ်ရာနှင့် ထိခိုက်မိသောကြောင့် သတိကင်းလွတ်သွားတော့၏။

ကြိုးနှင့် တုပ်နှောင်ထားခံရသော ချစ်မွှေးသည် ပတ်ဝန်းကျင်ကို အကဲခတ်လေရာ မီးအိမ်မှိန်မှိန်ကလေးထွန်းထားသော





တဲအိမ်တစ်လုံးအတွင်း ရောက်ရှိနေကြောင်း သိရ၏။

ထိုနေရာသို့ မည်ကဲ့သို့ ရောက်ရှိကြောင်း စဉ်းစား၍ မရနိုင်တော့ပေ။ ထိုအခိုက် တဲတွင်းသို့ ဝတ်စုံနက်တစ်ယောက် ဝင်လာပြီး

"မင်းဘယ်သူလဲဆိုတာ ပြောပြစမ်း"

ဟု မေးမြန်းလေ၏။ ချစ်မွှေးက

"ကျုပ်ရဲ့ တိုက်ရည်ခိုက်ရည်ကို သဘောကျပြီး တောင်ထိပ်ပန်းသခင်ကြီးက ညစာစားပွဲနဲ့ ညှိခံတယ်ဗျ၊ ဒါကြောင့် စားသောက်နေရင်း ခင်ဗျားတို့ရောက်လာတာပဲ၊ ခင်ဗျားတို့က ဘာဖြစ်လို့ ကျုပ်ကို ခေါ်လာတာလဲ"

ဟု ပြန်၍မေးမြန်းလေရာ ဝတ်စုံနက်က

"မင်းသတိလစ်သွားတဲ့ အချိန်မှာ တောင်ထိပ်ပန်းသခင်ကြီးရဲ့ အဖွဲ့တွေ ရောက်လာတာနဲ့ ငါတို့ ဆုတ်ခွာခဲ့ရတယ်၊ အဲဒီမှာ စိတ်ကူးတစ်ခုရတာနဲ့ မင်းကို ခေါ်လာခဲ့တာပဲ၊ အဲဒီစိတ်ကူးကို မင်း မကြာခင် သိမှာပါ"

ဟု ပြောလိုက်၏။

ထို့နောက် ဝတ်စုံနက်က လက်ခုပ်တဖြောင်းဖြောင်းတီး



www.burmeseclassic.com

www.burmeseclassic.com



လေရာ တဲတွင်းသို့ ပတ္တမြားအိတ်တစ်လုံးကိုဆွဲ၍ ဝတ်စုံနက် တစ်ယောက် ဝင်ရောက်လာ၏။

ထိုဝတ်စုံနက်က ကြမ်းပြင်တွင် ပတ္တမြားအိတ်ကို သွန်၍ ချလိုက်ရာ အရောင်ပျိုးပျိုးပျက်ပျက်နှင့် ရွှေဒင်္ဂါးပြားများ ထွက်၍ ကျလာလေ၏။

ချစ်မွှေးက ရွှေဒင်္ဂါးပြားပုံကြီးကိုကြည့်၍ မျက်မှောင် ကြုတ်ကာ

"ဒါက ဘာအဓိပ္ပါယ်လည်းဗျ"

ဟု ဆိုလေရာ ဝတ်စုံနက်က

"မင်းအနေနဲ့ တောင်ထိပ်ပန်းသခင်ကြီး
ကို သုတ်သင်ပေးမယ်ဆိုရင် ရရှိမဲ့ဆုလာဘ်
တွေပဲ"

ဟု အဖြေပေးလေ၏။

ချစ်မွှေးသည် အတန်ကြာမျှ ငြိမ်သက်သွား၏။ ဝတ်စုံနက်သည် ချစ်မွှေး၏အဖြေကို စိတ်ဝင်တစား စောင့်မျှော်နေဟန်ရှိ၏။

ချစ်မွှေးက သက်ပြင်းကိုချကာ

"ဆုလာဘ်ကတော့ မက်လောက်စရာပဲ၊
ဒါပေမဲ့ ကျုပ် အဲဒီအလုပ်ကို မလုပ်နိုင်ဘူး"





ဟု ငြင်းဆိုလိုက်၏။ ဝတ်စုံနက်က လေသံတင်းမာသွားပြီး

"အခွင့်အရေးရလို့မှ ကောင်းကောင်း
အသုံးမချတတ်တဲ့ လူမျိုးအတွက် သေမင်းနိုင်ငံ
ကို ပို့ပေးရတာပေါ့ကွာ"

ဟု ပြောကာ ဆောင်မါးကို ရှမ်းခနဲဆွဲထုတ်လိုက်၏။

ချစ်မွှေးသည်လည်း မျက်လုံးကို စုံမှိတ်၍ ခေါင်းကို ငုံ့လိုက်လေတော့၏။

ထိုအခိုက် တဲအတွင်းသို့ တောင်မြင်ခန့်ညားသော အသံကြီးနှင့် ပြောဆိုကာ တောင်ထိပ်ပန်းသခင်ကြီးသည် ဝင်ရောက်လာလေတော့၏။

"မောင်ရင့်ကို ကျုပ်ရဲ့ ယုံကြည်စိတ်ချရ
တဲ့ သက်တော်စောင့် အလုပ်ကို ခန့်အပ်လိုက်
ပါပြီ"



www.burmeseclassic.com

www.burmeseclassic.com



ချစ်မွေးသည် နေ့ချင်း၊ ညချင်းပင် ဦးအုံ့မောင်၏ ယုံကြည် ကိုးစားခြင်းခံရသော လူတစ်ယောက်ဖြစ်သွား၏။ ဦးအုံ့မောင်သည် သူ၏ လူယုံရွေးချယ်သောနည်းလမ်းကို လွန်စွာ သဘောကျနေပေလိမ့်မည်။

ချစ်မွေးကမူ ထိုလှည့်ကွက်ကို ကြိုတင်ရိပ်မိနေခဲ့၏။ ထမင်းစားပွဲညက ဝတ်စုံနက်များ ရုတ်တရက် ရောက်ရှိလာခြင်းကို ချစ်မွေးသည် သံသယဝင်နေခဲ့၏။

ဦးအုံ့မောင်လိုလူမျိုးမှာ လုံခြုံရေးကို တင်းကြပ်စွာ ချထားမည်သာ ဖြစ်၏။ သို့သော် ဝတ်စုံနက်များက အလွယ်တကူ ဝင်ရောက်ခဲ့၏။





ထိုထက်ပို၍ ဝတ်စုံနက်ထဲမှ လူတစ်ယောက်၏လက်ကို ချစ်မွေးက အမှတ်မထင်မြင်လိုက်ပြီး

*"ဟိုဝတ်စုံနက်ရဲ့လက်သန်း တစ်ချောင်းက ပြတ်နေပါလား၊ ငါ့ကို ဒီခြံဝင်းကြီးရဲ့အဝမှာ လာကြိုတဲ့ ဦးအုံ့မောင်ရဲ့လူကလည်း လက်သန်းပြတ်နေတာ သတိထားမိတယ်၊ သူတို့အားလုံးရဲ့ လှုပ်ရှားပုံတွေကလည်း ဇာတ်တိုက်ထားသလိုပဲ၊ ဒါဟာ ဦးအုံ့မောင်ရဲ့ လှည့်ကွက်ပဲ၊ သူ့လူတွေကို ရုပ်ဖျက်ပြီး ငါ့ကိုစမ်းသပ်နေတာဖြစ်ရမယ်"*

ဟု ကြိုတင်တွေးမိ၏။

ထို့ကြောင့် ဦးအုံ့မောင်၏လှည့်ကွက်အတွင်း အလိုက်သင့်နေရုံသာရှိတော့၏။ ထို့နောက် ချစ်မွေးသည် မည်သူမျှ အနားမကပ်ဝံ့သော တောင်ထိပ်ပန်းခြံဝင်းကျယ်ကြီးအတွင်းရှိ ဦးအုံ့မောင်၏စံအိမ်သို့ အခန့်သားရောက်ရှိလာတော့၏။

သူသည် ဦးအုံ့မောင်၏ အစီအစဉ်နှင့် တောနက်တစ်နေရာ၌ သေနတ်မျိုးစုံကို စိတ်ကြိုက် ပစ်ခတ်လေ့ကျင့်ရ၏။ မြင်းတစ်ကောင်ဖြင့် ပတ်ဝန်းကျင်အနှံ့သွားလာရင်း မြင်းစီးလေ့ကျင့်ရ၏။

ညဘက်များတွင် လောင်းကစားဝိုင်းများကို ကြီးကြပ်



www.burmeseclassic.com

www.burmeseclassic.com



အုပ်ချုပ်ရ၏။

ဤသို့ဖြင့် နေ့ရက်တို့ တစ်ရက်ပြီးတစ်ရက် ကုန်လွန်လာခဲ့၏။ တစ်နေ့တွင် တောင်ထိပ်ပန်းသခင်ကြီးခေါ် ဦးအုံ့မောင်က ချစ်မွှေးကို

"အခုလာမဲ့ လပြည့်နေ့က ငါ့ရဲ့မွေးနေ့ပဲကွ၊ ဒီစံအိမ်ကြီးမှာ မွေးနေ့ပွဲကို ခမ်းခမ်းနားနားကျင်းပရမယ်၊ လုံခြုံရေးတွေလည်း ပိုပြီးတင်းကြပ်ရမယ်"

ဟု ပြောလေ၏။

လပြည့်နေ့သို့ရောက်ရန် သုံးရက်သာလိုတော့၏။ ထိုအချိန်၌ လောင်းကစားဝိုင်းများကို ပိတ်ထားလိုက်ပြီဖြစ်၏။

တစ်ခြံလုံးကိုလည်း အလှပြမီးပုံးများ၊ အောက်လင်းမီးအိမ်ကြီးများ ထိန်နေအောင် ထွန်းညှိထား၏။

မွေးနေ့ညစာခံပွဲညသို့ရောက်လျှင် ဖိတ်ကြားထားသောလူကုံထံဧည့်သည်များ တဖွဲဖွဲရောက်ရှိလာကြ၏။ စံအိမ်ကြီး၏ အောက်ထပ်တွင် လူများစွာရှိနေသလို အိမ်ရှေ့ပန်းခြံအတွင်း၌လည်း ဧည့်ပရိသတ် တရုန်းရုန်းဖြစ်နေလေ၏။

စော်ဘွားကြီးမှာ ခရီးလွန်နေ၍ လာရောက်နိုင်ခြင်း မရှိချေ။ လုံခြုံရေးအတွက် ဆောင်ရွက်နေသော ဦးအုံ့မောင်၏





လူများမှာ မည်သူ့ကိုမျှ အလွတ်မပေးဘဲ စောင့်ကြပ်ကြည့်ရှုနေကြ၏။

ဦးအုံ့မောင်၏သမီးဖြစ်သူ မြသဲညှာသည် မွေးနေ့မတိုင်မီ တစ်ရက်ပင် ရောက်ရှိနေ၏။ သို့သော် သူမသည် အပေါ်ထပ်တွင် အခန်းအောင်းကာ စားသောက်ချိန်ရောက်မှ ထွက်လာတတ်၏။

ဦးအုံ့မောင်ခေါ် တောင်ထိပ်ပန်းသခင်ကြီးသည် အခန်းထဲရှိ ဘဲဥပုံမှန်ဝိုင်းကြီးရှေ့တွင် ရပ်တန့်ကာ ပိုးဝတ်ရုံအစိမ်းရောင်ကြီးကို ဝတ်ဆင်လျက်ရှိ၏။

ထိုအခိုက် တံခါးခေါက်သံပေါ်ထွက်လာပြီး

"ကျုပ် ချစ်မွှေးပါ"

ဟု ပြောဆိုလေရာ ဦးအုံ့မောင်က ဆံပင်ကို သေသပ်အောင် ဖြီးသင်ရင်း

"ဝင်ခဲ့ပါ"

ဟု အခွင့်ပေးလိုက်၏။

ချစ်မွှေးက အခန်းတွင်းသို့ရောက်လျှင် ဘာမျှမပြောဘဲ တစ်နေရာတွင် ရပ်တန့်နေလိုက်၏။

မကြာမီ ဦးအုံ့မောင်သည် ချစ်မွှေးကို ခြံရံပြီး ဧည့်ပရိသတ်များကို နှုတ်ဆက်မည်ဖြစ်၏။



www.burmeseclassic.com

www.burmeseclassic.com



ထိုအခိုက် အခန်းတံခါးက ရုတ်တရက် ပွင့်ဟလာ၏။ ဦးအံ့မောင်သည် တံခါးဝသို့ ဆတ်ခနဲလှည့်ကြည့်ပြီး မျက်လုံးပြူးကျယ်ကာ

"ဟာ. . . ဟော့. . . မင်း သမီးလေးကို ဘာလုပ်ထားတာလဲ"

ဟု ထိတ်လန့်တကြား အော်ဟစ်လိုက်၏။

အခန်းဝတွင် အနက်ရောင် ဥရောပဝတ်စုံနှင့် မျက်နှာဖုံးနက် တပ်ထားသော လူတစ်ယောက်သည် သတိကင်းလွတ်နေဟန်ရှိသော မြသဲညွှာကို ပွေ့လျက်သားရှိနေ၏။

မျက်နှာဖုံးနက်က အခန်းတွင်းသို့ လှမ်းဝင်ကာ

"ကျုပ် ဒီလိုနေ့ရက်မျိုးကို ရောက်ဖို့ စောင့်မျှော်နေခဲ့တာပါ"

ဟု ပြောလေ၏။

ဦးအံ့မောင်သည် အံဆွဲတွင်းမှ ခြောက်လုံးပြူးကို ဆတ်ခနဲ နှိုက်ယူ၍ မျက်နှာဖုံးနက်ကို ချိန်ရွယ်ပြီး

"မင်း ဘာတွေပြောနေတာလဲ၊ ငါ့သမီးကို လွှတ်လိုက်စမ်း"

ဟု အမိန့်ပေးလိုက်၏။

မျက်နှာဖုံးနက်က တုန်လှုပ်ဟန်မရှိဘဲ မြသဲညွှာ၏မျက်နှာ



နုနုကလေးကို ငုံ့၍ကြည့်ပြီး

"မိန်းကလေးကတော့ သနားစရာပဲ၊ ဒါပေမဲ့ ဆပ်ရမဲ့သွေးကြွေးထဲမှာ သူလည်းပါနေတယ်"

ဟု တီးတိုးရေရွတ်လေ၏။ ဦးအံ့မောင်က မျက်နှာကြီးနီရဲလျက်

"မင်း ဘယ်သူလဲ၊ ဒီအပေါ်ထပ်ကို ဘယ်လိုရောက်လာတာလဲ"

ဟု မေးမြန်းလိုက်ရာ မျက်နှာဖုံးနက်က

"ကျုပ် ဘယ်သူလဲဆိုတာ ခင်ဗျားမရိပ်မိသေးဘူးလား၊ တစ်ချိန်က ကျုပ်မိဘတွေကို သတ်ပြီး ရတနာတွေယူရုံ့ အားမရဘူး၊ ကျုပ်အမေကို မသတ်ဖြတ်ခင်မှာ ခင်ဗျားတို့လူစုအားရအောင် ယုတ်မာ စော်ကားသွားကြသေးတယ်၊ အဲဒီသွေးကြွေးအတွက် ခင်ဗျားရဲ့အသက်ကို ဆပ်ရုံနဲ့ မကျေဘူးဗျ၊ ဟောဒီက ဖူးဖူးရွရွ ခင်ဗျားရဲ့သမီးကိုပါ ကျုပ်က တူညီတဲ့ တုံ့ပြန်မှုပေးပြီးမှ သတ်ပစ်မယ်"

ဟု ပြောလိုက်၏။

www.burmeseclassic.com

www.burmeseclassic.com



ဦးအုံ့မောင်သည် တစ်ကိုယ်လုံး တုန်ရင်ပြီး ဒူးညွတ်လဲပြို မတတ် ဖြစ်သွား၏။ ထို့နောက် အခန်းထောင့်တစ်နေရာတွင် ကျောက်ရုပ်တစ်ရုပ်လို ရပ်တန့်နေသော ချစ်မွှေးကို သတိပြု မိကာ

"မင်း ဘာလုပ်နေတာလဲ၊ ရန်သူကို လက်ဦးအောင် တိုက်ခိုက်ပါတော့လား"

ဟု အမိန့်ပေးလေရာ မျက်နှာဖုံးနက်က ဟက်ခနဲရယ်၍

"သူဟာ ကျုပ်လွှတ်ထားတဲ့လူပဲ၊ ကျုပ်က သူ့ဘဝကို အရင်ကတည်းက ပိုင်ဆိုင်ခဲ့တာဗျ၊ ကျုပ် ဒီကို လွယ်လွယ်ကူကူနဲ့ ရောက်လာခဲ့ တာလည်း သူ့အကူအညီကြောင့်ပဲ"

ဟု ပြောလေ၏။

ဦးအုံ့မောင်သည် မျက်နှာတွင် သွေးဆုတ်သလို ဖြူရော် သွား၏။ ထို့နောက် ဦးအုံ့မောင်က ဒေါသတကြီးနှင့် သေနတ် ပြောင်းဝကို ချစ်မွှေးဘက်သို့လှည့်ကာ

"သေပေတော့ သစ္စာဖောက်"

ဟု အော်ဟစ်ရင်း ပစ်ခတ်လိုက်၏။

သို့သော် ကျည်ဆံကထွက်မလာဘဲ မောင်းသံတချောက် ချောက်နှင့်ရှိနေ၏။ ချစ်မွှေးက ခေါင်းကိုယမ်းပြီး



"ကျုပ် အရင်နေ့တွေကတည်းက လိုရ မယ်ရ ကျည်ဆန်တွေ ထုတ်ထားလိုက်မိတယ်ဗျ"

ဟု ပြောလိုက်၏။

မျက်နှာဖုံးက မြသဲညွာကို ခုတင်ထက်တွင် ညှင်သာစွာ ချထားလိုက်ကာ ဦးအုံ့မောင်ဘက်သို့လှည့်ပြီး

"ခင်ဗျားကိုမသတ်ခင်မှာ ကျုပ် ဘယ်လို ပန်းကောင်းအညွန့်ချိုးသလဲဆိုတာ ကြည့်သွားရ လိမ့်မယ်"

ဟု ပြောလေ၏။

ဦးအုံ့မောင်သည် ရူးသွပ်သလိုဖြစ်သွားချေပြီ။ သူသည် မျက်နှာဖုံးနက်ကို လွှားခနဲခုန်၍အုပ်၏။ မျက်နှာဖုံးနက်က မရှောင်တိမ်းဘဲ ပြန်လည်တိုက်ခိုက်လေရာ ဦးအုံ့မောင်၏ ကိုယ်ခန္ဓာကြီးမှာ ကြမ်းပြင်သို့ ဗိုင်းခနဲ ပစ်ကျသွား၏။

ထိုအခိုက်တွင်ပင် မြသဲညွာသည် သတိပြန်လည်လာ၏။ ဦးအုံ့မောင်က သွေးရူးသွေးတမ်းနှင့် ကြိုးရုန်း၍ထကာ မီးလင်း ဖိုမှ တောက်လောင်နေသော ထင်းစကြီးကိုဆွဲ၍ မျက်နှာဖုံးနက် ထံ ပစ်ပေါက်လိုက်၏။

မျက်နှာဖုံးနက်က အသာအယာပင် ရှောင်တိမ်းလေရာ ထင်းစသည် အောက်လင်းမီးအိမ်ကြီးကို ထိမှန်ပြီး မီးချောက်ကြီး

www.burmeseclassic.com

www.burmeseclassic.com



ဖြစ်ပေါ်လာ၏။

ကြမ်းပြင်ကော်ဇောပေါ်တွင်လည်း မီးညွှန့်တို့ ထွက်ပေါ် နေချေပြီ။ မျက်နှာဖုံးနက်က တစ်စုံတစ်ရာကို ပြုလုပ်လိုဟန်နှင့် မီးလင်းဖိုမှ မီးဆွဲနေသော သံညှပ်ကိုယူ၍ လဲပြိုနေသော ဦးအံ့မောင်ထံ လှမ်းလေ၏။

ထိုအခိုက် မြသဲညွှာက မျက်နှာဖုံးနက်ထံ ပြေးဝင်လာကာ

"အဖေ့ကို ရန်မပြုပါနဲ့ရှင်"

ဟု တားလေ၏။

မျက်နှာဖုံးနက်က ဒေါသတကြီးနှင့် လက်ကိုဝှေ့ယမ်းလိုက်၏။ မြသဲညွှာသည် ရုတ်တရက် ထွန်းဖယ်ခံလိုက်ရသောကြောင့် အရှိန်လွန်ကာ ပြတင်းပေါက်ဘောင်မှ အောက်သို့ လျောကျသွား၏။

ထိုအခါမှပင် ချစ်မွှေးသည် လှုပ်ရှားလာ၏။ သူသည် လျှင်မြန်စွာပင် မြသဲညွှာ၏လက်ကို ဖမ်း၍ဆွဲထားလိုက်နိုင်၏။

ထိုအခိုက် မျက်နှာဖုံးနက်က ချစ်မွှေးကိုအော်ဟစ်ပြီး

"ရှုပ်တယ်ဟေ့၊ အဲဒီကောင်မကို အောက် ပစ်ချလိုက်စမ်း"

ဟု အမိန့်ပေးလေရာ ချစ်မွှေးက

"သူဟာ အပြစ်မဲ့တဲ့သူဗျ၊ ကျုပ် ခင်ဗျား





အမိန့်ကို မနာခံနိုင်ဘူး၊ ကျုပ်ရှေ့မှာ ဒီလို အပြစ်မဲ့မိန်းကလေးကို ယုတ်မာတာလည်း ကျုပ် မကြည့်နိုင်ဘူး"

ဟု ဆိုလိုက်၏။

အခန်း၏တစ်ဝက်ခန့်မှာ မီးလောင်ကျွမ်းနေပြီဖြစ်၏။ သို့သော် အခန်းတွင်းရှိလူများအားလုံး မီးကို ဂရုမစိုက်နိုင်ကြဘဲရှိနေ၏။

မျက်နှာဖုံးနက်က စိတ်မရှည်ဟန်နှင့် သေနတ်ကိုဆွဲထုတ်ပြီး ချစ်မွှေးထံချိန်ရွယ်၍

"အေး. . . မင်းက ငါ့အမိန့်မနာခံတော့ လည်း သေလမ်းပဲ သွားပေတော့"

ဟု ပစ်ခတ်ရန် ပြင်လိုက်စဉ် ဦးအံ့မောင်သည် ခုန်၍ထလာ၏။

ထို့နောက် မျက်နှာဖုံးနက်၏ သေနတ်ကိုင်လက်ကို မလွှတ်တမ်း ဖမ်းဆုပ်ထားရင်းမှပင် ဒိုင်းခနဲ သေနတ်သံ ထွက်ပေါ်လာလေ၏။

ဦးအံ့မောင်သည် ပါးစပ်ကြီးအဟောင်းသားနှင့် ပြန်၍ လဲပြိုသွားတော့၏။ သူ၏ရင်ဝတွင် သွေးကွက်ကြီးက ရုတ်ချည်း ဖြစ်ပေါ်လာ၏။



www.burmeseclassic.com

www.burmeseclassic.com



မျက်နှာဖုံးနက်က ကိုယ်ကိုယိမ်းထိုး၍ အားပါးတရ အော်ဟစ် ရယ်မောပြီး

"ဟား ဟား ဟား လူယုတ်မာကြီး
ဇာတ်သိမ်းသွားပြီ၊ ဟောဒီက ခင်ဗျားရဲ့သမီးပဲ
ကျန်တော့တယ်"

ဟု ပြော၍ကာ ချစ်မွေးတို့ထံ ခြေလှမ်းပြင်လိုက်၏။

ချစ်မွေးသည် မြသဲညွှာကို ပြတင်းမှဆွဲ၍တင်ပြီးဖြစ်၏။ မြသဲညွှာသည် ဖခင်၏အဖြစ်ဆိုးကို မြင်တွေ့ပြီး ထိုနေရာသို့ ပြေးသွားရန် ပြင်လိုက်၏။

ထိုအခိုက်တွင်ပင် မျက်နှာကျက်မှ တစ်ပိုင်းတစ်စ မီးလောင်ကျွမ်းနေသော ယက်မကြီးက ဝိုးခနဲ အရှိန်ပြင်းစွာ ကျရောက်လာ၏။

ချစ်မွေးသည် မြသဲညွှာကို ဖမ်း၍ဆွဲထားလိုက်နိုင်သော်လည်း မျက်နှာဖုံးနက်မှာမူ ယက်မကြီးနှင့် အရှိန်ပြင်းစွာ ထိခိုက်မိပြီး လွင့်စင်သွား၏။

ထိုမှတစ်ဆင့် မီးလင်းဖို၏နံရံနှင့် ရိုက်ခတ်မိရာ ဦးခေါင်းတွင် သွေးတို့ ချင်းချင်းနီလျက်ရှိ၏။ ဤသည်မှာ သူ့အတွက် ဇာတ်သိမ်းသာ ဖြစ်၏။

သူသည် ချစ်မွေးထံ လက်တစ်ဖက်လှမ်းလိုက်ရင်း



"မင်းညီမလေး ချစ်ပန်းမွေးကို ငါ
မထင်မှတ်ဘဲ သံယောဇဉ်တွယ်ခဲ့မိတယ်၊ ငါသာ
တစ်ခုခုဖြစ်သွားခဲ့ရင် သူ့အတွက် ထိုက်သင့်
တဲ့ ငွေကြေးဥစ္စာတွေရဖို့ ရှေ့နေတွေနဲ့ စီစဉ်ခဲ့
ပါတယ်ကွာ"

ဟု ပြောကာ လက်က လေထဲမှာပင် ရပ်တန့် ဘုတ်ခနဲ ပြုတ်ကျသွား၏။

သူ၏ အသက်မဲ့ကိုယ်ခန္ဓာပေါ်သို့လည်း မီးတောက်ကြီးက ဘုတ်ခနဲ လွှမ်းခြုံသွား၏။

ထိုအခါမှ ချစ်မွေးသည် သတိဝင်လာပြီး စောင်များအားကြိုးအဖြစ် အသုံးပြုကာ မြသဲညွှာကို ပြတင်းမှတစ်ဆင့် လွတ်မြောက်အောင် ပြုလုပ်ပေးရ၏။

သူပါ လွတ်မြောက်လာသည့်အချိန်၌ ဦးအုံ့မောင်၏ အခန်းတစ်ခုလုံး မီးလောင်ကျွမ်းကာ အိမ်ကြီးသို့ ကူးစက်နေပြီဖြစ်၏။

တောင်ထိပ်ပန်းသခင်ကြီး၏ မွေးနေ့မင်္ဂလာသည် အနိဋ္ဌာရုံတို့ဖြင့် အဆုံးသတ်ခဲ့၏။

ရက်အနည်းငယ်အကြာတွင် ချစ်မွေး၏ အပြန်ခရီး စတင်လေ၏။ သူသည် မြို့ပြင်သို့ရောက်လျှင် တောင်စော

www.burmeseclassic.com

www.burmeseclassic.com



အတိုင်း ကွေ့ပတ်၍ တက်သွားသော မြေနီလမ်းကလေးကို ငေးမျှော်မိ၏။

မြေနီလမ်းကလေး၏အဆုံးတွင် တောရကျောင်းကလေး ရှိ၏။ ထိုတောရကျောင်းကလေးတွင် မကြာမီကမှ လူ့ဘဝ၏ ရှုပ်ထွေးပွေလီသော အဖြစ်သနစ်တို့ကို ရှောင်ဖယ်ပြီး တရားရိပ်တွင် ခိုလှုံခဲ့သော မြသဲညွှာတစ်ဖြစ်လဲ 'ဗြဟ္မစာရီ' မြတ်သော အကျင့်ကို ကျင့်သူဟူ၍ ဘွဲ့မည်ရည်၍ သီလရှင်ဆရာလေး တစ်ပါးလည်း ရှိလေ၏။



အထက်ပါအဖြစ်အပျက်များ ဖြစ်ပွားပြီးနောက် ရက်အတန်ကြာ၌ သက္ကလတ်ဦးထုပ်ဟောင်းကြီးကို ခပ်ငိုက်ငိုက် ဆောင်းထားသော လူငယ်တစ်ဦးသည် ကြည့်မြင်တိုင်ဆိပ်ကမ်းသို့ ရောက်ရှိလာလေ၏။

၎င်းသည် ကုန်လှောင်ရုံကြီးများဘက်သို့ သွားလာပြီးနောက် ကုန်လှောင်ရုံတစ်ခုနံဘေးတွင် ဂုန်နီအိတ်ကိုခင်း၍ အိပ်စက်နေသော လူတစ်ယောက်ရှေ့၌ ရပ်တန့်ပြီး

"ဟေ့လူ ကိုပေသီး၊ ထစမ်းပါဦးဗျ"

ဟု နှိုးလိုက်လေ၏။

www.burmeseclassic.com

www.burmeseclassic.com



ပေသီးက အိပ်မှုန်စုံမွှားနှင့် မျက်လုံးကို ပွတ်သပ်ပြီး

"ဘယ့်ကောင်လဲကွ၊ ငါအိပ်နေတာကို လာနှောင့်ယှက်တာ"

ဟု ဟိန်းဟောက်လရာ လူငယ်က လေသံအေးအေးနှင့်

"နှောင့်ယှက်တာ မဟုတ်ပါဘူးဗျာ၊ ကျုပ်ကိုလည်း သေသေ ချာချာ ကြည့်စမ်းပါဦး၊ အလုပ်လုပ်ချင်လို့ပါဗျ၊ ခင်ဗျားက ကူလီခေါင်း ဆိုတော့ ခင်ဗျား အလုပ်သွင်းပေးလို့ရပါတယ်"

ဟု ဆိုလေ၏။

ပေသီးက ငုတ်တုတ်ထိုင်ပြီး လူငယ်ကိုကြည့်၍ မျက်နှာက ပို၍တင်းမာကာ

"ဩော်. . . မင်းကို၊ ဘယ်ကို အလေ နတောလိုက်ပြီး ပျောက်သွားလိုက်တာ၊ အခုမှ ပြန်ပေါ်လာတော့တယ်၊ အေး. . . မင်း အလုပ် လုပ်ချင်တယ်ဆိုရင်တော့ အရင်ထက်ပိုပေး ရမယ်၊ အဲဒါကိုမှ သဘောမတူရင် နောက် ကြောင်း ကိုသာ လှည့်သွားပေတော့"

ဟု ပြောလေ၏။ လူငယ်က ဟက်ခနဲရယ်ပြီး

"ခက်တာပဲဗျာ၊ ကျုပ်မှာ ငွေဆိုလို့



မှုးလို့တောင် ရှူစရာမရှိဘူး၊ ဒီလိုလုပ်ဗျာ၊ ကျုပ်ထိုက်တန်တဲ့အခကို ပေးပါ့မယ်"

ဟု ဆိုလေရာ ပေသီးက မျက်မှောင်ကြုတ်၍

"ဘာပေးမှာလဲ၊ ပေးစရာရှိ မြန်မြန်ပေး ကွာ"

ဟု တောင်းလေ၏။ ထိုအခါ လူငယ်က

"ဒီလိုဗျ၊ ကူလီအလုပ်ကို ပင်ပင်ပန်းပန်း-လုပ်ပြီး ကိုယ့်ဝမ်းကိုယ်ရှာစားနေတဲ့လူတွေကို ခင်ဗျားက မိုက်ကြေးခွဲပြီး အခကြေးငွေ တောင်း တယ် မဟုတ်လား၊ သူတို့ကလည်း ခင်ဗျားကို ကြောက်လို့တော့ ပေးနေကြတာပဲလေ၊ ကျုပ်က တော့ သူတို့နဲ့ ပြောင်းပြန်ပေးမှာပေါ့၊ အဲဒါက ကြောက်လို့မှုပဲ၊ ခင်ဗျား ကျုပ်ကို ကြောက်လို့ အောင်လုပ်ဖို့ပဲ"

ဟု ပြောလေရာ ပေသီးက ဟက်ဟက်ပက်ပက် ရယ်မော ကာ

"မင်း ရူးသွားပြီလား"

ဟု လှောင်ပြောင်လိုက်၏။ လူငယ်က

"ကျုပ် မရူးပါဘူး၊ အခုနေ ခင်ဗျားရဲ့

www.burmeseclassic.com

www.burmeseclassic.com



ခေါင်းကို ပေါဒီက အုတ်နံရံနဲ့ ခပ်ပြင်းပြင်း ကလေးဆောင့်လိုက်ရင် ကျုပ်ကို ကြောက်လို့ လောက်ပါရဲ့"

ဟု ရေရွတ်လေရာ ပေသီးက ဒေါသတကြီးနှင့် လူငယ်အား ထိုးကြိတ်ရန်ပြင်လိုက်၏။

သို့သော် သူ့ဘက်မှ ဘာမျှမလုပ်နိုင်မီပင် လူငယ်က သူ့ကို ချုပ်ကိုင်ပြီး

"ဘယ်နှယ့်လဲ၊ ခင်ဗျားက တကယ်ခံရမှ မှတ်မယ်ပေါ့"

ဟု ဆိုလေရာ ပေသီးက မျက်နှာငယ်ကလေးနှင့်

"လွှတ်ပါကွာ၊ ငါ့ကိုလွှတ်ပါ၊ မင်းကို နောင်ဆိုရင် အနိုင်မကျင့်တော့ပါဘူး"

ဟု တောင်းပန်လေ၏။

အတန်ကြာလျှင် လူငယ်သည် ဆိပ်ကမ်းရှိ ထမ်းပိုးရင်း အလုပ်ရှုပ်နေသော ကူလီများထံ ရောက်ရှိလာ၏။

အီစမန်ဟူသော ကုလားက လူငယ်ကိုမြင်လျှင် မျက်နှာကိုမဲ့ပြီး

"ဟေ့ကောင်... ဒီမှာ မင်းအတွက် နေရာ မရှိဘူး"





ဟု ပြောလေရာ မာမွတ်က

"ဟုတ်တယ်၊ ဒီကောင်က ငတိုပဲ၊ ဟိုတစ်ခါ မိန်းမကြီး တစ်ယောက်ရဲ့ ပစ္စည်းတွေ ကူသယ်ပေးရင်း ငွေတွေအလစ်သုတ်မိလို့ ပြန်လျော်ပေးရသေးတယ်လေ"

ဟု ထောက်ခံ၏။ လူငယ်က အီစမန်၏ရှေ့တွင်ရပ်တန့်ကာ

"ကူလီခေါင်း ကိုပေသီးက ပြောဖူးတယ်ဗျ၊ အီစမန်ဆိုတဲ့ ကုလားကို ရေထဲ နှစ်ကြိမ်သုံးကြိမ်လောက် နှစ်ပေးလိုက်ရင် အမြင်မှန်ရသွားလိမ့်မယ်တဲ့၊ စမ်းကြည့်ဦးမှပဲ"

ဟု ပြောကာ ဆတ်ခနဲပင် အီစမန်အား ကုတ်မှကိုင်၍ ရေစပ်သို့ တရွတ်တိုက် ဆွဲခေါ်လေ၏။

အီစမန်သည် ထိုသို့ပြုလုပ်မည်မထင်သောကြောင့် အလစ်အငိုက် ခံလိုက်ရ၏။ သူသည် ရုန်းကန်လှုပ်ရှားရင်းပင် ရေစပ်သို့ ရောက်ရှိလာ၏။

ထိုအခါ လူငယ်က အီစမန်၏ခေါင်းကို ရေထဲသို့ ဖွပ်ခနဲ ဆွဲနှစ်ပြီး အတန်ကြာမှ ဖော်ကာ

"ဘယ်လိုလဲဗျ၊ အမြင်မှန်ရပြီလား"



www.burmeseclassic.com

www.burmeseclassic.com



ဟုမေးမြန်းလိုက်၏။

အီစမန်မှာ ရေမွမ်းသည့်ဒဏ်နှင့် စကားကောင်းစွာ မပြောနိုင်ချေ။ ထိုအခိုက် အလီနှင့်အခြားကုလားနှစ်ယောက် သုံးယောက်က

"ဟော့ကောင်၊ အီစမန်ကို လွှတ်လိုက်စမ်း"

ဟုဟန့်တားလေ၏။ ထိုအခါ လူငယ်က

"အီစမန်လို ရေနှစ်ခံချင်တယ်ဆိုရင် ဆင်းလာခဲ့ကြပေတော့"

ဟုပြောလေရာ ကုလားများ တွန့်ခနဲဖြစ်သွားကြ၏။

လူငယ်က ဆက်၍ အီစမန်၏ခေါင်းကို ရေထဲသို့စိုက်ချလိုက်ပြန်၏။ အီစမန်မှာ ယက်ကန်ယက်ကန်ဖြစ်နေလေ၏။

လူငယ်က ခေါင်းကိုဖော်၍

"ဘယ်လိုလဲ အမြင်မှန်ရပြီလား"

ဟုမေးမြန်းလိုက်ပြန်၏။

အီစမန်သည် ပြာနှမ်း၍ အသံတုန်နေချေပြီ။ လူငယ်ကမူ အီစမန်၏အဖြေကို မစောင့်ဘဲ ရေထဲသို့ ထပ်မံနှစ်မြှုပ်လိုက်ပြန်၏။

အတန်ကြာလျှင် လူငယ်သည် ကမ်းပါးထက်သို့ ပြန်



BURMESE CLASSIC .com



ရောက်လာ၏။ အီစမန်မှာမူ အမြင်မှန်ရသွားရုံထက်ပို၍ ကမ်းစပ်တွင် ပက်လက်လန်ကာ အသက်ကို ဖုတ်လိုက်ဖုတ်လိုက် ရှူနေလေ၏။

ထို့နောက် လူငယ်က ကူလီများကို

"ဒီမှာ အားလုံး နားထောင်ကြပါဗျာ၊ မရှိလို့ လုပ်စားတဲ့လူအချင်းချင်း တစ်ယောက်နဲ့ တစ်ယောက် ချောက်ချ၊ ကောက်ကျစ်တာတွေ၊ ခေါင်းပုံဖြတ်အနိုင်ကျင့်တာတွေကို ရပ်ကြပါတော့၊ ဒီအချိန်ကစပြီး ကျုပ်တို့ တစ်ယောက်ကို တစ်ယောက် ကူညီရိုင်းပင်းပြီး ကူလီအလုပ်ကို ပျော်ပျော်ပါးပါးကြီး လုပ်ကြစို့လားဗျာ၊ ဒီလိုမှ မဟုတ်ရင် အီစမန်လို အမြင်မှန်ရသွားပါလိမ့်မယ်ဆိုတာ ကျုပ် ကြိုပြီးပြောထားပါရစေ"

ထိုအဖြစ်အပျက်များကို ဆိပ်ကမ်း၏ တစ်နေရာမှ ကြည့်ရှုနေသူနှစ်ဦးရှိလေ၏။

တစ်ဦးမှာ နိဗ္ဗာန်ဆော်ကြီးဟူသော လူကြီးဖြစ်ကာ ကျန် တစ်ဦးမှာမူ အရက်ပုန်းဆိုင်ရှင် ဒေါ်မိုးဖြစ်၏။

နိဗ္ဗာန်ဆော်ကြီးက ခေါင်းတဆတ်ဆတ်ညိတ်၍

"သဘာဝကျောင်းတော်ကြီးက ကျောင်းတော်သားတစ်



www.burmeseclassic.com

www.burmeseclassic.com



ယောက်ကိုတော့ သင်တန်းဆင်းပေးလိုက်ပြီ”

ဟုပြောလေရာ ဒေါ်မိုးက ကွမ်းတံသွေးကို ပစ်ခနဲထွေး၍ ပြုံးကာ

“သူ့ဘဝက အခုမှ စရတာလို့ ကျွန်မကို ပြောတယ်”

ဟုဆိုလိုက်၏။

နိဗ္ဗာန်ဆော်ကြီးက မျက်ခုံးနှစ်ဘက်မြင့်တက်သွားပြီး

“သူ့ဘဝက အခုမှစရတာဟုတ်လား၊ အင်း. . ဟုတ်တာပေါ့၊ သူ့ဘဝက အခုမှ စရ တာပဲ၊ ဟုတ်တယ် ဟုတ်တယ်”

ဟုထောက်ခံလေတော့၏။


ဘာမျှမရှိခြင်းဟာ ပြီးပြည့်စုံခြင်းပါပဲ။

မင်းသွေးသစ္စာ

BURMESE CLASSIC .com

www.burmeseclassic.com

www.burmeseclassic.com




BURMESE CLASSIC .com
www.burmeseclassic.com